www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း - ၂၀၀၆ခုနှစ်၊ မေလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - (၅၀၀)ကျပ်
ထုတ်ဝေသူ - ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)
အမှတ်(၃၈)၊မလွှကုန်းလမ်း
ကျောက်မြောင်း၊တာမွေ။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ - ဦးသက်လွင်(၀၀၆၅၁)
သစ္စာမွန်ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊
တာမွေလမ်း၊တာမွေကြီး(က+ဝ)ရပ်ကွက်၊
တာမွေမြို့နယ်၊ရန်ကုန်မြို့။
ကွန်ပျူတာ - ပန်းအိမ်
ဖြန့်ချိရေး - သစ္စာမွန်စာပေ
စာအုပ်ချုပ် - သစ္စာမွန်

၈၉၅.၈၃

ရွှေဘဝင်
ကွန်းခိုရမဲ့နှလုံးသား/ရွှေဘဝင်။-ရန်ကုန်
သစ္စာမွန်စာပေ၊ ၂၀၀၆။
၂၂၂-စာ၊ ၁၂×၁၈ စင်တီ။
(၁)ကွန်းခိုရမဲ့နှလုံးသား။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း၊ ၁၊

"ဘယ်လိုလဲ ကိုကျော်ဇောကျော့မောင် ကျွန်မ လှရဲ့လား"

"ကွာ..."

ဒေါ်မြဂုဏ်တင့်တင့်မှ သူ့ကိုယ်လုံးလေးကို ဦးကျော်ဇောကျော့မောင်ရှေ့တွင် တစ်ပတ်လှည့်ပြလိုက်ပြီး တင်ပါးနှစ်ဖက်ပေါ်အောင် ခါးလေးကိုကော့ကာ လက်ကလေးနှစ်ဖက်ဖြင့် ထောက်ထားရင်း...

"အသက်(၄၀)နီးပါးရှိနေပေမယ့် တင့်တင့်တို့အလှ ယောကျ်ားတစ်ယောက်ကို ဖမ်းစားလို့ရနိုင်ပါသေးတယ်"

ဒေါ်တင့်တင့် ပြောနေလုပ်နေပုံကို ဦးကျော်ဇောကျော့ မောင် နှာခေါင်းရှုံ့ပြီး သောက်လက်စ အရက်ကို ဆက်ပြီးသောက်နေလေသည်။

"ဘယ်လိုတုန်း အိမ်ဦးနတ်ကြီးရဲ့ စကားလေးဘာလေး ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင့်တင့် တင်ပါးဖြင့် တိုက်ပြီးမေးလိုက်တော့မှ…

"မင်းကွာ မရှက်တတ်တော့ဘူးလား"

"ဘာပြောတယ် မရှက်တတ်တော့ဘူးလား‥ ဟား ဟား ဟား"

ဒေါ်မြဂုဏ်တင့်တင့် ခြောက်ကပ်သော ရယ်သံဖြင့် ရယ်နေခြင်းကြောင့် ဦးကျော်ဇောကျော့မောင် ပိုပြီး စိတ်တို သွားလေသည်။

"ဒီစကားလေးကို ထပ်ပြီးပြောပါဦး တင့်တင့် ယောကျ်ား ကြီးရဲ့၊ ကိုယ့်ယောကျ်ားပေါ်မှာ မိန်းမဖြစ်သူက ဘယ် လောက်လှသလဲဆိုတာကို မေးနေတာ ဘာရှက်စရာရှိလို့လဲ၊ ရှင်က အနှစ်(၃၀)လောက် ပေါင်းသင်းခဲ့ရတော့‥အင်းလေ‥‥ နွားအိုကြီးက မြက်နုတွေပဲ စားနေရတော့ မြက်ရင့်ရင့်တွေဆို စားဖို့ သွားမကောင်းတော့ဘူးပေါ့ ဖြစ်ရလေရှင်ရယ်"

"တင့်တင့်…တော်စမ်းကွာ"

ဦးကျော်ဇောကျော့မောင်အရက်ခွက်ကို စားပွဲတွင် ဆောင့်ချပြီး

"အရက်သောက်ရတာ ဇိမ်မတွေ့လိုက်တာ"

"ရှင်က ဘယ်လိုလုပ် ဇိမ်တွေ့မလဲ၊ စားသောက်ဆိုင်မှာ ဟိုပွတ်ဒီပွတ်ပြီး သွားရည်တမြားမြားနဲ့ သောက်တဲ့အရက်ပဲ ဇိမ်တွေ့မှာပေါ့ မဟုတ်ဘူးလား"

"ခွမ်း‥‥"

"တယ်…ဒီမိန်းမတော့ ငါလက်ပါတော့မယ်"

အရက်ခွက်ကို ကြမ်းပြင်တွင် ပေါက်ခွဲလိုက်ပြီး ထရပ်လိုက်သည်။

"ရှင် ကျွန်မ အသားကို ထိရဲရင် ထိကြည့်လိုက် ရှင့်ပုပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို တစ်နိုင်ငံလုံးကြားအောင်အော်ပစ်လိုက်မယ်… တင့်တင့်တို့က သည်းခံရင် သူများထက် သည်းခံတယ်၊ သည်းမခံနိုင်ဘူးဆိုရင် ကိုယ့်အပေါ်ကိုသစ်ရွက်ကျတာတောင် မရဘူး၊ ရှင်ထိကြည့် လိုက်လေ၊ ကိုယ့်ကျတော့ အပြင်မှာ ရှုပ်ချင်တိုင်းရှုပ် ပွေချင်တိုင်း ပွေနေတာ မရှက်တတ်ဘူးပေါ့ ဟုတ်လား"

ဒေါ်မြဂုဏ်တင့်တင့် စကားသံတွေက ဘေးမှ တိုက်ဆိုသို့ လျှံထွက်နေပြီဖြစ်သောကြောင့် ဦးကျော်ဇောကျော့မောင် ဆက်ပြီး သည်းခံ၍မရနိုင်အောင် ဖြစ်သော်လည်း တင့်တင့်ကို လက်ပါဖို့ သူ့မှာ သတ္တိမရှိပေ။

"မင်းက ငါ့ကိုတော့ ပြောနေပြီး၊ မင်းကျတော့ တကယ့် သူတော်ကောင်းမကြီးပေါ့ ဟုတ်လား"

"ကျွန်မက ရှင့်လိုပေါက်ကရ လုပ်နေတဲ့ မိန်းမ မဟုတ်ဘူး"

"မင်းကိုယ်မင်း ပြန်ပြီး မေးကြည့်လိုက်ဦး"

"မေးကြည့်စရာမလိုဘူး၊ တင့်တင့်တို့က အချိန်မရွေး မှတ်ကျောက်အတင်ခံနိုင်တယ်ဆိုတာ ရှင်သဘောပေါက်ထား"

" မင်းသတင်းတွေကို ငါမကြားဘူးများ မှတ်နေလား"

"အံမာ လုပ်စမ်းပါဦး ဘာသတင်းတွေများကြားထားလို့လဲ"

"မင်းနဲ့ ဟိုချာတိတ် စည်သူမောင် သတင်းလေ"

"ဘာရှင့်…ကိုယ့်သားအရွယ်လောက်ရှိတဲ့ သူနဲ့ ရှင်က စွပ်စွပ်စွဲစွဲ"

ဦးကျော်ဇောကျော့မောင်စကားသည် ဒေါ်တင့်တင့်အတွက် အနှာပေါ်သို့ တုတ်ကျသလို ဖြစ်သွားပြီး အသားတွေပင် တဆတ် ဆတ်တုန်



www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။

"ကဲ…ပြောစမ်း… ရှင်က ဘာသဘောနဲ့ ပြောတာလဲ"

"မင်းကွာ"

ဦးကျော်ဇောကျော့မောင် အင်္ကျီကို ဆောင့်ဆွဲလိုက်သောကြောင့် ကြယ်သီးမှာ ပြုတ်ထွက်ပြီး ရင်ဘတ်ဟပြဲ ဖြစ်သွားသည်။

"အေး… ဒီလောက်သိချင်ရင်ပြောမယ်၊ မင်းနဲ့စည်သူမောင် ဆိုတဲ့ ချာတိတ်နဲ့ တွဲသွားတွဲလာလုပ်နေတာကို မြင်တဲ့သူတွေက မြင် တယ်ကွ၊ ငါနားနဲ့မဆန့်အောင်ကြားနေရတာ"

"ဘာ…"

ဦးကျော်ဇောကျော့မောင်သည် ဒေါ်မြဂုဏ်တင့်တင့်၏ နိုင်ကွက် ကိုပြောချလိုက်ပြီး မျက်နှာကို ခပ်တင်းတင်းလုပ် ထားလိုက်သည်။

"ရှင့်ကို ဘယ်ယောက်ဖတွေက ချောက်တွန်းတာလဲ‥ရှင်နော်"

မိဘနှစ်ပါးပြောဆိုနေသော စကားသံ ဆူဆူညံညံတွေက ပန်းမှုံ့ခင်နားထဲသို့ မီးပြင်းစတွေနှင့် ဝင်ရောက်လာ သလိုပင်။

မိဘနှစ်ပါးခုလို အိမ်ထောင်ရေး ဖောက်ပြန်မှုတွေကို ကြားခဲ့ရ သည်မှာ ပန်းမှုံ့ခင်ဘဝတွင် ခုမှမဟုတ်၊ ပန်းမှုံ့ခင်လူမှန်းသိတတ်စ အရွယ် ကတည်းက ကြားနေရသော စကားသံများဖြစ်သည်။

အဖေနှင့်အမေ၏ ခုလို မသတီစရာစကားတွေ ကြားနေရသော ပန်းမှုံ့ခင်အတွက် ဤလောကကြီးတွင် လူတွေ အားလုံး ဖောက် ပြန်ရေးသမားတွေပဲ ရှိနေသလားလို့တောင် ထင်မှတ်မိသည်။

အဖေနှင့်အမေတို့ ခုလို တစ်ယောက်ကို တစ်ယောက် နား မခံ နိုင်အောင်ပြောဆိုပြီး ကွဲကြပြဲကြတာမျိုးတော့ မရှိခဲ့၊ ဒီနေ့ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မနက်ရောက်သည်နှင့် သူတို့နှစ်ယောက် ဘာမှ မဖြစ်သလိုပဲ နေတတ်ကြ၏။

အရှက်ရသူက ပန်းမှုံခင်....

ကျောင်းသွားသောအခါ သူငယ်ချင်းတွေက မေးသည့် အခါမျိုး၊ ဈေးမှာ ဟင်းချက်စရာတွေ သွားဝယ်သည့်အခါ ပတ်ဝန်းကျင်ကမေးသောအခါ ပန်းမှုံခင်ပြောနေကျစကားကတော့ ဒီလိုပါပဲ ဆိုတာတစ်ခု...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း၊ ၂၊

"မိမ့်… မိမ့်"

အိမ်အပေါ်ထပ် အခန်းဝဆီမှ ဒေါ်မြဂုဏ်တင့်တင့် အပေါ် အင်္ကျီမပါဘဲ ကိုယ်ကို တဘက်ဖြင့် မလုံ့တလုံပတ်ပြီး ဒေါသတကြီး နှင့် ခေါ်နေလေသည်။

"နားတွေများပင်းနေသလား မသိ၊ ခေါ်တဲ့သူတောင် လိပ်ခေါင်း ထွက်တော့မယ်၊ ဟော့…မိမ့်"

"ရှင်…မေမေ"

"မေမေဆိုတာကို ထားခဲ့ပြီး လူအရင်ဒီကိုလာစမ်း…ဟွန်း"

ပန်းမှုံ့ခင် နောက်ဖေး မီးဖိုချောင်ထဲတွင် လှီးလက်စ ကြက်သွန်ကို ရပ်ပြီး အပေါ်ထပ်အခန်းသို့ ပြေးတက်လာခဲ့သည်။

အခန်းထဲရောက်တော့ ဒေါ်မြဂုဏ်တင့်တင့်မှာ အပေါ် ဇလာ ကျင်းနှင့် ကြိုးပျောက်ဇလာစီယာကို ဝတ်နေသည်ကို မြင်နေသော ကြောင့် အမေဖြစ်သူကို ကြည့်ပြီး ရှက်သလို တောင်ဖြစ်သွားသည်။

အမေ့အသက်အရွယ်နှင့်ထိုသို့ဝတ်စားဆင်ယင်မှုမှာ မသင့် လျော် သော ကိစ္စများဖြစ်သည်။ အမေဖြစ်သူနှင့် သမီး ကြားမှာ ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ခွင့်မရှိ.....

"ဘာခိုင်းမလို့လဲ မေမေ"

"ငါ့နောက်ကျောက ချိတ်ကိုတပ်ပေးစမ်း"

"ဟုတ်ကဲ့"

ဒေါ်မြဂုဏ်တင့်တင့် ဝတ်ထားသော အင်္ကျီက ရင်သားမလုံ တလုံ...

"အမေ"

"ဘာလဲအေ ပြောစရာရှိတာ နောက်မှပြော၊သွားဖို့ အချိန်က နီးနေပြီ"

ပန်းမှုံခင်ပြောရမည့်စကားတောင်ရှာမတွေ့တော့....

ပန်းမှုံခင်ပြောချင်သည့်စကားက...

အမေရယ် ဒီလိုအဝတ်အစားတွေမဝတ်ပါနဲ့လား၊ အမေ့အသက် အရွယ်နဲ့ မသင့်လျော်ပါဘူး...ဟုပြောရန် ကြံစည်ပေမယ့်...

"ဘာမှမဟုတ်တော့ပါဘူး"

"ဘာမှမဟုတ်တာ အသာထား၊ ညနေငါအပြန် မိုးချုပ်မယ်၊ ညစာကို ချန်မထားနဲ့ကြားလား"

"ဟုတ်ကဲ့ အဖေရောလား"

"ဒင်းကတော့ မသိဘူး"

အဖေနှင့်အမေကြားမှာ ပန်းမှုံခင် နားမလည်နိုင်သော ပုစ္ဆာများပင်မဟုတ်လား၊ အဖေကို အမေနှင့် ပတ်သက်ပြီး မေးခဲ့လျှင် လည်း ဒီအတိုင်းပဲဖြေမည်သာ..

ဒေါ်မြဂုဏ်တင့်တင့်ကတော့ ကိုယ်လုံးပေါ်မှန်ရှေ့တွင် ရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက် နောက်ကိုကြည့်လိုက်နှင့် စိတ်တိုင်းကျ ကြည့် ပြီးမှ····

"တင့်တင့်လှတာကို နှင့်အဖေက မျက်လုံးကန်းနေတာ နောက်တော့မှ ဒင်းနောင်တရနေမှာ··ဟား···ဟား···"

ပြင်သစ်ရေမွှေးကို ကိုယ်တွင်ဆွတ်ပြီး ချထားသော အိတ်ကိုလွယ်ပြီးထွက်ခဲ့ရင်း···

"မိမို့···"

"ရှင်···"

"ငါ့ဆီကို ဘယ်ကပဲ ဖုန်းလာလာ ခရီးထွက်သွားတယ် လို့ပြော၊ သြော်···သြော်···ဒီလိုမပြောနဲ့ တရားစခန်းသွားနေ တယ်လို့ပြောလိုက်ကြားလား"

"ဟုတ်ကဲ့"

မိဘ၏ မှသားကို သမီးဖြစ်သူက ဆက်ပြီးခံရမည့် အမွေတွေပါလား···

"အလဲ့ ငါ့အိမ်ရှင်မကြီးက တယ်ပြီး ခေတ်မီနေပါလား"

ဧည့်ခန်းတွင် သတင်းစာဖတ်နေရင်း ဇနီးဖြစ်သူ၏ ကြော့ရှင်းနေသော အလှကို ကြည့်ပြီး ခပ်မြူးမြူးလေး ပြောလိုက်မိသည်။

"ဘာလဲ ရှင် မျက်လုံးကောင်းသွားပြီလား"

"ငါ့မျက်လုံးကောင်းတာမှ ပြောမနေနဲ့၊ ဟဲ··ဟဲ···ဒါပေမယ့် အသက်(၄၀)ကျော်ဝန်းကျင် မိန်းမတွေနဲ့ ပတ်သက်ပြီး မျက်လုံးကဝိုးတဝါးပဲကွ···ဟား ဟား···"

"ဒါဆိုရင်တော့ ရှင့်မျက်လုံးကို မျက်လုံးအထူးကုနဲ့ပြဖို့ ကောင်းနေပြီ၊ တွေ့တယ်မဟုတ်လား တင့်တင့်တို့ လှဂုဏ်တွေလေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇောကျော့မောင်ရှေ့တွင် တင်းကျပ်နေသော ကိုယ်လေးကို လှုပ်ပြီး ရင်သားတွေကို လှုပ်ခါပြကာ ကျောပေးပြီးထွက်လာခဲ့သည်။

"နေဦး…တင့်တင့်"

"ရှင်က မနာလိုစိတ်ကလေး ဝင်သွားပြီလား"

"ထပ်··ဝေးရော···ငါမင်းကားနဲ့ ကပ်လိုက်မလို့"

"ဘာရယ်…ကျွန်မကားနဲ့ ကပ်လိုက်မလို့၊ စိတ်မကောင်းပါဘူး ကိုကျော်ဇောကျော့မောင်၊ မတင်ချင်လို့မဟုတ်ဘူး၊ ကျွန်မရဲ့ ဒီစတိုင်နဲ့ ရှင်လိုပုံကြမ်းကြမ်းကြီးကိုတွဲပြီးမသွားနိုင်လို့ပါ··တာ··တာ"

"မင်း…ပြောထားနှင့်ဦးပေါ့ကွာ"

ဦးကျော်ဇောကျော့မောင် လက်မှ သတင်းစာကို ဆုပ်ကိုင်ပြီး ပစ်ချလိုက်လေသည်။

"ဟူး…"

ပန်းမွှံခင်မိဘနှစ်ပါး၏ မြင်ကွင်းကို ကြည့်ပြီး စိတ်မသက်မသာ လှပေ။ အိမ်တွင် မေတ္တာတရားတွေ သံယောဇဉ်တွေ ကြင်နာမှုတွေ ဆိုသည်မှာ ဘယ်ဆီကိုများ ရောက်ခဲ့ကြပြီ လဲမသိ…

"သမီးမွှံ ဘာတွေများစဉ်းစားနေတာလဲ"

"ဩော်…ကြီးကြီးညို"

ကြီးကြီးညိုဆိုသည်မှာ ပန်းမွှံခင်ကို မွေးကင်းစကတည်းကခုချိန်ထိ ကျွေးမွေးစောင့်ရှောက်ခဲ့သူတစ်ဦး…

ဦးကျော်ဇောကျော့မောင်နှင့် ဒေါ်မြဂုဏ်တင့်တင့်တို့မှာ ပန်းမွှံခင်၏ အမည်ခံမိဘတွေလိုပင် ပန်းမွှံခင်အပေါ်မှာ ကြင်နာမှု ယုယမှုဆိုသည်မှာ ကင်းဝေးလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းမှုံခင်တစ်ခါတစ်ခါတွေးမိသည်။

သူသည် ဦးကျော်ဇောကျော့မောင်၊ ဒေါ်မြဂုဏ်တင့်တင့်တို့၏ သမီးမှ ဟုတ်ရဲ့လား…

"ကြီးမေသမီးလေး…စိတ်ထဲမှာ ခံစားနေရတယ် ထင် တယ်"

ပန်းမှုံခင်မျက်နှာလေးကို ကြီးကြီးညိုကြည့်ပြီး ပြောလိုက်ခြင်းမှာ အိမ်ရှေ့တွင် ပြောနေကြသောဦးကျော်ဇောကျော့မောင်နှင့် ဒေါ်မြဂုဏ်တင့်တင့်တို့၏ မြင်ကွင်းကို ကြီးကြီးညိုကိုယ်တိုင် မြင်လိုက်ရခြင်း ကြောင့်ဖြစ်သည်။

"ကြီးကြီးမေရယ် သမီးတစ်ခါတစ်ခါ လူ့လောကကြီးဟာ ဘာမှ အဓိပ္ပာယ်မရှိတော့ဘူးလို့တောင် ထင်မိတယ်သိလား"

"သမီးလေး ရင်ထဲမှာ ဘာတွေဖြစ်နေသလဲ ဆိုတာ ကြီးမေ ခံစားမိပါတယ်၊ ဒါပေမယ့် ကလေးရယ် လူဆိုတာ ကိုယ့်ကိုယ်ကိုယုံကြည်ဖို့က အရေးကြီးတယ်၊ သားသမီးကြောင့် မိဘတွေ စိတ်ဆင်းရဲတာရှိသလို မိဘတွေကြောင့် သားသမီးတွေ စိတ်ဆင်းရဲရတာလည်း ရှိတာပဲ"

"ကြီးမေ ဖေဖေနဲ့မေမေဘယ်သူမှားနေလဲ"

ပန်းမှုံခင်မေးလိုက်သော စကားကို ကြီးကြီးညို တစ်ယောက် အားပါတရ ပြုံးလိုက်ပြီး….

"နှစ်ယောက်လုံးမှားနေကြတာ"

"ရှင်…."

"သမီးလေး ဒီအဖြေကိုသိချင်နေလို့လား"

"သိချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မသိချင်ပါနဲ့ သမီးလေးရယ်၊ ဘာဖြစ်လို့လည်းဆိုတော့ သမီး သိရင် ခုထက်ပိုပြီး စိတ်ခံစားမှုတွေ များလာမယ်"

ကြီးကြီးညို…ပန်းမှုံခင် လက်မောင်းလေးကို ကိုင်ကာ နောက် ဖေးမီးဖိုချောင်ထဲသို့ ခေါ်လာခဲ့တော့သည်။

ပန်းမှုံခင်ရင်ထဲမှာတော့ အဖေနှင့်အမေ၏ မှားယွင်းမှုတွေကို စိတ်ဝင်စားနေတာတွေ ရင်ထဲမှာအပြည့်…. ကြီးကြီးမေမှ မီးဖိုပေါ်က ဟင်းအိုးကို အောက်သို့ချရင်း…

"အိမ်ထောင်တစ်ခု မိသားစုတစ်ခုမှာ အိမ်ထောင်ရေး ဖောက် ပြန်မှုဟာ အိမ်ထောင်တစ်ခုကို ပျက်စီးစေတဲ့ အဓိက အကြောင်းရင်း တစ်ခုပဲ"

ကြီးကြီးညိုစကားမှာ မှန်ပေမယ့် ပန်းမှုံခင် ဖေဖေနှင့် မေမေကျ တော့ အိမ်ထောင်ရေးက မပြိုကွဲခဲ့…

"ဖေဖေတို့ မေမေတို့ကျတော့ အိမ်ထောင်ရေး မပြိုကွဲဘူးနော်"

"အဲဒါဘာကြောင့်လဲဆိုတော့ သူတို့နှစ်ယောက်လုံး ဖောက်ပြန်နေ ကြလို့"



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၃ ၊

"ရှင်က ကျွန်မဆီကိုလာတာ ရှင့်အိမ်က မယ်မဒီကြီး ကိုပိုင်လို့လား"

စီစီသော်သိမ်းက အပေါ်မှာ ထပ်ပြီးဝတ်ထားသောအင်္ကျီကို ချွတ်ပြီး ဇာအင်္ကျီလက်ပြတ်လေးနှင့် ဦးကျော်ဇောကျော့မောင် ဘေးတွင် ဝင်ထိုင်ပြီး စီးကရက်ကို မီးညှိလိုက်သည်။

"ကျော့မောင်တို့ ဘဝမှာ မပိုင်တာ ဘာမှမရှိဘူး"

"အလဲ့ စကားသံက တယ်အားကောင်းနေပါလား"

ဦးကျော်ဇောကျော့မောင် မျက်နှာကို သေသေချာချာ ကြည့်ပြီး ပြောလိုက်စဉ် ဦးကျော်ဇောကျော့မောင် မျက်လုံးတွေက စီစီသော်သိမ်း၏ ဇာအင်္ကျီပါးပါးပေါ်တွင် ရစ်ဝဲနေလျက်...

စီစီသော်သိမ်းဆိုသည်မှာ ဒေါ်မြဂုဏ်တင့်တင်နှင့် အသက် အရွယ်က သိပ်ပြီးမကွာသော အသက်အရွယ်ပင်၊ စီစီသော်သိမ်း သဘာ ကတော့ ဒေါ်မြဂုဏ်တင့်တင့်ထက် မျက်နှာ ကိုယ်လုံးကိုယ်ပေါက်က



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ အသက်(၂၀)ဝန်းကျင်မိန်းကလေးများနှင့် ယှဉ်လို့ရသော ခန္ဓာကိုယ် အချိုးအဆစ်တွေက ဒေါ်မြဂုဏ်တင့်တင့်လိုက်မမှီ ပို၍လိုက်မမှီတာက စီစီသော်သိမ်းက ယောကျ်ားတစ်ယောက် အပေါ်မှာ ယုယမှုပင်၊ ဒါကြောင့်လည်း ဦးကျော်ဇောကျော့မောင် တစ်ယောက် ရုန်းမထွက်နိုင်အောင် ဖြစ်နေရလေသည်။

"ရှင်နဲ့ကျွန်မ ရေရှည်ဆက်ဆံရေးကို ရှင့်ဘက်က အလေးထားတယ်ဆိုရင်တော့ ရှင်တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့လိုနေပြီဆိုတာတော့ ရှင်လည်း သဘောပေါက်ဖို့လိုတယ်"

"စီစီရယ် မင်းနဲ့ကိုယ့်ကြားမှာ ဒါတွေပြောဖို့လိုသေးလို့လားကွာ"

"ပြောရမှာပေါ့ရှင်၊ ကျွန်မက ခုတလော ငွေကလိုနေပြီလေ၊ ဒီငှားထားတဲ့အိမ်က ပြန်ပြီးအပ်ရတော့မှာ၊ နောက်အိမ် အတွက်ငွေလိုတယ်"

လက်မနှင့် လက်ညှိုးကလေးကို ဝိုင်းပြလိုက်ရင်း စီးကရက်ကိုဆေးလိပ်ခွက်မှာထိုးချေလိုက်သည်။

"စီစီ ငွေဘယ်လောက်လိုလဲ ပြော"

"ငွေဘယ်လောက်ဆိုတာတော့ မပြောနဲ့၊ စီစီလိုချင်တဲ့ငွေအရေအတွက်ကို ပြောရရင် ရှင် မျက်ရည်ပေါက်ပေါက်ကျသွားမယ် အိမ်အတွက် ဘယ်လောက်လိုလဲ ဆိုတာကိုပဲ မေး"

"စီစီ ပြောသလိုပဲပေါ့"

"ငွေ(၁၀)သိန်းလောက်လိုအပ်တယ်"

"(၁၀)သိန်း..."



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇောကျော့မောင် နည်းနည်းတော့ အင်တင်တင် ဖြစ်သွားသည်။ ငွေ(၁၀)သိန်းကို ခုကာလမှာ အလွယ်တကူ ပေးနိုင်ဖို့က သိပ်ပြီးမလွယ်....

အိမ်မှာဦးကျော်ဇောကျော့မောင်၏ စီးပွားရေးက ဘာမှ မရှိသလော့က်ပင်ဖြစ်နေလေပြီ မဟုတ်လား။ ကုမ္ပဏီမှာ ရှယ်ယာ ထည့်ထားသည့် ငွေတွေရှိပေမယ့် ဦးကျော်ဇောကျော့မောင် တစ်ယောက်တည်းပိုင်တာမဟုတ်၊ ဒေါ်မြဂုဏ်တင့်တင့် လည်း သက်ဆိုင်သောငွေ...

"ဘယ်လိုလဲ တော်တော်လေး ခေါင်းကိုက်သွားပြီလား၊ ရှင့်ဆီက အဆင်မပြေမှန်းသိပါတယ်၊ ဒါအတွက် စီစီ မပူပါဘူး၊ ဂဏန်းခြောက်လုံးကို နှိပ်လိုက်တာနဲ့ အဆင်ပြေနိုင်ပါတယ် ဦးကျော်ဇောကျော့မောင်"

စီစီသော်သိမ့် ထိုင်နေရာမှ ထသွားပြီး တယ်လီဖုန်းဆီသို့ မသွားခင် ဦးကျော်ဇောကျော့မောင် ဘက်လှည့်ကာ..

"ရှင့်ဘက်ကအဆင်မပြေဘူးဆိုရင် အဆင်ပြေတဲ့ဘက်ဆီကို ဖုန်းဆက်ရမှာပဲ"

"စီစီ နေဦး"

နှုတ်ခမ်းတွင် ခြောက်ကပ်ကပ်ဖြစ်နေတဲ့ နှုတ်ခမ်းနီလေးကို စီစီသော်သိမ့်လက်မလေးနှင့်သပ်ပြီး ရပ်နေလိုက်မှ ဦးကျော်ဇောကျော့မောင် အနားသို့ ရောက်လာပြီး....

"မင်းအတွက် မနက်ဖြန် မွန်းမလွဲစေရဘူး"

"သိပ်များ ခက်ခဲနေမလားရှင်"

"မင်းအတွက် ခုဝံကြယ်ကို ယူပေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇောကျော့မောင်စကားကို အားပါးတရ ရယ်မောရင်း

"ရှင်က ငယ်မူတောင်ပြန်တတ်နေပြီကိုး"

"အချစ်ဟာ ထာဝရနုပျိုခြင်းဆိုတဲ့ စကားလေးကို မင်း မကြားဘူးလို့ဖြစ်မှာပါ"

"စီစီအတွက် အချစ်ထက် ငွေကပိုပြီးနုပျိုနေတယ်လေ၊ ရှင်အိုက်နေရောပေါ့"

လည်ကတုံးအဖြူပေါ်တွင် ထပ်ပြီးဝတ်ထားသော တိုက်ပုံ အင်္ကျီလေးကို ချွတ်လိုက်ပြီး ဆိုဖာပေါ်သို့ ပစ်တင်လိုက်သည်။

"ရှင်ကြိုက်တဲ့ ဘရန်ဒီတစ်လုံးတောင် ကျွန်မ သိမ်းထားပေးတယ် သောက်လိုက်ပါဦး"

"ဒါကြောင့် အိမ်ကဟာမကြီးနဲ့ ကွာနေတာ"

"ရှင်တို့ ယောကျ်ားတွေက ဒီလိုပဲ ပြောတတ်ကြပါတယ်"

စီစီသော်သိမ့် နောက်ဖေးခန်းစည်းလေးကို ဖယ်ပြီး အထဲ သို့ဝင်ကာ ပြန်ထွက်လာတော့ ဘရန်ဒီအရက်တစ်လုံးနှင့် ဖန်ခွက်ကလေး ကိုင်လို့...

ဦးကျော်ဇောကျော့မောင် ရှေ့စားပွဲတွင်ချပေးကာ

"ခဏ ရေခဲနဲ့ အမြည်းစီစဉ်လိုက်ဦးမယ်"

"ဒါကြောင့် မင်းကိုချစ်နေရတာ"

"သေချာရဲ့လားရှင်"

"သိပ်ပြီးသေချာတယ် စီစီနဲ့တွေ့တဲ့အချိန်တွေ ကိုယ့်နှလုံးသားကို ...ပြီး နူးညံ့သွားသလိုပဲ"

"ရှင့်အိမ်က အိမ်ရှင်မကြီးနဲ့ တွေ့ရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အကြောင်းတော့ မပြောနဲ့. နာမည်ကြားရတာနဲ့ အမောဆို့တယ်"

"ရှင်တို့ယောကျာ်းတွေရဲ့ လက်သုံးစကားတွေပဲ မဟုတ်လား"

"စီစီကို ကိုယ်ချစ်တာပါ"

"ကဲပါလေ.... ကျွန်မယုံလိုက်ပါ့မယ်..သောက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း။ ၄။

"ကြီးကြီးမေ"

အိမ်က ထွက်လာစဉ်ကတော့ ကြီးကြီးမေအကောင်း လမ်းပေါ် ရောက်မှ ခုလိုရုတ်တရက်ဖြစ်ပေါ်လာသည့် ကိစ္စပင်…

ကြီးကြီးမေ သွေးတိုးရောဂါရှိတာသိပေမဲ့ ချက်ချင်းကြီး ထဖြစ် တတ်သည်ကို မတွက်ဆတတ်သောကြောင့် ပန်းမှုံခင် ဘာလုပ်ရ မှန်းမသိ‥။

ကြီးကြီးမေမှာတော့ ခေါက်တိုင်လေးကို မှီပြီး ထိုင်ချလိုက် တော့သည်။

ပန်းမှုံခင်ဘေးကို အကူအညီတောင်းရန်လည်း သူတို့ နေသော ရပ်ကွက်က ဆင်ခြေဖုံးရပ်ကွက်လိုမဟုတ်၊ အပြင်တွင် လူတွေ့ရတာ ရှားပါးသည်။ ခုလိုချိန်မှာ အိမ်မှာရှိသူက ရှားပါးလှသောအချိန်၊ မနက် မိုးလင်းသည်နှင့် ကုမ္ပဏီတွေ ရုံးတွေကျောင်းတွေကို သွားကြပြီ…။

"ကြီးကြီးမေ ကြီးကြီးမေ…"

ကြီးကြီးမေထံမှ စကားသံပြန်ပြီး မကြားရလေလေ ပန်းမှုံခင် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေရ၏။

အိမ်မှဈေးဝယ်ထွက်တာကို ကားစီးခွင့်မရှိ၊ ဈေးနှင့် အိမ်ဝေ



www.burmeseclassic.com

www.burmeseclassic.com



နီးနီးလေးမဟုတ် အသွားအပြန် တစ်နာရီလောက် လမ်းလျှောက်မှ ရောက်သည်။

ဖေဖေနှင့်မေမေတို့က အိမ်ဈေးဖိုးသာ ပေးခဲ့ပြီး သူတို့ စားချင်သည်များကို တသီတတန်းကြီးမှာမည်၊ ဘယ်လောက်ကျသည် ဘယ်လောက်ကုန်သည်ဆိုသည်ကိုတော့မမေး…။

ပန်းမှုံခင် ဖေဖေနှင့်မေမေ မေးသည်ဖြစ်စေ၊ မမေးသည် ဖြစ်စေ စာရင်းလုပ်ထားသည်။

ပန်းမှုံခင်စိတ်ညစ်ရသည့် ကိစ္စတွေထဲမှာ ဖေဖေက ဖြစ်စေ မေမေကဖြစ်စေ အိမ်တွင်ပါတီတစ်ခုခုလုပ်တော့မည်ဆို ဝယ်ခြမ်းရသည့် ကိစ္စ….။

ခုလည်း…ညတွင် ပါတီပွဲကျင်းပရန် ဈေးဝယ်နိုင်းရာမှ ခုလိုဒုက္ခတွေ့ရခြင်းဖြစ်သည်။

ကြီးကြီးမေ မျက်နှာတွင် ချွေးစေးများထွက်လာပြီး….

"မှုံး….မှုံးလိုက်တာ သမီးရယ်"

အရွယ်က ဇရာပိုင်းကို ရောက်နေပြီဖြစ်သော ကြီးကြီးမေ မျက်နှာလေးတွင် ပါးရေများက တွန့်နေပြီဖြစ်သော မျက်နှာလေးပေါ်မှ ချွေးကလေးများကို သုတ်ပေးရင်း ပန်းမှုံခင်စိတ်ထဲတွင် မကောင်း…

ကြီးကြီးမေသည် ပန်းမှုံခင်ကို မမွေးရုံတမယ် ငယ်စဉ်ကတည်းက ပန်းမှုံခင်၏ ချေးပါ သေးပေါက် နို့တိုက် ကိစ္စတွေကို ကြီးကြီးမေ ပဲလုပ်ကိုင်ပေးခဲ့ရသည်။ မေမေကတော့ နို့ထွက် မကောင်းလို့ဆိုပြီး နို့မတိုက်ခဲ့ မိခင်နို့ဖြင့် မကြီးပြင်းခဲ့ရသော ပန်းမှုံခင်ဘဝမှာ မိခင်ဖခင်၏ မေတ္တာတရားလည်းသိပ်ပြီးမရခဲ့သည့် လူတစ်ယောက်လို့…



www.burmeseclassic.com

www.burmeseclassic.com



အဝေးတွင်လှမ်းပြီးမြင်ရသော မြင်ကွင်းကြောင့် ဒုက္ခရောက်နေသော အမျိုးသမီးကြီး တစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦး ဆိုသည်ကို နေကမ္ဘာစိုး သဘောပေါက်လိုက်ပြီး ကားကို သူတို့နှစ် ယောက်ဘေးတွင် ထိုးရပ်လိုက်သည်နှင့် မျက်တောင်ကော့ကော့ မျက်ဝန်းနက်နက်ကလေး နှာတံသွယ်သွယ် နှုတ်ခမ်းပါးပါးလေးထံမှ အသနားခံနေသောမျက်နှာလေးကို စတင်ပြီး တွေ့လိုက်ရ သည်။

"ကျုပ်…ဘာအကူအညီပေးရမလဲ"

"ဟို ဟို ပန်းမှုံ့တို့ကို ဆေးရုံပို့ပေးပါ….ကြီးကြီးမေ သွေးတွေတက်ပြီးမူးနေလို့"

နေကမ္ဘာစိုးထက် အသက်အားဖြင့် ငယ်မည့်ပုံ…

ချမ်းသာသော ရပ်ကွက်ထဲမှ ထွက်လာသော သူတွေဖြစ်ပေမယ့် ပုံသဏ္ဌာန်တွေက ချမ်းသာသူတွေနှင့် မတူ….

"ကားပေါ်တက်လေ…"

"ဟုတ်ကဲ့"

ကြီးကြီးမေကို ကားပေါ်ဆွဲတင်ပြီး ကားပေါ်သို့ ရောက်သည်နှင့်

"ရော့…မင်းအမေကို ဒါလေးအရင်ရှူခိုင်းထား"

ကားမောင်းသည့် လူကြီးက ပန်းမှုံ့ခင်နှင့် ကြီးကြီးမေကို သားအမိထင်ကာ ရှူဆေးဘူးလေးကို လှမ်းပေးသည်။

ပန်းမှုံ့ခင်ရှင်းပြနေဖို့မလိုသည့် ကိစ္စဖြစ်သောကြောင့် လှမ်းပေးသည့် ရှူဆေးဘူးကို ယူပြီး ကြီးကြီးမေကို ရှူခိုင်းလိုက်သည်။

ကြီးကြီးမေမှာ ပန်းမှုံ့ခင်ကို ခေါင်းလေးမှီပြီး ရှူဆေးလေးကို ရှူကာလိုက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရာသီက နေကပြင်းတယ် အသက်ကြီးတဲ့သူတွေ အပြင်ထွက်ဖို့ မကောင်းဘူး သွေးတိုးရှိလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"ပိုပြီးတော့တောင် ဂရုစိုက်သင့်တယ်"

မျက်ခုံးနက်နက်ပေါ်မှာ ကိုင်းပျောက်ပါဝါမျက်မှန်လေးကို တပ်ထားသော လူကြီး၏ မျက်နှာအသွင်အပြင်ဟာ တည်ကြည်ပြီး ငြိမ်သက်နေသော မျက်လုံးပိုင်ရှင် ထိုလူကြီး စကားသံထွက်ပေါ်နေသော နှုတ်ခမ်းမှာလည်း မပွင့်တပွင့်လေး ပြောနေခြင်းမှာ နားစိုက်သူအတွက် ချိုမြိန်သော စကားသံလေးများပင်ဖြစ်နေသလို...

ကားစီယာတိုင်ပေါ်မှ ထိုလူကြီး၏ လက်ချောင်းကလေးများကို ကြည့်မိတော့ ယောကျ်ားလေးတစ်ယောက် ဆိုပေမယ့် မိန်းကလေးလက်ချောင်းများ မယှဉ်နိုင်သော လက်ချောင်းကလေးများပင်ဖြစ်သည်။

ပန်းမှုံခင်ဘယ်ဆေးရုံသွားမည်ဆိုသည်ကို မပြောပေမဲ့ ထိုလူကြီးက အထူးကုဆေးရုံတစ်ခုထဲသို့ ကားမောင်းဝင်လိုက်သည်။

အဲဒါမှအခက် ပန်းမှုံခင်တွင်ပါလာသော ပိုက်ဆံက အထူးကုဆေးရုံတွင် ဆေးကုသဖို့ မဟုတ်ဘဲ ညနေတွင် ပါတီပွဲအတွက် ဝယ်ရမည့်ပိုက်ဆံ။ ဒီအခြေအနေရောက်မှတော့ ကြီးကြီးမေ အသက်ကို ငွေကြေးနှမြောလို့မရတော့ပေ။ ပန်းမှုံခင် လည်ပင်း တွင်ရှိနေသော ဆွဲကြိုးမျှင်မျှင်လေးကို ရောင်းချပြီး ဈေးဖိုးကို ပြန်ဖြည့်ရုံပဲရှိတော့၏။

အရေးပေါ်ဌာနမှ ကြီးကြီးမေကို တွန်းလှည်းပေါ်သို့တင် ဆောင်ပြီး ခေါ်သွားသည့် နောက်ကို လိုက်ခဲ့ရင်း စမ်းသပ်ခန်း အပြင်တွင်ရပ်ပြီး စောင့်နေလိုက်သည်။ အဲ...ခုမှ ပန်းမှုံခင် သတိရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းမွှံခင်တို့ကို လိုက်ပို့ပေးသော ကျေးဇူးရှင်ကို နှုတ်တောင်မဆက်ဘဲ ကြီးကြီးမေ ဖော့ဖြင့် ထွက်လာခဲ့သည်။

အားနာလိုက်တာ နောင်တစ်ခါပြန်ဆုံတဲ့အခါမှ သေသေ ချာချာ တောင်းပန်ပြီး ကျေးဇူးတင်စကားပြောမည်ဟု ဆုံးဖြတ် လိုက်သည်။

"ကျေးဇူးတင်လိုက်တာ လူကြီးရယ်"

လူကြီးရယ်လို့ ခေါ်ရတာလည်း ပန်းမွှံခင်ထက်အသက်ကြီးမည်ထင်၍…။

ဆေးရုံအတွင်းသို့မျက်လုံးဝေ့ကြည့်တော့ ရွှေရောင် တဝင်းဝင်းနဲ့ ပိုက်ဆံအိတ်ကြီးတွေကို ကိုင်ပြီး လာနေကြသူတွေ ပြန်နေကြသူတွေ…

ဆေးရုံရှေ့သို့ လှမ်းပြီး ကြည့်လိုက်လျှင် သိန်းရာချီ ထောင်ချီ ကားတွေကို မြင်ပြီး အားငယ်သလိုဖြစ်သွားမိသည်။

ပန်းမွှံခင်လည်း သူဌေးသမီးတစ်ဦးပါ ဖေဖေဦးကျော်ဇော ကျော့မောင်ဆိုလျှင် ကုမ္ပဏီတစ်ခုတွင် ရှယ်ယာဝင်တစ်ဦး၊ မေမေ ဒေါ်မြဂုဏ်တင့်တင့်ဆိုလျှင်လည်း စိန်လောကတွင် နာမည်တစ်လုံးနှင့် နေသူ၊ အိမ်ဆိုလျှင် သိန်းထောင်ချီပြီး ကိုယ် ပိုင်ကား(၂)စီးနှင့် နေခဲ့သူ။ ဒါပေမဲ့ ယခုပန်းမွှံခင်ဘဝကတော့ သူဌေးအိမ်က အလုပ် သမားတစ်ယောက်ဘဝသာသာ…

"မင်းအမေကို ခေါ်သွားလို့ရပါပြီ"

"ဟယ်တော့…"

ကြီးကြီးမေ လက်မောင်းလေးကို ကိုင်ပြီးစမ်းသပ်ခန်းထဲမှ ထွက်လာသော လူကြီးကို ပန်းမွှံခင်တွေ့လိုက်တော့ ဘာပြောရမှန်း မသိအောင် အံ့သြခဲ့ရသည်။ ထိုလူကြီးသည် နားကြပ်ကို လည်ပင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ချိတ်၍အဖြူရောင်ဆရာဝန်ကုတ်အင်္ကျီနဲ့လေ

"ဆေးဖိုးဘယ်လောက်ကျလဲ ဒေါက်တာ"

ကောင်မလေးက ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံတွေကို နှိုက်ယူ ရန် ပြင်တော့ ကောင်မလေးငွေတွေဟာ သူ မပိုင်သော ငွေတွေဆို တာကို နေကမ္ဘာစိုးသိနေသလိုပင်။ အိမ်ရှင်က တစ်ခုခုဝယ်နိုင်း လိုက်သည် ပင်ဖြစ်မည်။ နေကမ္ဘာစိုးကား မျှော်ကြည့်မှန်ထဲမှာ ကောင်မလေးကို ကြည့်မိတော့ သူ့လည်ပင်းကဆွဲကြိုးလေးကို အကြိမ်ကြိမ်ကိုင်နေ သည်ကို မြင်ရသောကြောင့် ဆွဲကြိုးလေးကို ရောင်းချရန် ကြံစည် သလား ပေါင်ဖို့ ကြံစည်နေသလားဆိုသည် ကို တွေးမိလိုက်သည်။

"ကျုပ်က စေတနာနဲ့ကုပေးလိုက်တာပါ"

"ရှင်..."

လူကြီး၏စကားကို ကြားလိုက်ရတော့ ကြီးကြီးမေ ပါးစပ် လေးဟပြီး မျက်ရည်တောင်ဝဲနေမိသည်။

ကြီးကြီးမေအတွက် ပန်းမှုံ့ခင်ထုတ်ပေးသည့် ပိုက်ဆံများမှာ ဈေးဝယ်ရန်ဆိုသည်ကို ကြီးမေသိနေသဖြင့်....

"ကျေးဇူးတင်လိုက်တာကွယ်"

"ရပါတယ် အန်တီ...၊ ကျွန်တော်ပေးတဲ့ ဆေးတွေကို မှန်မှန် လေးသောက်"

"သာဓုပါကွယ်၊ လူလေး ဘုန်းကြီးလို့အသက်ရှည်ပါစေ မိဘ နှစ်ပါးနဲ့ ဥမကွဲသိုက်မပျက်နေနိုင်ပါစေ..."

ပန်းမှုံ့ခင် နှုတ်ဖျားမှ ထိုလူကြီးကို ပြောရန် စကားလုံး တွေမွေး ပေမယ့် ဘာတစ်ခွန်းမှ ထွက်မပေါ်ခဲ့ခြင်းမရှိ အားတင်းပြီး ပြောနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



စကားကတော့

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ကဲ…ပြန်ကြတော့နော်"

ပန်းမှုံခင်၏ ကျေးဇူးတင်စကားကို ကျေကျေနပ်နပ် လက်ခံသည့် အပြုံးလေးနှင့် ပြန်ခိုင်းလိုက်သောကြောင့် ကြီးကြီးမေ လက်မောင်းလေးကို တွဲပြီးဆေးရုံဝန်းထဲမှ တွဲထွက်ခဲ့လေသည်။

မိန်းကလေးတော်တော်များများလဲ လှပမှုတွေကု တွေ့ဖူးခဲ့သော နေကမ္ဘာစိုးဘဝတွင် ဘာမဟုတ်သော သာမန်အလှ ပိုင်ရှင် ကောင်မလေးတစ်ယောက် ပေါ်မှာ ရင်ခုန်ခဲ့ခြင်းသည် အံ့ဩဖွယ်….



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၅

နဖူးပေါ်တွင် တင်နေသည့်ချွေးစလေးများကို သုတ်ရင်း ဆားနနွင်း အချိုမှုန့်တို့နှင့်နယ်ထားသော ကြက်သားပေါင်များကို ဆီပွက်နေသော ဒယ်အိုးထဲသို့ ထည့်လိုက်သည်။

ကြီးကြီးမေက ကျန်းမာရေးမကောင်းသောကြောင့် ပါတီပွဲတွင် အစားအသောက်ကိစ္စများကို ပန်းမှုံ့ခင်တစ်ယောက်တည်း ချက်ပြုတ် ကြော်လှော်နေရသည်။ ပန်းမှုံ့ခင်အနောက်ဆီမှ ခြေသံကြားရပေမယ့် လှည့်မကြည့်နိုင်အား၊ ကြက်ကြော် တူးသွားမှဖြင့် မေမေ၏ ဒေါသ ပုန်ထခြင်းကို ခံရဦးမည်။

မေမေက အစားသောက်ဆိုလျှင် သူကိုယ်တိုင်က ထမင်းတစ်အိုး တောင်မချက်တတ်ပေမဲ့ အစားကောင်း အသောက်ကောင်းတော့ ကြိုက်သူ… အိမ်မှာက ဖေဖေက တစ်မျိုး မေမေကတစ်မျိုး ချက်နေရ သည့်ဘဝ…။

"မင်းတော်တော် ပင်ပန်းနေပါလား"

ကြားလိုက်ရသော အသံက လူငယ်ယောကျ်ားလေး တစ်ယောက် ၏ အသံမဟုတ်….



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ"

ဘယ်သူဘယ်ဝါ ဆိုသည်ကို လှည့်မကြည့်နိုင်ပေမဲ့ ဒယ်အိုးထဲမှ ကြက်ကို အပေါ်အောက် လှန်ပေးပြီးမှ အသံရှင်ကို ကြည့်မိသည်။

"ဩော်…အန်ကယ်"

ပန်းမှုံခင်မှ အန်ကယ်ဟုခေါ်သည်ကို မျက်မှောင်ကြီးကြုတ်ပြီး သဘောမတွေ့သော အမူအရာဖြင့်…

"ငါ့အသက်က မင်းခေါ်သလို ဘိုးဘွားရိပ်သာဘက်ကို ခြေလှမ်းနေလို့လား၊ ခုမှ(၄၀)ကျော်ပဲရှိသေးတာ ပြင်ပြီးခေါ်ပါဦး ပန်းလေးရဲ"

ပန်းမှုံခင်နားသို့ကပ်ပြီး ချွဲချွဲပျစ်ပျစ်ပြောနေသော ဦးဝဏ္ဏအောင်၏ မျက်လုံးတွေက ပန်းမှုံခင်၏ လည်ပင်းဆီသို့ရောက်နေသောကြောင့် အကျီလည်ပင်းကို အပေါ်သို့ ဆွဲမလိုက်ရသည်။

ဦးဝဏ္ဏအောင်က မေမေ၏ မိတ်ဆွေ…အိမ်သို့ မကြာခဏ ရောက်လာပြီး မေမေနှင့် စိန်အကြောင်းတွေကို ပြောတတ်သလို ဖေဖေနှင့် အရက်သောက်ပြီး ဘယ်မော်ဒယ်မလေး ဘယ်အဆိုတော်မလေး အကြောင်းနှင့်၊ ဘယ်စားသောက်ဆိုင်က ကောင်မလေးက ဘယ်လို ကောင်းသည် (အနှိပ်ခန်းများ) အကြောင်းကိုလည်း မမောနိုင် မပန်းနိုင် ပြောနေတတ်သူ…

တစ်ကြိမ်တစ်ခါမှ ဘာသာရေး လူမှုရေးကိစ္စပြောလေ့ပြောထ မရှိပေ။ ဦးဝဏ္ဏအောင် အကြောင်းကို စုံစမ်းခြင်း စပ်စုခြင်း မရှိဘဲ သိထားတာတစ်ခုကတော့ သားနှစ်ယောက် ဖခင် မုဆိုးဖိုဆိုသည် ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်…ဘာခိုင်းချင်လို့လဲ"

"ဟဲ…ဟဲ…ခိုင်းစရာမရှိပါဘူး စကားပြောစရာရှိလို့"

"သမီးအလုပ်မအားသေးဘူး၊ အန်ကယ်အမြင်ပဲ"

"လုပ်ပြန်ပြီကွာ ဒီအန်ကယ်…အန်ကယ်ကြီးလို့ မခေါ်ပါနဲ့လို့"

ပန်းမှုံခင် ပင်ပန်းရတဲ့အထဲ ဦးဝဏ္ဏအောင်၏ အသက်အရွယ် ဂုဏ်သိက္ခာကို အားမနာသော စကားများကြောင့် လဲချပြီးသာ သေလိုက်ချင်တော့သည်။

"သမီး ဘယ်လိုခေါ်ရမှာလဲ"

အနားကနေ ခွာသွားရင်ပြီးရော ဆိုပြီး မေးလိုက်သည် ။

"ဟဲ…ဟဲ…ကိုကိုကြီး လို့ခေါ်ပေါ့"

သေလိုက်ချင်တာမှ အခါတစ်ရာလောက်ပင် စိတ်ပေါက်တော့သည်။

ခေါ်ခိုင်းသည့် သူက မရှက်ပေမယ့် ခေါ်ရမည့်သူတော့ အလွန်ပင် ရှက်စရာ၊ ဖေဖေနှင့်မေမေကလည်း ဘာကြောင့် ကိုယ့်သမီး အပျိုလေးကို ဒီလိုလူကြီးနဲ့ လွှတ်ပေးထားရသလဲမသိ။

"သမီးလေး အဆင်ပြေရဲ့လား"

ကြီးကြီးမေတစ်ယောက် ကျန်းမာရေးက မကောင်း၍ နောက်ဖေးအခန်းထဲတွင် ဆေးသောက်ပြီး လှဲနေပေမယ့် သမီးလေး ပန်းမှုံခင်ကို စိတ်မချနိုင်သောကြောင့် လုပ်နိုင်သမျှ လုပ်ပေးဖို့ ထွက်လာသောအခါ ပန်းမှုံခင်အနားတွင် ဦးဝဏ္ဏအောင်ကို တွေ့လိုက်ရသောကြောင့် မီးဖိုထဲသို့ ဝင်လာခဲ့ရခြင်း ဖြစ်သည်။

ဦးဝဏ္ဏအောင်၏ မျက်လုံးများမှာ အသားစားသတ္တဝါတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လိုပန်းမှုံခင်ကို သိုးတစ်ကောင်လို ချောင်းမြောင်းနေတတ်သည်ကို ကြီးကြီးမေသတိထားမိသည်မှာ ကြာလေပြီ။

ဦးကျော်ဇောကျော့မောင်နှင့် ဒေါ်မြဂုဏ်တင့်တင့်တို့က သိရက်နှင့် လွှတ်လွှတ်ပေးထားသည်ကို ဒေါသဖြစ်ပေမယ့် ကြီးကြီးမေမှာ အိမ်၏ ထမင်းဟင်းချက်တစ်ယောက်ဆိုတော့ ပြောခွင့်မရှိတော့…။

"ဘာလို့ထွက်လာတာလဲ ကြီးမေရယ်"

"သမီးလေး ပင်ပန်းနေတာကို မကြည့်ရက်လို့"

"ရပါတယ် အားလုံးပြီးသလောက်ရှိနေပါပြီ၊ ကြီးမေ အတွက် ဆန်ပြုတ်လေးတောင်ပြုတ်ပေးဖို့ ပြင်ထားပြီးပြီ"

ဦးဝဏ္ဏအောင် မျက်နှာတင်းသွားပြီး ကြီးကြီးမေကို အနှောင့် အယှက်ပေးသည့် ရန်သူတော်ကြီးသဖွယ် ကြည့်ပြီး မီးဖိုအခန်းထဲမှပြန် ပြီးထွက်သွားလေသည်။

"သမီးကို ဘာတွေလာပြောနေတာလဲ"

"ပြောရမှာတောင် နားရှက်စရာပါ ကြီးမေရယ်"

"သမီးကို မတော်တရော်တွေ ပြောနေလို့လား"

"သူ့ကို အန်ကယ်လို့ မခေါ်ပါနဲ့တဲ့"

"သူ့အရွယ်ကို အန်ကယ်လို့မခေါ်ရအောင် ဘယ်လို ခေါ်ရ မှာလဲ"

"ကိုကိုကြီးတဲ့…အဟိ"

"ဩော်…လူတွေလူတွေ ငွေရှိတယ်ဆိုပြီး အရှက်တရားမဲ့တဲ့ အလုပ်တွေကို ဈေးပေါပေါနဲ့ လုပ်နေကြပါလား… သမီးရေ ကြည့် ရှောင်ကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရှောင်တာပဲ ကြီးမေရယ် လွတ်လမ်းမှမရှိတာ"

ပန်းမှုံခင်နှုတ်ဖျားထက်မှ ထွက်ပေါ်လာသော စကားလေးကို ကြီးကြီးမေ ရင်ထဲတွင်ဆို့သွားလေသည်။ ပန်းမှုံခင် ပြောသလို လွတ်လမ်းကမရှိ… မရှိသည့်အကြောင်းကလည်း မိဘတွေ ကိုယ်တိုင်က အခန်းပိတ်ပြီး မထားရုံတစ်မယ်သာ‥။

"သမီးလေးရယ်"

ပန်းမှုံခင် ခေါင်းလေးကို ကြီးကြီးမေ ရင်ခွင်ကြားသို့ထည့်ပြီး ထားလိုက်တော့သည်။

"မိမှုံ ကြက်ကြော်မရသေးဘူလား၊ မြန်မြန်ယူခဲ့စမ်း …အရက်နဲ့မြည်းချင်လှပြီ"

"ဟုတ်ကဲ့ ရပါပြီဖေဖေ"

သမီးတစ်ယောက်အပေါ်မှာ ဖခင်တစ်ယောက်၏ ဆက်ဆံ ရေးဟာ သခင်တစ်ယောက်နှင့် ကျွန်သာသာ…။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း၊ ၆၊

"စိုး ဂျူတီပြီးပြီလား"

မေမြတ်သုန္ဒရီ ပါးပြင်ထက်မှ ရေးရေးထင်နေသော ချွေးစလေးကို တစ်ရှူးလေးနှင့် သုတ်ပြီး နေကမ္ဘာစိုးကို မေးလိုက်သည်။

နှစ်ယောက်သား ထိုင်နေသည့် ဆေးရုံဝန်းထဲရှိ အအေးဆိုင်ကလေးတွင်····

"ဂျူတီကတော့ ပြီးပါပြီ၊ အပြင်ဆေးရုံကို ဂျူတီဝင် ပေးရဦးမယ်"

"စိုးရယ်···ဘာလို့ဒီလောက်တောင် စီးပွားရှာနေရတာလဲ ပင်ပန်းလိုက်တာ"

"စီးပွားရှာတာမဟုတ်ဘူးမေ၊ ဆရာဝန်တစ်ယောက်က လူနာတွေကို ဆေးကုနေတာပါ၊ ကိုယ့်အတွက် ငွေကြေးဟာ သိပ်ပြီးတော့ အဓိကမကျပါဘူး၊ ဒီအပေါ်မှာမေ အမြင်လွဲနေတာ ဖြစ်မှာပါ"

"ဆောရီး စိုး··· မေစကားမှားသွားတယ်"

မေမြတ်သုန္ဒရီ သူ့စကားအတွက် နေကမ္ဘာစိုးကို တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး

"ရပါတယ် မေရာ တို့တစ်တွေက ငယ်ပေါင်းကြီး ဖော်တွေပဲ၊ ဒီစကားလေးပြောရုံနဲ့ စိတ်ဆိုးရမယ့်ကိစ္စမှ မဟုတ်တာ"

နေကမ္ဘာစိုးထံမှ သူငယ်ချင်းဆိုသည့် စကားလေးဟာ သူမအတွက် ကျေနပ်စရာတော့မဟုတ်ပေမဲ့ ဒီလိုပဲ နှစ်သိမ့်ပြီး နေခဲ့ ရတာ နှစ်ပေါင်းက မနည်းတော့တာ၊ နှလုံးသား မျှော်လင့်ချက် အလင်းလေးဆီသို့ လှမ်းနေရသလိုပင် ...။

"မေက တရားရုံးက အပြန်ဝင်ခဲ့တာလား"

"ဟုတ်တယ် စိုး၊ တစ်နေ့လုံးအမှုတွေနဲ့ လုံးထွေးပြီး စိတ်တွေညစ်လွန်းလို့ စိုးနဲ့ အေးအေးဆေးဆေး တစ်ခုခု စားရင်း စကားပြောချင်လို့"

မေမြတ်သုန္ဒရီက ဗဟိုတရားရုံးတွင် တရားသူကြီး တစ်ယောက်၊ အထက်တန်းကျောင်းသားဘဝ တစ်လျှောက်လုံး အတူတူကျောင်းတက်ခဲ့ကြသည့် သူတွေဖြစ်သလို အခြေခံ ကျောင်းသား ကျောင်းသူဘဝတွင် ကစားဖော်တွေ ဖြစ်ခဲ့ကြသောသူတွေမို့ သံယောဇဉ်ကတော့ ခိုင်ခိုင်မာမာရှိနေ၏။

နေကမ္ဘာစိုးက ရေသန့်ဘူးလေးထဲမှ ရေကို ဖန်ခွက်လေးထဲသို့ ထည့်ပေးရင်း...

"မေ့အတွက် အမောလေးတွေ ပြေစေဖို့ တို့တတ်နိုင်တာ ဒါပဲရှိတယ်"

"ကျေးဇူးတင်ပါတယ် စိုးရယ်"

နေကမ္ဘာစိုး ထည့်ပေးထားသော ရေခွက်ကလေးကို လှမ်းယူ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မော့သောက်လိုက်သည်။ ရင်ထဲမှာ တကယ်ပင် အေးမြသွား သလိုခံစားလိုက်ရသည်။

ကိုယ်က တစ်ဖက်သတ်ချစ်နေသည့် သူဆိုတော့ ပေးသူ၏ ရေတစ်ခွက်ဟာ အိုအေစစ်ကလေးတစ်ခုပမာ····

"မေ့ကို တကယ်သနားသွားပြီ"

နေကမ္ဘာစိုးထံမှ ဆိုင်းမဆင့် ဗုံမဆင့်ကြားလိုက်ရသော စကား ကြောင့် သောက်နေသည့် ရေတောင်သီးမလိုဖြစ်သွားသည်။

"စိုးက ဘာကိုသနားတာလဲ···ပြော··"

"ဘာကိုသနားတာလဲ ဆိုတာ မပြောတော့ဘူး ခဏ"

လက်ကလေးကာပြီး ခါးကြားမှ ဟန်းဖုန်းကို ထုတ်ကာနှိပ်နေ လေသည်။

"ဟဲလို ဒေါက်တာ အေးကိုလား၊ ငါပါ ဆေးရုံကနေ ဆက် နေတာ ငါ့ဂျူတီ(၁)နာရီလောက်နောက်ကျမယ် ငါ့အစား ဝင်ပေး ထားကွာ"

"အေး···ကျေးဇူးပဲ"

ဟန်းဖုန်းလေးကို ခါးကြားတွင်ရှိသော အိတ်ကလေးထဲသို့ ပြန် ထည့်ကာ···

"မေ ဘယ်မှာသွားပြီး အပန်းဖြေမလဲ"

"အင်း···ဧဝရက်တောင်ပေါ်သွားပြီး ပန်းသီးတစ်လုံးကို နှစ် ယောက်ခွဲစားကြရင်ကောင်းမယ်"

"ဒါဆို လစ်ကြစို့၊ မေနဲ့(၂)နာရီအချိန်ရတယ်၊ အင်း··· မိနစ် တွေနဲ့တွက်မယ်ဆိုရင်တော့ အချိန်အများကြီးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမှာ ချစ်သောသူ၏ အလျှော့ပေးမှု အလိုလိုက်မှုကို ခံရသောအခါ ဤကမ္ဘာကြီးတွင် ကံကောင်းဆုံးနေ့တစ်နေ့ကို ပိုင်ဆိုင်လိုက်ရသူတစ်ယောက်ဖြစ်သွားပြန်သည်။

"ဒါဆို ဂျူတီကုတ်ချွတ်ပေး"

မေမြတ်သုန္ဒရီလက်ထဲသို့ ကုတ်အကျီလေး ချွတ်ပေးလိုက်သည်နှင့် သပ်သပ်ရပ်ရပ်ခေါက်ကာ ပြန်ပေးသည်။

ထိုလုပ်ရပ်သည် မေမြတ်သုန္ဒရီ ငယ်ငယ်ကတည်းက နေကမ္ဘာစိုးပေါ်မှာ ပြုလုပ်ပေးခဲ့သော အစဉ်အလာလေးတစ်ခုပင်ဖြစ်သည်။

ဆေးကျောင်းသားဘဝတွင်လည်း မေမြတ်သုန္ဒရီ အိမ်ရောက်လာပြီဆိုလျှင် အခန်းထဲကို အရင်ဝင်ပြီး တန်းပေါ်က အဝတ်အစားတွေ ပုဆိုးအင်္ကျီတွေတင်သာမက စာကြည့်စားပွဲပေါ်က စာအုပ်များကို သပ်သပ်ရပ်ရပ်ထားပေးပြီး အဝတ်အစားများကို လျှော်ဖွပ်ပေးတတ်တာလေးက သူတို့နှစ်ယောက်ကြားတွင် မြဲစေသော သံယောဇဉ်ရပ်ကွင်း လေးတစ်ခု...

"မေ ကားရော..."

"အိမ်ကို ဒရိုင်ဘာနဲ့ မောင်းခိုင်းလိုက်ပြီလေ၊ စိုးကားနဲ့ပဲ သွားချင်လို့"

မေမြတ်သုန္ဒရီ မိဘတွေက နေကမ္ဘာစိုးတို့ မိဘတွေနှင့် ချမ်းသာခြင်းက တန်းတူ ရည်တူ...မေမြတ်သုန္ဒရီ ဒယ်ဒီက လက်ရှိ ပုလဲနှင့်ငါးတွင်အရာရှိ၊ မာမီက အကောက်ခွန်ဦးစီးတွင် အရာရှိတစ်ဦးဖြစ်ပြီး တစ်ဦးတည်းသော သမီးက ဗဟိုတရားရုံးတွင် တရားသူကြီး...

နှစ်ယောက်သား ကားရပ်ထားသော နေရာဆီသို့ လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



စဉ်····

ဆေးရုံထဲမှ သူနာပြုဆရာမလေးနှစ်ဦးက ပြုံးစိစိနှင့် ကြည့်ကာ

"ဒေါက်တာ နေကမ္ဘာစိုး ချစ်သူလား ဘိုမရုပ် ကလေးကျနေတာပဲနော်"

"အင်း···ချစ်သူမဟုတ်သေးဘူးဟ"

"ချစ်သူ မဟုတ်သေးဘူးသာဆိုတယ်၊ သူတို့နှစ်ယောက် ဆက်ဆံရေးက ချစ်သူတွေ ထက်တောင်ကြင်နာနေသေးတယ်၊ ဟုတ်ရဲ့လားအေ···"

"မိစု···နင်က ဘာလို့အတိအကျကြီးမေးနေရတာလဲ၊ ဒေါက်တာကို စိတ်ဝင်စားနေလို့လား"

"ပေါက်ကရဟာ ငါတို့သူနာပြုဆရာမကို ဒေါက်တာက စိတ်ဝင်စားပါ့မလား၊ ဝေးလိုက်တာမှ ပင်လယ်တစ်ဖက်ကမ်း"

"နင်ဒီစကားကို မပြောနဲ့၊ ဒေါက်တာ နေကမ္ဘာစိုးက အဆင့်အတန်းခွဲခြားတတ်တဲ့ လူမဟုတ်ပါဘူး၊ ရှိတဲ့လူ ထက် မရှိတဲ့လူကိုပိုပြီး ဦးစားပေးတယ်၊ တစ်ခါတစ်ခါ သူ့အိတ်ထဲက စိုက်ပြီးတောင် ဆေးကုသပေးတယ်"

"ဟုတ်တယ်နော်၊ ရုပ်ကလည်းချော ပိုက်ဆံကလည်းပေါ၊ စေတနာကလည်းကောင်းတဲ့ ဒေါက်တာနေကမ္ဘာစိုးကိုရတဲ့ မိန်းကလေးကတော့ အထူးရှယ်ကံကောင်းတာပဲ"

"နင်လည်း···ကံစမ်းမဲလေးဘာလေး နှိုက်ကြည့်ပါလား"

"စဉ်းစားနေတာ····"



www.burmeseclassic.com

www.burmeseclassic.com

"စိုး ကားကို ခဏရပ်လိုက်"

မေမြတ်သုန္ဒရီ နေကမ္ဘာစိုး၏ လက်မောင်းလေးကို ဖွဖွလေး ဆုပ်ကိုင်ပြီး ကားကိုရပ်ခိုင်းလိုက်သည်။

မေမြတ်သုန္ဒရီကားလေးရပ်သည်နှင့် ပလက်ဖောင်းပေါ်တွင် ရောင်းနေသော ပန်းသီးဆိုင်ကလေးရှေ့တွင် စိတ်ကြိုက် ပန်းသီးလေး များကို ရွေးပြီး ကားဆီသို့ ပြန်လာသည်။ မေမြတ်သုန္ဒရီ နေကမ္ဘာစိုး အကြိုက်ပန်းသီးလေးများကို ဝယ်ယူခြင်းဖြစ်သည်။

နေကမ္ဘာစိုးကားတံခါးလေးကို အသင့်လှမ်းဖွင့်ပေးလိုက်စဉ် မေမြတ်သုန္ဒရီထံမှ ရွှန်းလဲ့သော အကြည့်လေးတစ်ခုကို တွေ့ရပေမယ့် သူတို့နှစ်ယောက်ကြားတွင် ထိုအကြည့် ခံစားမှုလေးများကို ဥပေက္ခာ ပြုထားသည်မှာ ကာလရှည်တစ်ခုကို ဖြတ်သန်းနေခဲ့လေပြီ...။

"ဇေရက်မှာပဲ ထိုင်ကြမှာလားမေ"

"စိုးက တခြားတစ်နေရာကို တွေ့ထားလို့လား"

မေမြတ်သုန္ဒရီ စကားလေးက နေကမ္ဘာစိုးတစ်ယောက် တခြား ပြောင်းလဲမှုတစ်ခုရှိနေပြီလားလို့မေးလိုက်သလို ...

"တို့အတွက်ကတော့ ဇေရက်ဆိုင်လေးက မပြောင်းလဲပါဘူး"

"စိုးအတွက် မပြောင်းလဲမှတော့ မေကပြောင်းလဲစရာရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စကားလေးတွေက နှလုံးသားဆီသို့ တိုးဝင်ပေမယ့် လေပြေနုလေး တိုက်ခတ်မှုအားနည်းသောကြောင့် မထိုးဖောက်နိုင်····

ဆိုင်ကလေးထဲတွင် စားသောက်သူတွေက စုံတွဲများ ဖြစ်ကြသည်။

ဆိုင်လေးက အေးချမ်းပြီး မြစ်ကမ်းကို မျက်နှာပေးပြီး ဆောက်ထားသောကြောင့် မြစ်လေနုနှင့် မြစ်ရေပြင်ပေါ်မှ သာယာလှပမှုများသည် အမောတွေကိုပြေလျော့စေသည်မှာ အမှန်ပင်···။

ဒီဆိုင်ကလေးကို နေကမ္ဘာစိုးနှင့် မေမြတ်သုန္ဒရီတို့ စတင်ပြီး ရောက်ခဲ့သည့်နှစ်က နေကမ္ဘာစိုး ဆေးတက္ကသိုလ် ပထမနှစ်နှင့် မေမြတ်သုန္ဒရီ ဥပဒေဘာသာအတွက် တက္ကသိုလ်စတက်သည့်နှစ်

ထိုနေရာလေးကို စတင်ပြီးတွေ့ခဲ့သူမှာ မေမြတ်သုန္ဒရီ ကျောင်းမှ သူငယ်ချင်းတွေ ခေါ်လာ၍ ရောက်ခဲ့ပြီး နေကမ္ဘာစိုးကို ခေါ်လာခြင်း ဖြစ်သည်။

ဒီနောက်တော့ မေမြတ်သုန္ဒရီတစ်ယောက် ကျောင်းမှ သူငယ်ချင်းများနှင့်ဘယ်သောခါမှ မရောက်ဖြစ်တော့ဘဲ နေကမ္ဘာစိုးနှင့်သာ ရောက်ခဲ့လေသည်။

"မေ"

"အဲ"

နေကမ္ဘာစိုးက အသံလေးကို နားနားတိုးကပ်ပြီး ခေါ်လိုက်သောကြောင့် အတွေးတွေက ကြက်ပျောက်ငှက်ပျောက်ဖြစ်သွားသည်။

"ဘာတွေ တွေးနေတာလဲ"

ရှေ့တွင်ချထားသော စတော်ဘယ်ရီ ဖျော်ရည်ခွက်ထဲမှ ဖွန်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နေကမ္ဘာစိုးမွှေနှောက်လိုက်ရင်း…

"ဘာမှမဟုတ်ပါဘူး အလုပ်ထဲက အကြောင်းတွေ ခေါင်းထဲကို ရောက်လာလို့ပါ"

မှသားမပါ လက်ာမချောတဲ့ တစ်ခါတစ်ခါ ချစ်သောသူပေါ်မှာ သတိရကြောင်းကို ဖုံးကွယ်တတ်သောကြောင့် နှစ်ယောက်သား ဝေး နေရတာလားမသိ…။

"ကဲ…သောက်လို့ရပြီ"

"စိုးလည်းသောက်လေ၊ မေ ပန်းသီးလေးကို နွှာလိုက်ဦးမယ်"

စားပွဲပေါ်မှ ဝယ်လာသည့်အတိုင်း တင်ထားသော ပန်းသီး ထုပ် ကလေးထဲမှ အကြီးဆုံးအလုံးကို ရွေးယူပြီး လက်ကိုင်အိတ်ထဲမှ သုံး လက်မခန့် အရွယ်ရှိ ဓားလေးကို ထုတ်ယူပြီး ပန်းသီးအခွံကို နွှာ နေသည်။

"တရားသူကြီးက ဓားကိုင်တယ်နော်"

"သုံးလက်မ ဓါးလေးက ဥပဒေလွတ်တယ်လေ"

"လူကိုထိုးရင်တော့ သေမှာပဲ…"

"လူကို ထိုးဖို့မှ မဟုတ်တာ"

"ဒါဖြင့် ဘာလုပ်ဖို့ ဆောင်ထားတာလဲ ဆိုပါဦး"

"သူငယ်ချင်းတစ်ယောက်ကို ပန်းသီးလေးကို နွှာပေးရင် အသင့်ဖြစ်အောင်လို့"

မေမြတ်သုန္ဒရီ စကားလေးက နေကမ္ဘာစိုးကို ဦးတည်နေလျက် အခွံနွှာပြီးသား ပန်းသီးလေးကို စိပ်ပြီး နေကမ္ဘာစို လက်ထဲသို့ ထည့် ပေးပြီး လက်ထဲမှာလည်း ကျန်တဲ့အပိုင်းကို စားနေရင်း…



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကတော့ တကယ်ညစ်နေတာ စိုး"

"အလုပ်ကိစ္စတွေလား"

"အလုပ်ကိစ္စတွေထက်ဆိုးတဲ့ကိစ္စကပေါ်လာနေပြီလေ… ဟင်း…"

စကားလည်းပြော သက်ပြင်းလည်းချလိုက်သည်။

မျက်လုံးက အဝေးမှ မြစ်ရေပြင်ကြီးကိုငေးကြည့်လျက်…

"ဘာတွေလဲ မေရယ် ပြောပြပေါ့၊ မျှဝေခံစားလို့ရရင် ခံစားပေးရတာပေါ့"

နေကမ္ဘာစိုးထံမှ ကြားလိုက်ရသည့် စကားလေးကြောင့် မေမြတ်သုန္ဒရီ အင်အားတစ်ရပ်ကို ရလိုက်သည့်ပမာ…ဘယ်သူမဆို ချစ်သောသူ၏ မျှဝေမှုကို ပိုင်ဆိုင်ချင်ကြသည်ပဲ မဟုတ်လား…

"ဒယ်ဒီက သူ့မိတ်ဆွေတစ်ယောက်ရဲ့ သားနဲ့ ပေးစားဖို့ စကားကမ်းနေတယ်"

"ဟင်…"

မေမြတ်သုန္ဒရီထံမှ ကြားရသော စကားသည် နေကမ္ဘာစိုးအတွက် တုန်လှုပ်သလိုဖြစ်သွားပြီး ပါးစပ်ထဲက ပန်းသီးအရသာတောင် ပျက်ပြယ်သွားသည်ဟု ထင်မိသည်။

"မဖြစ်မနေလားမေ"

"မဖြစ်မနေတော့မဟုတ်ပါဘူး… မေ့အသက်အရွယ်နဲ့ အဆင့်အတန်းက မိဘတွေ အတင်းစီမံရတဲ့ အရွယ်မှ မဟုတ်တာ၊ မေ့သဘောသားကို မေးတာပါ"

"မေက ဘယ်လိုပြန်ပြောလိုက်လဲ"

ဒီအမေးစကားကို နှုတ်ဖျားမှ အမြန်ဆုံးထွက်သွားသည် ဟုထင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"မေ အိမ်ထောင်မပြုချင်သေးဘူးလို့ ပြောတော့ ဒယ်ဒီက မေ့မှာ ချစ်သူရှိလားလို့ ထပ်မေးတယ်"

"ဒီတော့…"

"စိုးရယ် ချစ်သူဆိုတာ ချိုနဲ့လားလို့ မေးရမယ့် သူလေ၊ ရှိမှ မရှိဘဲနဲ့ဟာ၊ မရှိဘူးလို့ ပြောလိုက်တာပေါ့"

နေကမ္ဘာစိုး လက်ထဲကို နောက်ထပ်ပန်းသီးတစ်စိတ် ထပ်ပေးရင်း

"အဲဒီမှာတင် တို့မာမီက တစ်စခန်းထပြန်ရော"

"သူလည်း ပေးစားဖို့ သမက်တွေ့ထားတဲ့ အကြောင်းပြောပြန်ရောလား"

"မာမီကတော့ မတွေ့ထားပါဘူး၊ သမီးစဉ်းစားတဲ့ ၊ သမီး အသက်အရွယ်က ခုချိန်မှာ အိမ်ထောင်မပြုရင် အသက်ကြီးလို့ အိမ်ထောင်ပြုရင် အခက်အခဲတွေကြုံနိုင်တယ်တဲ့"

"အခက်အခဲဆိုတာ အပျိုဟိုင်းကြီးဖြစ်တာကို ပြောတာလား၊ အပျိုကြီးဆိုတော့ ကြိုက်မယ့်သူမရှိမှာကို မေ့မာမီက စိုးရိမ်တယ်ပေါ့"

"မာမီ စိုးရိမ်တာက စိုးထင်သလို မဟုတ်ဘူး၊ အသက်ကြီးမှ အိမ်ထောင်ကျတဲ့အခါ ကလေးမွေးရင် ဒုက္ခဖြစ်မှာကိုပြောတာ"

"ဟား…ဟား…ဟား…"

နေကမ္ဘာစိုး ပါဝါမျက်မှန်လေးကို ချွတ်ပြီး အားပါးတရ ရယ်နေလေသည်။

"စိုးက ဘာရယ်တာလဲ ဟိုမှာကလေးတွေ ကြည့်နေတယ်"

တစ်ဖက်ဝိုင်းမှ စုံတွဲလေးက နေကမ္ဘာစိုးရယ်သံက နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



လေးကျယ်သလိုဖြစ်သွားသောကြောင့် လှမ်းကြည့်နေ၏။

"သဘောကျလို့ ရယ်လိုက်တာပါ…မေ့မာမီကို ပြောလိုက် ယနေ့ခေတ်ကြီးမှာ ဆေးဘက်ဆိုင်ရာတွေက အရမ်းကိုတိုးတက် နေတယ်လို့ ဘာမှ မပူပါနဲ့လို့ ပြောလိုက်"

"ဒါနဲ့ စိုးရော အိမ်ထောင်မပြုသေးဘူးလား"

"ဘယ်နှယ့်ကြောင့် မြားဦးက လှည့်လာတာလဲ၊ ကျုပ်နဲ့ အဝေး ကြီးပါနော်"

"မဝေးဘူး အနီးလေး"

"ဘယ်လိုနီးရတဲ့ အကြောင်းတွေလဲ ဒေါ်မေမြတ်သုန္ဒရီရဲ့"

"မေက စိုး အိမ်ထောင်ပြုပြီးမှပြုမှာ"

"အင်း…"

မေမြတ်သုန္ဒရီ စကားက အတည်ပြောနေခြင်းကြောင့်…

"တို့ တစ်သက်လုံး အိမ်ထောင်မပြုဘူး ဆိုရင်ရော"

"မေလည်း မပြုရုံဘဲပေါ့"

"သေချာရဲ့လား"

"သေချာတာမှ တစ်ဖက်ကမ်းတောင် လွန်နေသေးတယ်"

စကားလေးတပြောပြောနှင့် ပန်းသီးလေးတစ်လုံးကို နှစ်ယောက် စားတာ ကုန်လုလု…ဖြစ်လို့ နောက်တစ်လုံးထပ်ပြီး ယူစဉ်……

"ပန်းသီးစားတာ ရပ်ပြီး အအေးသောက်ရအောင်"

"စိုးက ထပ်ပြီး မစားတော့ဘူးလား"

"အအေးသောက်ပြီးမှ ထပ်စားတာပေါ့"

"စိုးသဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



စတော်ဘယ်ရီ ဖျော်ရည်ကို ဇွန်းကလေးနှင့် ခပ်ပြီး သောက်နေသော မေမြတ်သုန္ဒရီရဲ့ နှုတ်ခမ်းများကို အကြည့် ရောက်သွားတော့ နှင်းဆီဖူးကလေး ကပ်တွယ်နေသလို နှုတ်ခမ်းပါးတို့သည် ရွှန်းလဲ့နေသော လရိပ်ကလေးတွေ ဆမ်းထားသော နှုတ်ခမ်း တစ်စုံ ပိုင်ရှင်၊ အနမ်းဦးရသူအတွက် မမေ့နိုင်သော နှုတ်ခမ်းလေးတစ်ခုပမာ…

"စိုး သောက်လေ ဘာကြည့်နေတာလဲ"

"အင်…"

လွှန်သွားသော အကြည့်ကို ပြန်ရုပ်သိမ်းပြီး ကယောင်ကတမ်း ဖြင့်စတော်ဘယ်ရီ ဖျော်ရည်ခွက်ထဲမှာ ဇွန်းကိုယူစဉ်…

"ချွင်…"

"ဟာ…"

ဇွန်းကို လက်နှင့်တိုက်မိပြီး ဇွန်းကကြမ်းပြင်ပေါ်သို့ကျသွားသည်။

"စိုး…နေ…နေ…"

ကျသွားသော ဇွန်းလေးကို ပြန်ကောက်ပြီး မေမြတ်သုန္ဒရီ ဇွန်းသွားလဲရန် ထသွားတော့သည်။

နေကမ္ဘာစိုးကို ကျောပေးထွက်ရင်းပြုံးမိသည်။

နှုတ်ခမ်းလေးကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသော နေကမ္ဘာစိုး၏ အကြည့်တို့သည် နှုတ်ခမ်းပါးလေးများ တုန်တုန် ယင်ယင် ဖြစ်မတတ်…

"အစ်ကို"

"ဟေ…"

တစ်ဖက်ဝိုင်းမှ ကောင်လေးက ဘေးနားသို့ ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ပန်းသီးလေးကို ကြည့်ကာ....

"ကျွန်တော့်ကို ပန်းသီးတစ်လုံး လောက်ပြန်ပြီး ရောင်းပါလား"

"စားချင်လို့လား"

"ကျွန်တော် စားချင်လို့မဟုတ်ဘူး၊ ကျွန်တော့် ကောင်မလေး စားချင်လို့ ဒီနားမှာ ဆိုင်မရှိလို့ပါ၊ ကူညီပါ အစ်ကိုရာ"

ချစ်သူအတွက် တောင်းခံနေသော ချာတိတ်ကိုကြည့်ပြီးတော့

"မင်းကြိုက်တာတစ်လုံး ယူသွား"

"ကျေးဇူးကမ္ဘာပဲ"

ချာတိတ်လေးက မရွေးတော့ဘဲ လက်သင့်ရာ ပန်းသီးတစ်လုံးကို လှမ်းယူပြီး...

"ဘယ်လောက်ပေးရမလဲ အစ်ကို"

"လက်ဆောင်ပေါ့"

"မဟုတ်တာဘဲ အစ်ကိုရာ"

"ငွေကြေးထက် စေတနာက ပိုပြီးတန်ဖိုးကြီးပါတယ်"

"ဒါဆို သွားမယ်"

ချာတိတ်လေးကို ခေါင်းညိတ်ပြချိန်မှာ မေမြတ်သူနှင့်ဒီ ဖွမ်း အသစ်ကလေးကို ကိုင်ပြီး ပြန်ထိုင်နေသည်။

"ဟိုကောင်လေး ဘာလာလုပ်တာလဲ"

"ပန်းသီးလာဝယ်တာ"

"ရောင်းဖို့မှ မဟုတ်တာ"

"သူ့ချစ်သူစားချင်လို့တဲ့၊ ကိုယ့်လည်း သနားတာနဲ့ ပေးလိုက်တာ"

"ကိုယ်ချင်းစာတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း....."

ခေါင်းညိတ်လိုက်သည့် ပေါ်မှာ မေမြတ်သုန္ဒီ သွားလေးတွေ ပေါ်အောင်ပြုံးသည်။

"မေ ဘာပြုံးတာလဲ"

"စိုး ကိုယ်ချင်းစာရအောင် ရည်စားရှိလို့လား... ရမ်းသန်း ခေါင်းညိတ်ရတယ်လို့"

"ချစ်သူမရှိပေမဲ့ ချစ်တတ်တဲ့နှလုံးသားက ကိုယ်ချင်းစာမိတာပါ"

"ဒေါက်တာကြီးကလည်း နွဲ့နေပြန်ပြီ"

"ကဗျာဆန်တာပါ"

"ကောင်းပါပြီ...ဒေါက်တာ ကဗျာဆရာရယ်"

မြစ်ပြင်ဘက်မှာတိုက်ခတ်လာသော လေအေးကြောင့် ဆံနွယ် လေးများက မျက်နှာထက်ဆီသို့ ဝဲကျသလို ဖြစ်သွားသည်ကိုပြန် ပြီးတင်ရင်း...

"လူတစ်ယောက်အတွက် ချစ်သူဆိုတာ မဖြစ်မနေ လိုအပ်တဲ့ အရာတစ်ခုလားစိုး"

"ဘုရားသခင်က နှလုံးသားကို ဖန်ဆင်းပေးထားတာကြောင့် ချစ်သူဆိုတာ မဖြစ်မနေရှိသင့်တယ်"

"ဒါဆို စိုးနဲ့မေ ဘာလို့ ချစ်သူမရှိကြတာလဲ"

"အဲ..."

အမေးစကားလေးက ပြန်ဖြေရန်ခက်လှသည်။ ပြောလိုက်ချင် သည် အဖြေက ဘာမှန်းမှမသိ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း၊ ၇၊

"အရမ်းကို ထူးခြားတဲ့နေ့ပါလား"

စီစီသော်သိမ့် ရင်ဘတ်မှ ပြုတ်နေသော အင်္ကျီကြယ်သီးလေးကိုတပ်ပြီး ဒေါ်မြဂုဏ်တင့်တင့်ရှေ့တွင် ဝင်ထိုင်လိုက်သည်။

"အိမ်တော့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော့မှာပဲ"

"စီစီ အပိုစကားတွေ မပြောနဲ့၊ မင်းအိမ်ကို လာချင်လို့ လာတယ်မထင်နဲ့"

"ဒါဖြင့်လည်း ဘာလို့ လာရတာလဲ"

အိပ်ရာထခါစဆိုတော့ ဆံပင်တွေက သပ်သပ်ရပ်ရပ် မရှိသောကြောင့် လက်ဖြင့်ဖြစ်သလို နောက်တွင်စည်းထားလိုက်ပြီး ဒေါ်မြဂုဏ်တင့်တင့်ကို စကားသံ မာမာဖြင့် တုံ့ပြန်လိုက်သည်။

ဒေါ်မြဂုဏ်တင့်တင့်ကတော့ နှုတ်ခမ်းထောင့်မှ စီးကရက်ကို ဖြုတ်ပြီး မီးခိုးငွေ့လေးကို ထုတ်ကာ…

"မင်းလုပ်ရပ်တွေကို ရပ်လိုက်ပါ"

"အလဲ့…အမိန့်ရှင်ကြီးစကားကို ဘယ်လိုနားလည်ပေးရမှာလဲ၊ ငါက ဘာတွေကို ရပ်ရမှာလဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာလုပ်နေလဲဆိုတာ မင်းကိုယ်မင်း သိမှာပေါ့"

"ငါဘာလုပ်နေလဲဆိုတာကို ငါသိပ်ပြီး စိတ်မဝင်စားဘူး၊ မင်း ပြောပြရင်တော့ ပြန်ပြီး စဉ်းစားပေးရမှာ ပြောကြည့်"

စီစီသော်သိမ့် ပုံစံက မထီမဲ့မြင်လုပ်နေသောကြောင့် ဒေါသ တွေက အလိပ်လိုက်ထွက်နေလေသည်။

သူ့အိမ်ထဲ ရောက်နေသောကြောင့်ရယ်နှင့် ကိုယ့်လူက အရှုံး အမဲသား စားသလိုဖြစ်နေသောကြောင့် စိတ်ကိုလျှော့ထားရသည်။

"မင်းဘာတွေကောင်းလဲဆိုတာတော့ငါမသိဘူး၊ အိမ်ကဟာ ကြီးက ဘာနဲ့မှမလဲနိုင်အောင် ဖြစ်နေတယ်"

"ဩော်…ဒီကိစ္စလား ဒါဆိုလည်း ကိုယ့်ဟာကြီးကို ကြိုးနဲ့ ချည်ထားလိုက်ပေါ့"

"ကြိုးနဲ့ချည်ရုံတင်မကဘူး ဂူပိတ်ပြီးတောင် ထားချင်တာ"

"ဟား..ဟား…ခိ…"

သူကလိမ်းထားသော မိတ်ကပ်ကို မဖျက်ရသေးဘဲ မျက်နှာတွင် ကျန်နေသောကြောင့် မိတ်ကပ်နံ့က နှာခေါင်းထဲ ကို တစ်ချက်တစ်ချက် ဝင်လာရင်း အန့်ချင်စိတ်တောင် ပေါက်သည်။ ဒါကို အိမ်ကကျော်ဇော ကြီး တစ်ယောက် ဘာမက်နေလဲမသိ… ခုရယ်ပုံကိုကြည့်လိုက် တကယ့်ကဝေမ….

"မင်းက တော်တော်လေးကို ချစ်တာကိုး"

"ထပ်…သေလိုက်ချင်တယ်၊ ဒီလို ဆံဖြူသွားကျိုးကြီးကို မက်မက်မောမော"

"မင်းနဲ့ ပေါင်းသင်းလာတာ အနှစ်(၃၀)ကျော်လေ ခုမှ ဆံဖြူ



www.burmeseclassic.com

www.burmeseclassic.com



သွားကျိုး ဖြစ်ရတယ်လို့၊ မင်းလည်း ဆံမဖြူ သွားမကျိုးတွေကို တောင့်တနေပြီထင်တယ်"

"တော်တော့ စီစီ၊ မင်းစကားတွေကို လျှောက်ပြီး လွဲ မနေနဲ့၊ ငါအခုပြောချင်တာက အိမ်ကလူကို မင်းဆီမှာ ကြိုက်သလိုထမိန့် အုပ်ထားလည်း ငါဂရုမစိုက်ဘူး၊ ငါဂရုစိုက်နေတာငွေကွ ... မင်းက တင်လေး ရင်လေး နှုတ်ခမ်းလေးလှုပ်ပြီး ငွေတွင်းတူးနေတဲ့ကိစ္စ အတွက် ငါလာတာ..."

"ဒါကတော့ မိန်းမတစ်ယောက်အတွက် နစ်နာကြေးလေ၊ နို့မို့ဆိုရင် တန်ဖိုးမထားမှာစိုးလို့ ငါရဲ့ တင်တွေ ရင်တွေ နှုတ်ခမ်းတွေက ဈေးကောင်းတယ်လေ.."

"စီစီ မင်း ဘာလို့ ငါ့ကို ဒုက္ခပေးနေတာလဲ"

"အလိုတော် အိုးစွပ်ခွက်စွပ်ပါလား၊ ဝေးလိုက်တာ... ငါက ငင်အိမ်ဦးနတ်ကြီးဆီကို သွားခဲ့တာ မဟုတ်ဘူး၊ သူ့ဟာသူ ငမ်းကြော့ထ ပြီး ရောက်လာတာ"

"ဒါဆိုလည်း မင်းရှောင်ပေါ့"

"တင့်တင့် မင်းကရယ်စရာ ပြောတတ်ပေတယ်၊ စီစီတို့ လုပ်နေ တဲ့အလုပ်ဟာ ရှောင်လင်ကျောင်းတော်ရဲ့ အလုပ်မဟုတ်ဘူး၊ ကိုယ်ပိုက် ထဲ တိုးဝင်လာတဲ့ သားကောင်ဆိုရင် ဘယ်သားကောင်မှ အလွတ် မပေးဘူး"

"တောက်...မင်းကွာ"

ထိုင်နေရာမှ ထရပ်ပြီး စကားဆက်စရာမရှိ စကား ဆက်ရင် လည်း နပန်းဖက်ပြီးလုံးဖို့ပဲရှိသည်။ ဒီလိုကြေးစားမိန်းမတစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ပြီးတော့ မပြောချင် သောက်လက်စ စီးကရက်ကို ထိုးချေပြီး ထွက်ခဲ့သည်။

"ငါ အကြံတစ်ခုတော့ ပေးချင်တယ်"

နားမထောင်ချင်ပေမဲ့ ရပ်ပြီး လှည့်ကြည့်လိုက်သည်။

"မင်းလည်း ယောကျ်ားတစ်ယောက်ကို ထိန်းသိမ်းနိုင်တဲ့ အရာတွေ မင်းကိုယ်မှာ ရှိနေတာပဲ၊ ဒါနဲ့ စည်းရုံးကြည့်ပေါ့"

"မင်းလို ကြေးစားခန္ဓာကိုယ်မဟုတ်တော့ အကြိုက်တွေ့မှာ မဟုတ်ဘူးဟေ့"

မြဂုဏ်တင့်တင့် ဒေါနှင့်မောနှင့် ထွက်သွားသော ကျောပြင်ကိုကြည့်ပြီး ပြုံးမိလိုက်သည်။

အိမ်မှာရှိသော နွားသိုးကြီးကိုမြက်နုမကျွေးတတ်သော မြဂုဏ်တင့်တင့်၏ အားနည်းချက်ပင်မဟုတ်လား။

ဒေါ်မြဂုဏ်တင့်တင့် မိန်းမ မာယာအတတ်ကို မသင်ခဲ့ဘူးလို့ပဲ ဆိုရမည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း၊ ၈၊

"ဟင်....ဦးဝဏ္ဏအောင်"

ပန်းမွှံခင် ရေချိုးပြီး၍ ရေချိုးခန်းထဲမှ အထွက် အခန်းဝတွင် ရပ်နေသော ဦးဝဏ္ဏအောင်ကို တွေ့လိုက်ရသည်။ မျက်လုံးတွေ နီမြန်းပြီး ရှမ္မက်တွေဖုံးနေသလို...

အသားစားကျားတစ်ကောင်၏ ရှေ့ကိုရောက်နေသည့် သိုးကလေးသဖွယ်....

ရေချိုးခန်းထဲမှထွက်လာစဉ်က တဘက်ကို ပေါ့ပေါ့ဆဆလေးခြုံထားသောကြောင့်ပန်းမွှံခင်၏ မလုံ့တလုံ ရင်သားတွေကို ဦးဝဏ္ဏအောင် ကြောက်မက်ဖွယ်ကောင်းအောင် စိုက်ကြည့်နေသည်။

တဘက်လေးကို လက်နှစ်ဖက်ဖြင့် ထပ်ပြီး ပတ်လိုက်ရသည်။

"ဖေဖေနဲ့မေမေမရှိဘူး အပြင်သွားကြတယ်"

"ကိုကိုကြီးက မင်းဖေဖေနဲ့ မေမေဆီကိုလာတာမှ မဟုတ်တာ မင်းလေးဆီကို လာခဲ့တာပါ"

အရက်နံ့ထွက်နေသည့် ပါးစပ်နှင့် ခန္ဓာကိုယ်က အနားသို့တိုးကပ်လာသဖြင့် ဘေးသို့ထွက်ရန်ပြင်တော့ လက်တစ်ဖက်က ပန်းမွှံခင် လက်မောင်းကို ချုပ်ကိုင်ပြီး ရင်ခွင်ထဲသို့ အတင်းဆွဲသွင်းတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်…လွှတ်"

"ချစ်….ချစ်လို့ပါကွယ်"

အင်အားချင်းမမျှသည့်အပြင် တဏှာဇီလူးစီးနေသော ဦးဝဏ္ဏအောင်ကို ရုန်းထွက်ဖို့ မလွယ်ကူနိုင်အောင်ဖြစ်နေပြီး နံရံသို့ကပ်သွားသည်။

နှုတ်ခမ်းကြီးက ပန်းမွှံခင်ပါးပြင်ဆီသို့ တိုးဝှေ့ရောက် နေ သည်ကို ရှောင်လွှဲရင်း အင်အားရှိသမျှ ရုန်းကန်သည်။

ကြီးကြီးမေ တစ်ယောက် ဘယ်ကိုရောက်နေလဲ မသိ…

"ကြီးကြီးမေ ကယ်ပါဦး"

"မင်းအော်လို့လည်း မထူးဘူး၊ မင်းကြီးကြီးမေကို အပြင်မှာခိုင်းထားတယ် မင်းလိမ္မာလိုက်စမ်းပါ"

"မှုံကန်တော့ဆို ကန်တော့ပါမယ်၊ မှုံ့ကိုသနားပါ"

နောက်ဆုံး အခြေအနေကိုရောက်နေပြီ ဖြစ်သောကြောင့် ပန်းမွှံခင် အသနားခံဖို့ပဲရှိလေသည်။ ဒါပေမယ့် ရမ္မက်မီးတွေက ငြိမ်းမရလောက်အောင် တောက်လောင်နေသော ဦးဝဏ္ဏအောင်ကတော့ ဒီတစ်ခါရသည့် အခွင့်အရေးပေါ်မှာ ဆုံးရှုံးမခံနိုင်‥ ပန်းမွှံခင်၏ အပျိုစင်ဝတ်ရည်လေးကို သောက်သုံးဖို့အတွက် ဇာတ်ကြမ်းကို ကတော့မည်ဖြစ်သည်။

"အမေ…အဖေ…"

အမေနှင့် အဖေကိုတရင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

ပန်းမွှံခင်ထပ်ပြီး မရုန်းတော့ဘဲ ငြိမ်နေလိုက်သည်ကို ဦးဝဏ္ဏအောင်အတွက် သဘောတူလက်ခံပြီ ဟုထင်ကာ တင်းကျပ်စွာဖက်ထားသောလက်ကို လျော့ချပြီး အင်္ကျီကို ချွတ်သည်နှင့်…

"အား"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝဏ္ဏအောင် ရင်ဝကို ပန်းမှုံခင်…ဒူးဖြင့် ဆောင့်တိုက်ချလိုက်သည်။

ဦးဝဏ္ဏအောင် အရိုက်ထိသောကြောင့် အသက်ရှုရပ်မတတ် ခံစားကာ ဒူးထောက်နေရာမှ ပြန်ပြီးမထနိုင်…

ပန်းမှုံခင် အိမ်ရှေ့တွင် ဖွင့်ထားသော တံခါးဝဆီသို့ ပြေးသွားရာ ကြမ်းပြင်တွင်ခင်းထားသော ကော်ဇောကို အရှိန်နှင့် ခြေချော်ကာ နံရံနှင့် တိုက်မိလေသည်။

"ဟာ"

ဦးဝဏ္ဏအောင် မျက်လုံးပြူးသွားပြီး သောက်ထားသော အရက်ရှိန် တောင် ပြယ်သွားသည်။ မြင်ရတဲ့ မြင်ကွင်းက သွေးပျက်စရာ…

ပန်းမှုံခင် နံရံနှင့် တိုက်မိပြီး သွေးအိုင်ထဲတွင်လဲနေသည်။

"မဖြစ်ဘူး သေသွားရင် အမှုပတ်နေဦးမယ်၊ မြန်မြန်သွားမှ"

ကြမ်းပြင်ပေါ်တွင်လဲနေသော ပန်းမှုံခင်ကို ခွကျော်ပြီး အိမ်ရှေ့တွင် ရပ်ထားသော ကားပေါ်သို့ တက်ကာမောင်း ပြေးလေသည်။

ခြံထဲမှ အတင်းမောင်းလာသော ကားကိုကြီးကြီးမေ ဘေးဘက် သို့ကပ်ပြီးရှောင်ကာ ဘယ်သူ့ကားလဲ ဟုကြည့်လိုက်တော့ ဦးဝဏ္ဏအောင် ား… မြင်ရသည့်ပုံစံက မရိုးသား…ပြီးတော့ ကြီးကြီးမေ အိမ်မှာရှိနေ ည် တယ်လီဖုန်းလာခဲ့သည်။ ဆက်သည့်သူက ဒေါ်မြဂုဏ်တင့်တင့်… ိစ္စက အချိုရည်ဘူးတွေကို ဝယ်ဖို့ ချက်ချင်းထွက်ခဲ့ပါတဲ့။ သမီးလေး ရေချိုးခန်းထဲမှာ ရှိနေ၍ အချိုရည်ဘူးက လမ်းထိပ်တွင် ဆိုသော ကြောင့် မပြောဘဲ ထွက်ခဲ့မိတယ်…။

လမ်းထိပ်ရောက်တော့ ဒေါ်မြဂုဏ်တင့်တင့်က ဈေးဘက်ကို

www.burmeseclassic.com



ပစ္စည်းဝယ်စရာရှိလို့ ဆိုပြီး ခေါ်သွားလို့ ပါသွားခဲ့သည်။ ဈေးကပြန်တော့ လမ်းမလျှောက်နိုင်သည်နှင့် ဆိုက်ကား ငှားစီးပြီးပြန်ခဲ့သည်။ အိမ်ထဲမှာ ဘာတွေဖြစ်နေပြီလဲမသိဘူး··။

စိတ်ထဲမှာ ထင့်နေပြီး အိမ်ထဲကိုဝင်တော့···

"ဟင်····သမီးလေး မှုံ"

သွေးအိုင်ထဲတွင် ပန်းမှံ[illegible]င်တစ်ယောက် သတိမရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

လူနာတွေကို လှည့်လည်စစ်ဆေးပြီး ဆေးထိုးရမည့် သူကို ဆေးထိုး ဆေးတိုက်ရမည့်သူကို ဆေးတိုက်ပြီး အနားယူ ခန်းတွင် စာအုပ်ဖတ်နေစဉ်…

"ဒေါက်တာ"

"ဆရာမ ပြော"

သူနာပြုဆရာမလေး နော်ဖော့ခပ်သွက်သွက်လေး ဝင်လာပြီး

"အရေးပေါ်လူနာ တစ်ဦးရောက်နေတယ်"

"အော်…ခုလာခဲ့မယ်"

နေကမ္ဘာစိုးတို့ တာဝန်ကျနေသည့်နေရာက ထိခိုက် ဒဏ်ရာ ဆောင် ဖြစ်သောကြောင့် အရေးပေါ်လူနာနှင့် ပတ်သက်ပြီး နေကမ္ဘာစိုး တာဝန်ပင်…

တန်းမှာ ချိတ်ထားသော နားကြပ်လေးကို ယူပြီး ဆရာမ နော်ဖော့နှင့် အတူထွက်လာခဲ့သည်။

လူနာမှာတွန်းလှည်းဖြင့် စမ်းသပ်ခန်းထဲသို့ ရောက်နေပြီဖြစ် သည်။

"ဟာ…"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့် ကိုယ်ပေါ်တွင် သွေးများစွန်းထင်းနေပေမယ့် ကောင်မလေးမျက်နှာကို နေကမ္ဘာစိုးမြင်သည်နှင့် မှတ်မိနေသည်။

တစ်ကြိမ်သာဆုံဘူးပေမယ့် စွဲမက်လောက်အောင် မှတ်မိနိုင်သော မျက်နှာလေးတစ်ခု…။

"ဆရာမ သွေးလိုမယ် လူနာရှင်ဆီကို သွားပြီး မေးပါ"

"ဟုတ်ကဲ့"

ကောင်မလေးအတွက် လိုအပ်သည့် အရေးပေါ်ကိစ္စတွေကို ဆောင်ရွက်ပြီး သွေးသွင်းရန်သာရှိတော့သည်။

စမ်းသပ်ခုတင်ပေါ်တွင် သတိလစ်နေသော ကောင်မလေး၏ မျက်နှာတွင် ကြောက်လန့်ဖွယ်ရာတစ်ခုကို တွေ့ကြုံခဲ့ရသလို ရှိနေ၏။

ဒဏ်ရာက ခေါင်းဘယ်ဘက်ခြမ်းကို ပြင်းထန်သော အရာနှင့် ထိခိုက်လာခြင်းကြောင့် ရထားသည့်ဒဏ်ရာ၊ တော်သေးသည် ဦးနှောက်ပိုင်းကို ထိခိုက်စေနိုင်သည့် ဒဏ်ရာမျိုးတော့ မဟုတ်၊ ဓါတ်မှန်ရိုက်ကြည့်လျှင် တိကျသော အဖြေကို ရမည်၊ လောလောဆယ်တွင် ကောင်မလေး သွေးထွက်လွန်နေသောကြောင့် အရေး ပေါ်သွေးသွင်းဖို့ပင်…..။

"ဆရာ…"

"ဆရာမ လူနာရှင်က ဘာပြောလဲ"

ဆရာမနော်ဖော အခန်းထဲသို့ ရောက်လာပြီး စိတ်မသက်သာသော မျက်နှာဖြင့်

"လူနာရှင်က အဘွားကြီး ဒေါက်တာ…သူလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ…ကျွန်တော့်သွေးကို ဖောက်ယူဖို့ပြင်ပါ"

"ရှင်"

နေကမ္ဘာစိုး စကားကို နှာဖော့တကယ်ပင်အံ့သြသွားသည်။

ဆေးရုံတွင် ဒီလိုဒေါက်တာမျိုးကို ရှားမှရှားတွေ့နေရခြင်းဖြစ်သည်။

ဒေါက်တာ နေကမ္ဘာစိုးသည်ဒေါက်တာကောင်းတစ်ယောက်ပင်။ ဆရာဝန်ဂုဏ်အင်္ဂါနှင့် ပြည့်သူတစ်ဦးမို့ မလေးစားဘဲ မနေနိုင်…

"အန်တီ…"

"လူလေးရယ်…သမီးလေး အသက်ကိုကယ်ပါဦး"

နေကမ္ဘာစိုး လက်ကလေးကို ကိုင်ပြီး တုန်ယင်စွာဖြင့် ကြီးကြီးမေ အသနားခံလေသည်။

"အန်တီ့သမီး ဘာမှမဖြစ်တော့ပါဘူး၊ သွေးအားနည်းလို့ သွေးသွင်းရမှာပါ"

"လူလေးရဲ့ကျေးဇူးက ကြီးမေတို့ နှစ်ယောက် အပေါ်မှာ တင့်နေပါပြီ"

"ရပါတယ် အန်တီ ဒါနဲ့ ဘယ်လိုဖြစ်ရတာလဲ"

ကြီးကြီးမေ အဖြစ်မှန်ကို ဘယ်လိုပြောဆိုရမည် ကိုစဉ်းစား နေရသည်။ အမှန်အတိုင်းပြောလိုက်ပါက ဦးကျော်ဇောကျော့မောင် ဒေါ်မြဂုဏ်တင့်တင့်တို့နှင့် ပြဿနာကထိပ်တိုက်တွေ့ရတော့မည်။ ခုကိစ္စတွင် သူတို့ ပယောဂမကင်း တကယ့်ကို အံ့ဖွယ် မိဘနှစ်ပါး…

သားသမီးကို ရက်စက်သော မိဘဆိုတာ ကြီးမေကြားခဲ့ဖူးပေမယ့် ခုတော့ ဒီမိဘနှစ်ပါးကို စံတင်လောက်အောင် တွေ့ဖူးခဲ့လေပြီ…။



www.burmeseclassic.com

www.burmeseclassic.com



"ရေချိုးခန်းက အထွက်ချော်လဲတာပါ"

"ဪ…"

"ဒေါက်တာ အသင့်ဖြစ်ပြီ"

"ဟုတ်ကဲ့"

ကြီးကြီးမေကို မလိုက်ရန်ပြောပြီး အခန်းထဲသို့ ပြန်ပြီးဝင်သွားသည်။

ပန်းမှုံခင်၏ အသက်ရှင်နိုင်ဖို့အတွက် ကြီးကြီးမေ ရင်လေးမိသည်။

မိဘကျင့်ဝတ်မပီသော အရိပ်အောက်တွင် ပန်းမှုံခင် ဘဝ ကလေးကံဆိုးခြင်းများစွာနှင့်ကြုံရပေတော့မည်။

"ကံဆိုးပါပေ့ သမီးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၊ ၉ ၊

ဆက်ရက်ငှက်ကလေး၏ အမေဖြစ်သူနှင့် အဖေဖြစ် သူက မြေပြင်တွင်ကြဲထားသော အစာလေးကို ပါးစပ်နှင့်ငုံပြီး အဝေးဆီမှ ရင်သွေးလေးပါးစပ်ထဲသို့ ထည့်ပေးနေသည်ကိုကြည့်ပြီး ပန်းမှုံခင်ငိုချလိုက်တော့သည်။

ပန်းမှုံခင်ဆေးရုံတက်၍ ဆေးရုံဆင်းသည့်နေ့အထိ မိဘဖြစ်သူနှစ်ယောက်လုံး တစ်ယောက်မှ ပေါ်မလာပေ…။

ကြီးကြီးမေတစ်ယောက်သာ ပန်းမှုံခင်အနားမှာ ရှိနေရသည်။

ပန်းမှုံခင်မိဘတွေ ဘာလို့ သမီးတစ်ယောက်ပေါ်မှာ သံယောဇဉ်မရှိခဲ့ကြတာလဲ ဆိုသည်ကို တွေးမိတိုင်း မျက်ရည်တွေ မျက်ဝန်းတွင်မက ရင်ထဲမှာပင် ကျနေရလေပြီ…

ရက်စက်လိုက်တာ ဖေဖေနဲ့ မေမေရယ်…

လောကကြီးမှာ သားဆိုးသမီးဆိုးသာ ကြားဖူးတယ် မိဘဆိုးဆိုတာ မကြားဖူးခဲ့ဘူး၊ သမီးမှာ ဘာတွေ အပြစ်ရှိလို့ ပစ်ပစ်ခါခါ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရက်ကြတာလဲ…

"မပန်းမွှံခင်"

"ရှင်…."

ဤလောကကြီးတွင် အကြင်နာတရား အပြည့်ဝဆုံးခေါ်သံတစ်ခုကို ကြားလိုက်ရသလို…

ဒေါက်တာနေကမ္ဘာစိုး၏ ခေါ်သံလေးကြောင့် မျက်ရည်တွေကိုလက်နှင့် ကမန်းကတန်းသုတ်လိုက်ရသည်။

ပန်းမွှံခင်ဆိုသည့် ကောင်မလေး မျက်ဝန်းတွင် မျက်ရည်စလေးတွေနှင့် ဖြစ်နေရခြင်းကို ဘာကြောင့် ခံစား မိနေသလဲမသိ။

ပြတင်းပေါက်ဆီသို့ ရောက်နေသော အကြည့်ကလေးကို ရုပ်သိမ်းပြီး ခပ်ကျုံ့ကျုံ့ကလေး ထိုင်ကာ နေကမ္ဘာစိုး မျက်နှာကို ပန်းမွှံခင် ကြည့်မိ၏။

တကယ်ကို အပြစ်ကင်းစင်သော မေတ္တာရှင်တစ်ဦး…

"ဆေးရုံဆင်းခါနီးမှ ဘာလို့ ငိုနေရတာလဲ"

"ဝမ်းနည်းလို့ပါ ဒေါက်တာ"

ပန်းမွှံခင်ထံမှ ပြည့်ပြည့်စုံစုံမဟုတ်တဲ့ ဖြေရှင်းချက်ကို ဆက်ပြီး မမေးတော့ဘဲ…

"အိမ်ရောက်တာနဲ့ ဆေးတော့ မှန်မှန်သောက်နော် ပတ်တီးဖြေရက်ကျရင် တစ်ခေါက်ပြန်လာဦး"

"ဟုတ်ကဲ့"

"ကြီးကြီးမေ ရော"

"ဆေးရုံဆင်းဖို့အတွက် သွားပြီး ပြင်ဆင်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စုပ်စုတာတော့ မဟုတ်ဘူး မင်းနဲ့ကြီးကြီးမေက သား အမိ မဟုတ်ဘူးနော်"

"ဟုတ်ပါတယ်"

"မိဘတွေရော"

ဒေါက်တာနေကမ္ဘာစိုး စကားကို ဘယ်လို ပန်းမှုံခင် ဖြေရမလဲ မသိ…

"မိဘတွေက နယ်မှာလေ"

"ဪ…အသိတော့ပေးပြီးပြီလား"

"ကြီးကြီးမေက ဒဏ်ရာက သိပ်ပြီး မစိုးရိမ်ရလို့ အကြောင်း မကြားခဲ့ဘူး"

မိဘနှစ်ပါး မကောင်းပေမယ့် သားသမီးတစ်ယောက်အနေနှင့် မိဘနှစ်ပါးအပေါ်မှာကတော့ အကောင်းပဲ ပြောချင်တယ်။

ဒေါက်တာနေကမ္ဘာစိုးက သူ့ကိုစကားတွေ အများကြီး ထပ်ပြီး မေးမှာကိုကြောက်နေသလို အနားက ထွက်သွားမှာလည်း စိုးရိမ် နေ ပြန်သည်။

"ဟိုဘက် လူနာတွေ သွားကြည့်ဖို့ ခွင့်ပြုပါဦး"

"ဟုတ်ကဲ့..ဪ…ဒေါက်တာ"

ခုတင်ဘေးမှ လျှောက်မည့်ခြေလှမ်းကို ပြန်ရပ်ပြီး ပန်းမှုံခင် မျက်နှာလေးကို လှည့်ကြည့်မိသည်။ ပြီးတော့ ပြောမည့်စကားကို စောင့်လျက်…

"မှုံပြောနိုင်တဲ့ စကားက တစ်ခွန်းတည်းပဲရှိပါတယ် ဒေါက်တာ၊ ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဆရာဝန် တစ်ယောက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



လူနာတွေဆီက ကျေးဇူးတင်တာ မဆန်းပေမယ့် မှုံရဲ့ ကျေးဇူးစကားဟာ နှုတ်ဖျားက စကားမဟုတ်ပါဘူး၊ မှုံရင်ထဲက လှိုက်လှိုက်လှဲလှဲ ပြောခဲ့တဲ့ စကားလေးတစ်ခွန်းပါ"

"ကျုပ် အသိအမှတ်ပြုထားပါ့မယ်"

ခုတင်ဘေးတွင် ကျနေသော လက်ကိုင်ပဝါ အဖြူလေးကို ကောက်ပေးပြီး ပန်းမှုံခင်ခုတင်ဘေးမှ နေကမ္ဘာစိုး ထွက်ခဲ့လေသည်။

"ဟဲ့…ကောင်မလေး"

"ရှင်…ဒေါ်လေး"

ပန်းမှုံခင် ဘေးချင်းကပ် ခုတင်မှ အဒေါ်ကြီးက စပ်စပ်စုစု အကြည့်ဖြင့်ကြည့်ကာ…

"ဒေါက်တာ နင့်ကို အရမ်းကို ဂရုစိုက်တာပဲနော်"

"ဒေါက်တာ ဂရုစိုက်တာ သမီးတစ်ယောက်ထဲ မဟုတ်ပါဘူး၊ လူနာအားလုံးကိုပါ"

"နင့်ကိုတော့ နည်းနည်းပိုပါတယ်"

မျက်နှာကို မဲ့ရွဲ့ပြီး ပြောနေသည့် အဒေါ်ကြီးကြောင့် စိတ်ပျက်သွားသည်။

အတိုက်အခံပြောနေလျှင်လည်း မထူးသဖြင့် ဘာမှမပြောတော့ဘဲ ခုတင်သံတိုင်ကို မှီပြီး ဒေါက်တာနေကမ္ဘာစိုး၏ ဂရုစိုက်မှုအပေါ်မှာ ကျေနပ်နေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကြွပ်ကြွပ်အိတ်အနက်ဖြင့်ထုပ်ထားသော ငွေထုပ်ကို ဒေါ်မြဂုဏ်တင့်တင့် ရှေ့သို့ ဦးဝဏ္ဏအောင် ထိုးပေးလိုက်သည်။

"ဘယ်လိုမှ သဘောမထားပါနဲ့ဗျာ နစ်နာကြေးပေါ့"

"ဟဲ…ဟဲ…ရပါတယ် ကိုဝဏ္ဏအောင်ရယ်"

ငွေကိုဘုရားသခင်လို ကိုးကွယ်နေသည့် ဒေါ်မြဂုဏ်တင့်တင့် အတွက် သမီးတစ်ယောက်ကို အရင်းပြု၍ ရလိုက်သော ငွေထုပ်ကို ကျေကျေနပ်နပ်ကြီး လက်ခံနေလေသည်။

ဦးကျော်ဇောကျော့မောင်ကတော့ သူ့အတွက် ဝယ်လာပေး သော ဘလက်လေဘယ်အရက်ပုလင်းကိုသာ မျက်စိ ကျနေလေ သည်။

"ဆက်ပြီး နားပူတာတော့မဟုတ်ဘူး၊ ကျုပ်ပြောတဲ့ အစီအစဉ် လေးကို ဘယ်တော့ အကောင်အထည်ဖော်မှာလဲ"

"သြော်…သမီးလေးကိစ္စလား… စိတ်ချနေပါ၊ ဖြစ်အောင် စီစဉ် ပေးပါ့မယ်"

"ဒီအစီအစဉ်သာ ဖြစ်မြောက်ရင် ကျုပ်ဆီက ခင်ဗျား တို့ယူ ထားတဲ့ငွေတွေအတွက် ပူစရာမလိုတော့ဘူး၊ တကယ်လို့ မဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျုပ်ငွေတွေကို အဆုံးမခံနိုင်ဘူးနော်၊ ကျုပ် အကြောင်း ခင်ဗျား အသိဆုံး·· ငွေနဲ့ပတ်သက်လာရင် သိကြား မင်းတောင် စစ်ခင်းမယ့် ကောင်"

ဦးဝဏ္ဏအောင် စကားက ချော့တစ်မျိုး ခြောက်လို့ တစ်ဖုံနှင့် ဒေါ်မြဂုဏ်တင့်တင့်တို့ကို ဖိအားပေးနေသည်။

သမီးတစ်ယောက်ကို ရောင်းတန်းဈေးကွက်ပေါ် တင်ပြီး ရောင်း စားနေသော မိဘနှစ်ပါးအတွက်ကတော့ သူတို့ ယူသုံးထားသည့် ငွေတွေကို ပြန်မဆပ်နိုင်ရေးအတွက် သမီးကို အရွယ်ချင်း အများကြီး ကွာလှသော မုဆိုးဖိုကြီးနဲ့ ဦးဝဏ္ဏအောင်လက်ထဲသို့ ထည့်ရန်ကြံ စည်နေ၏။

"မင်္ဂလာပွဲကြီးကို ခမ်းခမ်းနားနား လုပ်ပေးမှာပေါ့"

ယိုသူမရှက် မြင်သူရှက်ဆိုသည့် စကားကို ကြီးကြီးမေ ကြား ယောင်မိသည်။ ဧည့်ခန်းတွင် ပြောနေကြသော စကားတွေနှင့် အမူအရာတွေက အော့နှလုံးနာချင်စရာကောင်းနေ၏။

ပန်းမှုံခင်သာ ဒီစကား ဒီအမူအရာတွေကို မြင်လျှင် သေချင် လောက်အောင်ဖြစ်မှာ အမှန်ပင်၊ ဆက်ပြီးနားမထောင်ချင်တော့သဖြင့် ပန်းကန်လေးကိုကိုင်ကာ ပန်းမှုံခင်အခန်းသို့ တက်ခဲ့စဉ်

"ဒေါ်ညို···"

ဒေါ်မြဂုဏ်တင့်တင့်အသံက ပျော့ပျောင်းသလိုရှိနေသည်။

"သမီးလေးအတွက် အစားအသောက်တွေကို အားရှိတာကျွေး နော်"

တကယ်ပင် ကြား၍ကောင်းသော မိခင်တစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



စကား.....

မှသားမပါလျှင် မိဘရဲ့ မေတ္တာဟု ပြောရပေမဲ့ ဟန်ဆောင် လုပ်စကားကြီးပြောနေသဖြင့် လက်ထဲမှ ဆန်ပြုတ်ပန်းကန်နှင့် ကောက်ပေါက်ပစ်ချင်စိတ်ပေါက်လာသည်။

"ဩော်...ဒါနဲ့ ကိုဝဏ္ဏအောင် သားတွေက သဘောတူရဲ့လား"

"ဝေးရော ကျုပ်က ဖအေလေ၊ သားသမီးသြဇာခံမဟုတ်ဘူး၊ သားနှစ်ယောက်ရှိတယ်၊ သူတို့အိမ်နဲ့ သူတို့၊ ကျုပ်က အားလုံးကို ရှုပ်ရှုပ်ယှက်ယှက် ဖြစ်မှာစိုးလို့ ခွဲခြမ်းပြီးသားဗျ"

"ဒါဆိုရင် ကိစ္စက ဖြစ်ပါပြီ"

"စကားတွေနဲ့ ဖြစ်မနေနဲ့၊ လက်တွေ့ဖြစ်ဖို့က အရေး ကြီး တယ်"

ပန်းမှုံခင်အတွက် အဆိပ်ရေအိုင်ထဲကို ပျားရည်အသွင် သောက်ခိုင်း တော့မည့် မိဘနှစ်ပါးရဲ့ ထိုးစစ်ကိုခံဖို့ပြင်ပေတော့...

"သမီးမှုံ သောက်လေ.. သောက်ရတာ ခံတွင်းမတွေ့လို့ လား"

"မဟုတ်ပါဘူး ကြီးကြီးမေရယ်"

ဆန်ပြုတ်ပန်းကန်လေးကို ကိုင်ပြီး ငေးငိုင်နေသော ပန်းမှုံခင် ကို ကြည့်ပြီး ကြီးမေတစ်ယောက် စိတ်ထဲတွင် မကောင်းလှပေ။

"သမီးစဉ်းစားနေတာပါ"

"သမီးလေးက ဘာကိုစဉ်းစားနေမိလို့လဲ"

"ဖေဖေနဲ့မေမေတို့ ဘာလို့ မှုံအပေါ်မှာ ရက်စက်နိုင်တဲ့ သူတွေဖြစ်နေကြတာလဲ ဟင်..."

မှုံရင်ထဲက လှိုက်လှဲစွာ ထွက်ပေါ်လာသော စကားသံ...



www.burmeseclassic.com

www.burmeseclassic.com



ထိုအမေးစကားကို ပန်းမွှံခင်အကြိမ်ကြိမ်မေးခဲ့ဘူးသည် တခြားသူ ပေါ်မှာတော့မဟုတ် သူ့ကိုယ်သူပင်

"သြော်…ကလေးရယ် သူတို့ဘဝမှာက ငွေထက် အရေးကြီးတာ ဘာမှမရှိဘူးလေ"

"ကြီးမေ"

"ဘာလဲ သမီးလေးရယ်"

ပန်းမွှံခင်မေးမည့် စကားကို ချက်ချင်းနှုတ်ဖျားမှ မထွက် သေးဘဲ လက်ထဲမှ ဆန်ပြုတ်ပန်းကန်ပြားလေးကိုစားပွဲ ပေါ်တင်လိုက်ပြီးမှ

"သမီးဟာ ဖေဖေဦးကျော်ဇောကျော့မောင်နဲ့ မေမေ ဒေါ်မြဂုဏ်တင့်တင့်တို့ရဲ့ သမီးအရင်းမှဟုတ်ရဲ့လား"

"အယ်…"

ပန်းမွှံခင်မေးမည်ဆိုလည်း မေးသင့်သော စကား… မိဘ နှစ်ပါးလုံးက ပန်းမွှံခင်ပေါ်မှာ ကြင်နာမှု ဂရုစိုက်မှုတို့သည် ငယ်စဉ်ကတည်းက မရှိခဲ့ပေ…

"သမီးလေးရယ် ကြီးမေသိသလောက်ကတော့ သမီးလေးကို သူတို့မွေးခဲ့ကြတာပါ"

"ကြီးမေ ညာတာမဟုတ်ပါဘူးနော်"

"မဟုတ်ရပါဘူးကွယ်၊ သမီးမွေးတုန်းက ကြီးမေက ဒီအိမ်မှာရှိနေတာ၊ သမီးလေးကိုမွေးပြီး နောက်တစ်နေ့မှာ ကြီးမေ ကိုယ်တိုင်ဆေးရုံကို လိုက်လာပြီး မြဂုဏ်တင့်တင့်ကို ပြုစုခဲ့ရတာပါ ဒီတုန်းက သမီးလေးက ဘေးမှာလေ"

"ဒါဖြင့် ဘာလို့ သမီးကို မချစ်ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းမှုံခင်၏ ဒီအမေးစကားကို ကြီးကြီးညို တစ်ယောက် ခေဖြေနိုင်တော့ပေ…

"ကြီးကြီးမေ ဖြေပါဦး"

"ချစ်တော့ ချစ်ကြမှာပါ၊ သူတို့လင်မယား ပြဿနာတွေနဲ့ ရှုပ်ထွေးနေတော့ သမီးလေးကို ချစ်ချိန်မရသလိုဖြစ်နေမှာ ပေါ့ကွယ်"

အနီးစပ်ဆုံး ဖြေသိမ့်စကား တစ်ခုဆိုသည့်ကို ပန်းမှုံခင် နားလည်လိုက်သည်။

မိဘမဲ့စွာ နေထိုင်နေသော သူတွေ ထက်စာလျှင် မိဘနဲ့ နေခြင်းသည် နည်းနည်းလောက် ကောင်းသည်ဟု သတ်မှတ်ရမည်။

"မနက်ဖြန် သမီးလေးပတ်တီးဖြေရမှာနော်"

"အင်း"

ခေါင်းကပတ်တီးဖြည်ပြီး ချုပ်ရိုးဖြေရမှာဆိုသည်နှင့် ဒေါက်တာကမ္ဘာစိုးမျက်နှာလေးကို ပြေးပြီး မြင်ယောင်လိုက်မိသည်။

ကမ္ဘာရတွင် လျှောက်နေရတဲ့ လူတစ်ယောက်အတွက် အိုအေစစ်လေးတစ်ခုသည် ဒေါက်တာကိုကို တစ်ယောက်ရယ်လို့ ထင်မိသည်။ ဒါဟာ ပန်းမှုံခင် နှလုံးသား၏ကွန်းခိုရိပ်ကလေးတစ်ခုရယ်ပါ…။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၁၀ ၊

ခြံဝတွင် ကားရပ်လိုက်ပြီး ဟွန်းတီးလိုက်သောအခါ ခြံစောင့် ကိုစိုးပြေးထွက်လာကာ တံခါးကိုဖွင့်ပေးသည်။

မေမြတ်သုန္ဒရီ မျက်လုံးက အရင်ဆုံး ခြံထောင့်တွင် သီး သန့်စိုက်ထားသော ပန်းအိုးကလေးဆီကို အကြည့်ရောက်သွားသည်။

"ကိုစိုး ပန်းအိုးကို ရေလောင်းရဲ့လား"

"လောင်းပါတယ် မမ...."

ဒီပန်းအိုးလေးသည် နေကမ္ဘာစိုး မွေးနေ့တုန်းက လက် ဆောင်ပေးထားသောနှင်းဆီပန်းအိုးကလေးဖြစ်၍ အမြတ်နိုးဆုံး ထားရသည်။

ကားကို ခြံထဲမောင်းဝင်လာ၍ အိမ်ပေါက်ဝတွင် အနီရောင် HONDA ကားကလေးကို မြင်လိုက်ရ၍ တကယ်ပင် မွန်းကျပ် သွား သည်။

ဒယ်ဒီ ပြောပြောနေသော ရုပ်ပါထူးမောင် ကားဆိုသည် သိလိုက်၏။

ဘယ်လိုမှ ခံစား၍မရသော လူတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ မိတ်ဆွေသားဖြစ်နေခြင်းနှင့် လူမှုရေးပိုင်းတွင် ညံ့ဖျင်းသည်ဆိုသော ပြောဆိုမှုကို မခံရအောင် ဆက်ဆံရေးကို ပြေပြစ်အောင်လုပ်နေရပေမယ့်...

မေမြတ်သုန္ဒီ...ရူပါထူးမောင်နှင့် တွေ့ဆုံချိန်များသည် အသက်ပင်တိုချင်သည်။ ကားကို ဂိုဒေါင်ဆီသို့တန်းမောင်းပြီး အိမ်ထဲသို့ တည့်တည့်မတ်မတ် မဝင်သေးဘဲ နှင်းဆီပန်းအိုးလေးဆီသို့ လျှောက်လာကာ.....

"စိုးရယ်... မေ့ကို မကယ်နိုင်တော့ဘူးလား...."

ဖူးပွင့်ရန်ဟန်ပြင်သော နှင်းဆီဖူးလေးကို လက်ကလေးနှင့် သာသာအယာကိုင်ပြီး မေးမိလိုက်သည်။

" သုံ့ကနှင်းဆီချစ်သူ ထင်တယ်"

" အယ်.."

အသံရောက်သည့် နေရာသို့ မေမြတ်သုန္ဒီ မျက်နှာမမူဘဲ ပန်းလေးဆီကို အာရုံပို့ပြီး စူးစိုက်လိုက်သည်။

နှင်းဆီလေးတွေက ပွင့်တော့မှာကို... စကားမရှိ စကားရှာ သည့်စကား...

"တို့လည်း နှင်းဆီချစ်တယ်"

"သေ...."

နှင်းဆီပန်းအိုးကြီးကို ရိုက်သာခွဲလိုက်ချင်တော့သည်။ စိုးပေး, ခဲ့သော လက်ဆောင်လေးဖြစ်၍သာ.....

"နှင်းဆီချစ်တယ်ဆိုရင် စိုက်ထားပေါ့"

"စိုက်တော့စိုက်ချင်တယ်။ တို့က အိမ်မှာနေရတာက သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလေ"

အင်္ကျီကော်လံကို လက်နှင့်မြှင့်တင်ပြီး အနီးကပ်ဆုံး ရောက်အောင်ကပ်လာသည့် ရူပါထူးမောင်ကိုယ်မှ ရေမွှေးနံ့က တစ်နေ့လုံးမောပန်းသမျှတွေကို ပစ်လဲချင်လောက်အောင် ဖြစ်သွားသည်။

ရှေ့သွား နှစ်ချောင်းကိုပေါ်အောင် ရယ်ပြပြီး...

"သုံ့ပြန်လာပြီလား...၊ ပင်ပန်းမှာပေါ့နော်.."

"ပင်ပန်းတာတော့ ပြောမနေနဲ့၊ အိမ်ပြန်ရောက်တာနဲ့ အိပ်ရာထဲကို အရင်ဝင်ပြီး အိပ်ပစ်လိုက်တာပဲ...."

မေမြတ်သုန္ဒရီက စကားကိုဖြတ်ချင်နေသည်ဟု သဘောပေါက်သောကြောင့် ရရှိသည့်အခွင့်အရေးကို ရူပါထူးမောင် အပြည့်အဝဆုပ်ကိုင်အားစိုက်ရတော့မည်။

"သုံ့ကို အန်ကယ်တို့ ဘာပြောထားလဲ..."

"ဘာမှ မပြောဘူး..."

"အင်း..."

မေမြတ်သုန္ဒရီထံမှ ပြောထားသည်ဆိုလျှင် သူ့ဘက်က စကားတွေကို ဆက်ပြီးပြောနေဦးမည်။ ယခုတော့ ပြောဖို့ အကြံသည်ကားအထမမြောက်...

"သုံ့မသိသေးဘူးနဲ့ တူတယ်...ဒီလို သုံ့ရဲ့ ဟို..."

"ကိုရူပါထူးမောင်"

"ဗျာ...."

နောက်ဆက်တွဲစကားမျိုး မကြားချင်သောကြောင့် စကားမဆက်မီ နာမည်ကိုခေါ်လိုက်ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို.. ကျွန်မကို တစ်ခုလောက် ကူညီပါလား.."

" ရ.. ရပါတယ်... ဘာလုပ်ပေးရမလဲ.. ပြော.."

"ဟိုမှာ... တွေ့လား..."

အိမ်ရှေ့တွင်ရှိနေသော ဂမုန်းအိုးကို လက်ညှိုးထိုးပြလိုက်သည်။

"အင်း... တွေ့တယ်..."

"ဒီပန်းအိုးကလေးကို ဟိုအစွန်ဆုံးကို ရွှေ့ပေးပါလား ခိုင်းတယ်လို့ ထေင်နဲ့နော်...."

"ကိစ္စမရှိပါဘူး..."

အလုပ်မရှိ အလုပ်ရှာခိုင်းကာ အိမ်ပေါ်သို့တက်ခဲ့တော့သည်။

အိမ်ထဲရောက်တော့ ဒယ်ဒီက မချိုမချဉ်မျက်နှာနှင့်ကြည့်ပြီး...

"သမီး... မောင်ရှူပါထူးမောင်ရော.. ကွယ့်"

"ပန်းအိုးရွှေ့ပေးနေတယ်..."

"သမီးရယ် ညှို့သည်ကိုကွယ်... အားနာစရာ.."

မာမီက အားနာသောလေသံဖြင့် ပြောနေပေမယ့်.. မေမြတ်သုန္ဒရီတော့ အားမနာနိုင်ပေ... စိတ်ပျက်ပြီး နောက်မလာလျှင်ပိုတောင် ကောင်းသေး......

ဒယ်ဒီနှင့်မာမီကို ဖြေရှင်းချက်တွေ မပေးတော့ပဲ... အခန်းထဲသို့ဝင်ကာ အခန်းတံခါးကို လော့ချပြီးခုတင်ပေါ်တွင် လှဲချလိုက်သည်။

ခုတင်ပေါ်မှ ခေါင်းအုံးကြီးကို အားပါးတရဖက်ပြီး...

ရှင်..အူကြောင်ကြောင် လုပ်မနေနဲ့ ဒေါက်တာကြီးရေ... ဒီမှာ လူကြီးတွေက ကျုပ်ကို အပျိုကြီးစာရင်းက အတင်းဖျက်ဖို့ လုပ်နေကြပြီ...ဟွန့်...မုန်းဖို့ကောင်းလိုက်တာ၊ တစ်ခါတည်း ဆွဲကုတ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်တယ်… ကဲ… ကဲ…..

မေမြတ်သုန္ဒရီ လုပ်သမျှကို ဖက်ခေါင်းအုံးကြီးက သည်းခံပြီး နေရရှာတော့သည်။

“အန်ကယ်…သုံးရော”

“အိမ်ထဲမှာ”

“ဗျာ….”

မေမြတ်သုန္ဒရီ အဖေစကားကြောင့် ကြိုးစားပြီးသယ်ခဲ့သမျှတွေ အလကားဖြစ်ချေပြီ….။

“ဒါနဲ့… မောင်ရှုပါကဘယ်တော့ သဘော်ပြန်ထွက်မှာလဲ”

“နောက်တစ်ပတ်ထဲမှာ အန်တီ”

“သြော်… မြန်သားပဲကွဲ..”

“မမြန်လို့ မဖြစ်ဘူး ခုချိန်မှာ ကြိုးစားပြီးရှာနိုင်မှ ဖြစ်မှာလေ”

ယောက္ခမရှေ့ အထင်ကြီးအောင် စကားလုံးတွေနဲ့ ပြောနေရပေမယ့် မေမြတ်သုန္ဒရီက ဖုတ်လေတဲ့ငပိရှိတယ်လို့တောင် မထင်။

“ကြိုးစားပေါ့ကွယ်.. ဒါမှ နောင်ရေးစိတ်အေးရမှာ.. ..”

“ဟုတ်ကဲ့.. ကျွန်တော့်ကို ခွင့်ပြုပါဦး…သုံ့ကိုလည်း နှုတ်ဆက်ခဲ့တယ်လို့ ပြောပေးပါနော်… ကျွန်တော်ဝယ်လာတဲ့ ရေမွှေးလေး မကြိုက်ရင်ပြော…”

“အေး.. အေး…”

ဆက်ပြီးနေချင်နေပေမယ့် မေမြတ်သုန္ဒရီတရေးနိုးချိန်ထိ စောင့်နေလျှင် လူစင်စင်က ဘဲနေးဘဝကို ရောက်နိုင်သဖြင့် ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိစ္စကတော့ မလွယ်ဘူးထင်တယ်.... အဖေကြီးရေ..."

"ဘာလို့..မလွယ်ရမှာလဲကွယ်.. ငါတို့က သမီး ကောင်းစားဖို့ လုပ်တာပဲ"

"ရှင်ကသာစီစဉ်နေ.... သမီးဆန္ဒက ပါမှမပါဘဲ"

"ဟင်း....."

မေမြတ်သုန္ဒရီ ဖခင် ဦးစံလှအောင်တစ်ယောက် ရှေးဟောင်း ဆေးတံကြီးကို ဘယ်ဘက်ပါးချောင်တွင်ကိုက်ပြီး သက်ပြင်းချလေ တော့သည်။

"မင်းလည်းဝင်ပြီး နားချဦးလေ..."

"တော်... တော် ရှင့်ကိစ္စထဲ ဝင်မပါပါရစေနဲ့..."

သိုးမွေးထိုးလက်စကိုရပ်ပြီး မျက်စောင်းထိုးကာ ပြောလိုက် သည်။

"ကောင်လေးက ရိုးရိုးဖြောင့်ဖြောင့်လေး အသောက်အစား အပျော်အပါးကင်းပါတယ်..."

"ရှင် လူမှားနေပြီ..."

"ဘာလဲကွ.. မင်းစကားက..."

"ရှင်ပြောရမှာ ကျွန်မ မဟုတ်ဘူး...ရှင့်သမီးကို ပြောပြရမှာ လေ.. ဘယ့်နှယ့် ကျုပ်ကို ပြောပြနေတာလဲ"

"မင်းကတစ်ဆင့် ပြောခိုင်းမလို့ပေါ့..."

ဒယ်ဒီနှင့်မာမီ ပြောနေကြသည်ကို အပေါ်မှနားထောင်ပြီး ရယ် ချင်မိသည်။

မေမြတ်သုန္ဒရီကံကောင်းတာတစ်ခုနဲ့ကတော့ ဒယ်ဒီက သဘောတူပေမယ့် အတင်းအဓမ္မတော့ မစီစဉ်..

---



www.burmeseclassic.com

www.burmeseclassic.com



"ကြာရင် မကောင်းဘူးကွ…"

"အယ်… ရှင့်စကားက ဘာ မကောင်းရပြန်တာလဲ‥"

"မင်းသမီးကိုပြောတာ…"

"ကျုပ်သမီးက ကြာရင်မကောင်းရအောင် ပုပ်သိုးတဲ့ ပစ္စည်း မှမဟုတ်တာ…"

"ပုပ်သိုးတာထက်ဆိုးတာရှိတယ်ကွ…"

"ဘာလဲ…"

"ငါတို့ ဒီတစ်သက်တော့ မြေးချီရတော့မယ် မထင်တော့ ပါဘူး …"

ဘုရား… ဘုရား‥ ဒယ်ဒီနှင့်မာမီကတော့ သူတို့ မြေးချီနိုင်ရေး စီမံကိန်းကြီးကို‥ အားသွန်ခွန်စိုက်‥ ကြိုးစားနေတာကိုး…

စိုးရေ… မေနှင့်စိုးတို့ရဲ့ ရင်သွေးလေးကို ဒယ်ဒီနှင့် မာမီ ချီနိုင်အောင် ကူညီပေးပါဦး… ပါးစပ်ထဲလက်ထည့်ပေးရင်တော့ ကိုက်တတ်မှာပေါ့နော်…..

အလွမ်းမြစ်ထဲမှာ…

ပန်းတစ်ပွင့်အဖြစ်နဲ့ကြွေလွင့်ရတဲ့ ဘဝလေးပါ မောင်…



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၁၁ ၊

"သမီးမွှံ"

ဒေါ်မြဂုဏ်တင့်တင့်ထံမှ ထွက်ပေါ်လာသော ခေါ်သံက ပန်းမွှံခင်ဘဝဟွင် အပြင်းထန်ဆုံး တုန်လှုပ်သော ခေါ်သံ…

ကျေနပ်ရမလိုလို၊ ဝမ်းသာရမလိုလို၊ ဝမ်းနည်းရမလိုလို

မေမေဆက်ပြီးပြောမည့် စကားကို နားစွင့်ပြီး မေမေ့ မျက်နှာကို ကြည့်လိုက်သောအခါ ကရုဏာတရား ကြင်နာမှု တရားတွေ မတွေ့ရပေမဲ့ အရွယ်နှင့်မလိုက်အောင် ခြယ်သထားသည့်မိတ်ကပ်နှင့်နှုတ်ခမ်းနီ၊ လိုင်နာတွေကြားမှ မျက်နှာချိုတစ်ခုတော့ တွေ့နေရသည်။

"သမီးလေးကို အိမ်ထောင်ချပေးမလို့"

"ရှင်…"

"မိဘဆိုတာ သားသမီးပေါ်မှာ မဖြစ်မနေ တာဝန်ကျေရမည့် ကိစ္စလေ၊ ကိုယ့်သားသမီးကောင်းစားဖို့အတွက်စီစဉ်ရတာပါ"

"ဟုတ်တယ် သမီး ဖေဖေတို့ဘက်က အားလုံးစီစဉ်ပြီးပြီ"

"ဟင်…"

လူတစ်ယောက်၏ ဆန္ဒသဘောထားကို အဖြူအမည်း မမေးဘဲ မဖြစ် မနေလိုက်နာရမည်ဆိုသည့် သဘောမျိုး…

"သ….သမီး…"



www.burmeseclassic.com

www.burmeseclassic.com



"သမီးဘာမှ ပြောမနေနဲ့တော့ သမီးဘဝရှေ့ရေး ကောင်းစားဖို့အတွက် စီစဉ်တာကို ငြင်းမယ်ဆိုရင်တော့ "

"မင်းကလည်း စကားကို ရှင်းရှင်းပဲပြောကွာ၊ လက်ကိုထပ်ရမယ် ဒါပဲ "

ဖေဖေ့ပါးစပ်မှ အရက်နံ့က တထောင်းထောင်း…

ပန်းမှုံခင်အတွက် ထွက်ပေါက်မရှိသော အခန်းထဲကို ပို့ပြီး ခိုင်းစေ နေသောကိစ္စ…

"မင်္ဂလာကိစ္စကို ဒီလထဲမှာ လုပ်မယ်ဆိုတာကိုအသိပေးတာ"

"ဖေဖေနဲ့မေမေ သမီး အိမ်ထောင်မပြုချင်သေးဘူး"

"ဘာ…"

သောက်လက်စ စီးကရက်ကို ဆေးလိပ်ခွက်ထဲ ထိုးချေပြီး မျက်ထောင့်နီနီကြီးဖြင့် စိုက်ကြည့်ပြီး…

"ပန်းမှုံ…နင်က အာခံတာလား"

ပန်းမှုံခင် လက်မောင်းကို ဆုပ်ကိုင်ပြီး နောက်ကို တွန်းလိုက်သည်။

"တင့်တင့်ဆိုတဲ့ ကောင်မကို ဒါမျိုးလာမချိုးနဲ့ မရဘူး မိမှုံ၊ ငါက ဒါဆိုဒါပဲ၊ ဘာမှ အတွန့်မတက်နဲ့ မိဘက ကောင်းစေချင်လို့ ဓိကုတ်ပြီး နတ်ပြည်တင်တာကို မြင့်တယ်ဆိုပြီး ခုန်ချချင်တာလား… ဟင်းနော်…"

"ကောင်းကောင်းပြောလို့မရရင်တော့ ငါ့အဆိုးမဆိုနဲ့"

ဦးကျော်ဇောကျော့မောင်ကပါ စစ်ကူလိုက်ပြီး ခြိမ်းခြောက်နေလေ၏။ တကယ့်အံ့ဖွယ်မိဘတွေပါလား။ သူတို့အတွက် အဆင်ပြေစေဖို့အတွက် သမီးကို ဆံဖြူသွားကျိုးသည့် တဏှာဘီလူးနဲ့မှ ပေးစားရတယ်လို့ …

ကြီးကြီးမေ နောက်ဖေးချောင်ထဲမှ နားစွင့်ရင်း ကြားရသောစကား



www.burmeseclassic.com

www.burmeseclassic.com



သံများသည် အော်ကလီဆန်လှသည်။ ပန်းမှုံခင်ဆိုသည့်ကလေးမ ဘာလို့များ ဒီလိုမိဘမျိုး လက်ထဲကို ရောက်ခဲ့ရသလဲ မသိပေ ကံဆိုးပေစွ။

"နှင်…ဒီနေ့ကစပြီး အပြင်မသွားရတော့ဘူး၊ ဈေးဝယ် ဘာဝယ်ကိစ္စကို ကြီးညိုပဲ လုပ်ရမယ်.."

"ဟိုကိစ္စပါ ထည့်ပြီးပြောထား.."

ဦးကျော်ဇောကျော့မောင်က ခုတော့လည်း ဒေါ်မြဂုဏ်တင့်တင့် ပေါ်မှာ ဦးစားပေးလျက်..

"အေး…ကိုဝဏ္ဏအောင်လာခဲ့ရင် ကောင်းကောင်းမွန်မွန် ဆက်ဆံတာပဲ ကြားချင်တယ် မိမှုံ…ဒေါ်ကြီးညို…ဒေါ်ကြီးညို"

ထိုင်နေရာမှထပြီး နောက်ဖေးတွင် ချက်ပြုတ်နေသော ကြီးကြီးညိုကို စူးရှသည့်အသံကြီးဖြင့်လှမ်းခေါ်လေသည်။

"ဘာလဲ တင့်တင့်.."

'မိမှုံကို အပြင်မသွားစေပါနဲ့…ဈေးဝယ်ကိစ္စတွေကို ကြီးညိုပဲ လုပ်ပါ…'

ခေါင်းကို မညိတ်ချင်ပေမယ့် ကိုယ်က အစေခံဖြစ်နေသဖြင့် လေးလေးပင်ပင်ဖြင့် ညိတ်လိုက်ရ၏။

"သြော်…ကြီးညို..ကျုပ်အတွက် အမြည်းကောင်းကောင်း လေးလုပ်ထားဦး.."

နှစ်ယောက်…စည်းကမ်းတွေ အမိန့်တွေထုတ်ပြန်ပြီး ကျော့မော့စွာထွက်သွားသည်။

အရင်က ကားနှစ်စီးရှိပေမယ့် တစ်စီးကတော့ ဦးကျော်ဇော ဂျင်ရှုံး၍ ရောင်းပစ်လိုက်သည်။ ထို့ကြောင့်ကျန်သောတစ်စီးက ဒေါ်မြဂုဏ်တင့်တင့်



www.burmeseclassic.com

www.burmeseclassic.com



နှင့်သက်ဆိုင်နေသဖြင့် မျက်နှာချိုသွေးပြီး ကပ်စီးနေရသူ··

ခုရက်ပိုင်းအတွင်းမှာ ဦးကျော်ဇောကျော့မောင်ပေါ်တွင် ဒေါ်မြဂုဏ်တင့်တင့် ဩဇာသြောင်းနေတာတော့အမှန်··။

"ဟီး···အီး···"

"သမီးလေးရယ်···"

ကြီးကြီးမေ ရင်ခွင်ထဲသို့ ခေါင်းလေးတိုးဝှေ့ပြီး ငိုချလိုက်တော့သည်။

"တကယ် လူမဆန်တဲ့ [illegible]တွေပဲ"

ပန်းမွှေခင် ပါးပြင်ပေါ်မှ မျက်ရည်စလေးတွေကို လက်မလေးနှင့်သတ်ပေးရင်း···

"သမီး ဘာလုပ်ရမလဲ··· သမီး ဒီလူကြီးကိုယူမယ့်အစား ကိုယ့်ကိုယ်ကိုသာ သတ်ပြီးသေလိုက်ချင်တယ်··"

စကားသံတွေနှင့်အတူ ရှိုက်သံက ကပ်ပါလျက်···

"သမီးလေး မသေရဘူး··ကြီးကြီးမေ စီစဉ်မယ်··"

"ဟင်···"

ကြီးကြီးမေ အံကိုကြိတ်ပြီးအကြံအစည်တစ်ခုကို ဖုတ်မိသည်။ ထိုအကြံအစည်က···

"သမီးလေးကို ကြီးကြီးမေ ခေါ်ပြီးပြေးမယ်··"

"ကြီးကြီးမေ···"

ကြီးကြီး ကျောပြင်လေးကို ပန်းမွှေခင် တင်းကျပ်စွာဖက်ပြီး မနက်တွေရဲ့အားထားရာ တံတိုင်းကြီးသဖွယ် သတ်မှတ်လေသည်။

"ခုလောလောဆယ်တော့ မသိချင်ယောင်ဆောင်ပြီးနေဦး၊ ကြီးကြီးမေ စီစဉ်သင့်တာတွေကို စီစဉ်မယ်··"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးမေ…ဖြစ်ပါမလား‥ဖေဖေနဲ့မေမေက ကြီးကြီးမေကို ရန်မူနေကြမှာ‥"

"ကလေးရယ်… ရန်သူလို့ သတ်မှတ်ခံရလည်း ဝမ်းနည်းစရာမှ မရှိတာ၊ ဒီလို လူမဆန်တဲ့ လူတွေနဲ့မိတ်ဆွေမဖြစ်ချင် တော့ဘူး… သမီးလေးကရော လိုက်မှာလား…"

"မှုံ့ဘဝက အသက်ရှင်ရက်နဲ့ ဘဝဆုံးနေတဲ့အဖြစ်ကို အရောက် မခံနိုင်ဘူး…"

"သမီးလေးဘဝ လွတ်မြောက်စေရပါမယ်…"

ပန်းမှုံ့ခင်အတွက် အနာဂတ်သည် ကန္တာရအကျဉ်းထောင်ထဲမှ လွတ်ရက်စေ့ခဲ့ပြီလို့ ထင်ရတော့မည့်အခြေ…‥

"တီ…."

ခြံရှေ့ လူခေါ်ဘဲ(လ်)မှ ခေါ်သံကြောင့် ကြီးကြီးမေ အပြင်ကို ထွက်လာခဲ့၏။ ခြံဝတွင် ကြီးကြီးမေနှင့်အသက် မတိမ်းမယိမ်း မိန်းမ တစ်ဦးကိုတွေ့လိုက်ရသည်။

ပုံသဏ္ဌာန်က ခပ်နွမ်းနွမ်း၊ တွန့်ကျေနေသော ပါတိတ် အင်္ကျီ လေးနှင့် အရောင်မရှိသော ထဘီလေးကို ဝတ်၍ ထုံးပြီးချည် ထားသော လွယ်အိတ်ကလေးကို ကိုင်လျက်…

"ဘာကိစ္စများလဲ…"

"ဒီအိမ်က ဒေါ်မြဂုဏ်တင့်တင့်တို့ အိမ်ဟုတ်ပါတယ်နော်‥"

"ဩော်… ဟုတ်ပါတယ်‥ သူတို့တော့မရှိကြဘူး…"

"ဘယ်များသွားကြလဲ…"

"အပြင်ကို သွားကြတယ်၊ ကိစ္စရှိလို့လား‥"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့နဲ့တွေ့ချင်တာထက် သူတို့သမီးလေးကို တွေ့ချင်လို့"

"ဟင်…"

ပန်းမှုံခင်ကို တွေ့ချင်တယ်ဆိုသော စကားကိုတော့ အံ့အားသင့်မိသည်။

"ရှိလား မသိဘူး"

"ရှိပါတယ်.."

"တွေ့ခွင့်များ ရမလား…"

ကြီးကြီးမေ… ခဏမျှစဉ်းစားပြီးတွေ့ခွင့်ပေးလိုက်သည်။

"အဒေါ်နာမည်က ဒေါ်သန်းသန်းလို့ခေါ်တယ်၊ မြဂုဏ်တင့်တင့်ရဲ့အစ်မတစ်ယောက်ပါ"

"ရှင်…"

ဒေါ်သန်းသန်းဆိုသည့် အဒေါ်ကြီး၏စကားကြောင့် မအံ့သြဘဲမနေနိုင်။ လိမ်ညာပြီးပြောနေသလားတောင်ထင်ရသည်။ ဒါပေမယ့် ဒေါ်သန်းသန်း၏ မျက်နှာမှာ လိမ်ညာပြောနေသော အသွင်သဏ္ဌာန်တော့မဟုတ်။

"အဒေါ့်စကားကို ယုံမှာမဟုတ်ပါဘူး၊ ဒီမှာကြည့်"

လွယ်အိတ်အစုတ်ကလေးထဲမှ ဗလာစာအုပ်လေးကိုထုတ်ပြီး ကြားတွင်ညှပ်ထားသော ဓာတ်ပုံလေးကိုပြလိုက်သည်။

ကလေးငယ်တစ်ယောက်ကို ပွေ့ချီပြီး ဒေါ်သန်းသန်းနှင့် ဒေါ်မြဂုဏ်တင့်တင့်တို့ ရိုက်ထားသောဓာတ်ပုံ…

"ကလေးကတော့ ဟောဒီသမီးလေး အခါလည်တုန်းက ဒေါ်ဒေါ်ဆီကို မြဂုဏ်တင့်တင့်ရောက်လာစဉ်က ရိုက်ခဲ့ကြတဲ့ ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ပါ… သမီးလေးတောင် ဒီအရွယ်ထိရောက်နေပြီကိုး..”

ပန်းမွှံခင် မျက်နှာလေးကို ကရုဏာသက်စွာနဲ့ကြည့်ပြီးပြောနေလေ၏။

“ဒေါ်ဒေါ်…မေမေတို့ကိုစောင့်ဦးမှာလား..”

“မစောင့်တော့ပါဘူးကွယ်… သူတို့လာရင်သာပြောလိုက်ပါ၊ ဒေါ်သန်းသန်းတစ်ယောက် ထောင်ကလွတ်လာပြီလို့”

“ဟယ်…”

ခြံဝထိလိုက်ပို့ပေးရင်း…ဒေါ်သန်းသန်းမျက်နှာကို သတိထားပြီးကြည့်မိသောအခါ ဒေါ်သန်းသန်းမျက်နှာတွင် နာကျင်မှုတွေပြည့်နှက်နေသလိုပင်…

ထို့အပြင်… ပန်းမွှံခင်ကို ဒေါ်သန်းသန်း စကားများစွာပြောလိုသောမျက်ဝန်းစကားတွေကိုပါ တွေ့ရပေမယ့် မကြားခဲ့ရ… ကျောခိုင်းထွက်ခါနီးမှ..

“သမီးလေး…ဒေါ်ဒေါ်ဆီကို တစ်ခေါက်လောက် ရောက်အောင်လာခဲ့ဦးကွယ်..အဟွတ်..အဟွတ်…ရော့…လိပ်စာလေး ရေးထားတယ်..”

ပါးစပ်ကို လက်ကလေးနှင့်ပိတ်ပြီး ချောင်းဆိုးသည်ကို ထားပြီး ဗလာစာရွက်ပေါ်တွင် ရေးထားသောလိပ်စာစာရွက်ကို ဖြုပြီးပေးလိုက်သည်။

ပန်းမွှံခင်နှင့် ဒေါ်သန်းသန်းတို့ အတိတ်က ဘယ်လိုဆိုသည်ကိုတော့ ဆက်ပြီးရှာဖွေရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းဘာဖြစ်လို့ ဒီအိမ်ကိုမှ သွားရတာလဲ သန်းသန်းရယ်"

စီစီသော်သိမ့်မှ ရေခွက်ကို လှမ်းရင်းပြောလိုက်သော အသံ…

"သမီးလေးကို တွေ့ချင်လို့"

"ဝေးကွာ…ငါတောင် သတိမရတာ…မင်းက သတိရ ရတယ်လို့"

"မင်းမှာကခံစားချက်မှ မရှိတာဘဲစီစီ၊ ငါက သမီးလေးကို သူတို့လက်ထဲ ထည့်ပေးလိုက်ကတည်းက ခံစားနေရတာကွ"

ရေခွက်ကို အောက်သို့ချပြီး ဆိုဖာပေါ်သို့ ဒေါ်သန်းသန်း ထိုင်ချလိုက်သည်။

"ကဲ…သန်းသန်း ဒါတွေ ပြောမနေနဲ့တော့၊ မင်းက အခုမှ ထောင်ကလွတ်လာတာဆိုတော့ အေးအေးဆေးဆေး အနားယူ မင်းဖြစ်ချင်တာပြော"

"ငါဘာမှ မဖြစ်ချင်ဘူး၊ ငါအဖြစ်ချင်ဆုံးက သမီးလေးကို ငါပြန်ပြီး ခေါ်ချင်တယ်"

"သန်းသန်း…မင်းရူးနေလား"

"ရူးနေတာ မဟုတ်ဘူး၊ မြဂူဏ်တင်တင့်ရဲ့ လောင်းရိပ် အောက်မှာ သမီးလေး ဘယ်လောက် မီးတွေလောင်နေလဲဆိုတာ ငါသိတယ် ဟိုကောင် တဏှာရူး အရက်သမားကလည်း စိတ်ချရ တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စီစီသော်သိမ့် ဒေါ်သန်းသန်း ဘေးတွင် ကပ်ပြီး ထိုင်ကာ ညဝတ်အင်္ကျီကို ကြိုးကို ခါးအောက်တွင် ချည်လိုက်ပြီး

"သန်းသန်းရယ်၊ ငါက မိခင်အရင်းကြီးပါ၊ ငါတောင် နေနိုင်တဲ့ဟာကို မင်းက ခံစားနေရတယ်လို့ သူငယ်ချင်းရာ"

"မင်းနဲ့ တင့်တင့်က ဘာထူးလည်း အတူတူပဲ၊ ခုအသက်အရွယ်တွေ ရောက်နေတာတောင် ဒီရမ္မက်မီးတွေ အောက်မှာ ပျော်ပါးနေကြတုန်း"

"ဒါကတော့ကွာ၊ ငါလုပ်ကိုင်တတ်တာ ဒါပဲရှိတာပဲ"

"စီစီ မင်းအရွယ်က မကျတော့ဘူးလို့ထင်နေလား၊ ခုတောင် မိတ်ကပ်တွေ ဖို့ပြီးတွန့်စပြုနေတဲ့ အသားအရည်တွေကို ဖုံးထားရပြီ မဟုတ်လား"

ဒေါ်သန်းသန်း စကားကို စီစီသော်သိမ့် တွေဝေသလို ရှိသွားပေမဲ့ နောင်တဆိုတာတော့မရှိ...

"အဟွတ်..ဟွတ်...ဟွတ်..."

"သန်းသန်း...မင်း.."

ချောင်းဆိုးရင်းသွေးစများကို ပါတွေ့လိုက်ရသောကြောင့် စီစီသော်သိမ့်မျက်လုံးပြူးသွားသည်။

"မင်းကျန်းမာရေး ဆိုးဝါးနေပါလားကွာ"

"ရတယ်...ငါ့အတွက်သေခြင်း ဘာမှ မဆန်းကြယ်ဘူး၊ လူဆိုတာ သေဖို့ဖြစ်လာတာပဲ၊ တွေးပြီး ငါမကြောက်ဘူး စီစီ၊ ဒါပေမဲ့ ငါမသေခင်မှာ မင်းတို့ နှစ်ယောက်လုံးကို ပြောချင်တာ သမီးကလေးမှုံရဲ့ အနာဂတ်ကို အရောင်ထွက်အောင်လုပ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘက်က သမီးအတွက်မင်း ဒီလောက်ကြီးအားစိုက်ပြောစရာ မလိုပါဘူး၊ ဟိုဟာမကိုသာ ပြောရမှာ…ခုဒင်းတို့ စီးပွားရေးက ထိုးကျနေပြီ၊ ခုတောင် ဦးဝဏ္ဏအောင်ဆိုတဲ့ လူတစ်ယောက်ကို ဘာတွေမြှူဆွယ်ပြီး ချူနေသလဲတော့မသိဘူး၊ ငွေတွေယူသုံးထားတာမနည်းဘူး"

စီစီသော်သိမ့်…နှုတ်ခမ်းကို မဲ့ရွဲ့ပြီး စီးကရက်ဘူးထဲမှ စီးကရက်ကိုထုတ်ပြီး နှုတ်ခမ်းပေါ်ကို တင်လေသည်။

"ဟိုကောင် ကျော့မောင်ဆိုတဲ့ကောင်က မင်းသိတဲ့အတိုင်း မိန်းမအရက်၊ လောင်းကစားကလွတ်တာမဟုတ်ဘူး၊ ငါ့ဆီမှာ လာပြီးခွေနေလို့တောင် ခွာထားရတယ်၊ ခု ကောင်မတစ်ကောင် နှဲ့နှယ်နေတယ် ဒီကောင်မက ယောက်ျား(၄)ယောက်မြောက် လောက် စွန့်ခွာသွားတာရပ်က ငါ့ထက်တော့ သာတယ်၊ အသက် လည်းငယ်တယ်၊ တင်တွေရင်တွေကတော့ ပြောမနေနဲ့၊ ကျော့မောင် သွားရည်ကျလောက်တဲ့ပုံကွ ပိုင်းလုံးထဲမှာတော့ လက်သံအပြောင်ဆုံးဆိုရမှာပဲ၊ နင့်မတ်တော်ကားတစ်စီးတောင် အောက်ဈေးနဲ့ထွက်သွားတာ ကြည့်ပေတော့.."

အောက်ကိုချထားသောခြေထောက်ကို ရှေ့ထိုင်ခုံပေါ်ကို တင်လိုက်ပြီး စီးကရက်ကို အားပါးတရရှိုက်လေသည်။

"တင့်တင့်က မသိဘူးလား"

"မသိဘဲနေမလားကွ၊ သူကရော ဘာထူးလဲ၊ အသက် (၂၀) လောက်ရှိတဲ့ စည်သူမောင်ဆိုတဲ့ ချာတိတ်ကို လျော့နေရတာပဲဟာ…ကလေးကို မုန့်ကျွေးပြီး အသုံးတော်ခံနေတာလေ၊ ဒီတော့ လင်လုပ်တဲ့လူရဲ့ ကမြင်းတာတွေကို မပြောရဲဘူး၊ ဘက်တူဘက်ပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



"မိုက်လိုက်ကြတာ.."

"ငါက ရှင်းတယ်၊ ယောကျ်ားမရှိဘူး၊ ကြေးစားလုပ်စားတယ်၊ ဒါစီးပွားရေးတစ်မျိုးပဲလေ၊ သူတို့လို မိဘတွေလက်ထက်က ဥစ္စာစုဆောင်းတွေကိုတော့ ထိုင်ပြီးမဖြုန်းဘူး၊ ငွေလည်းကုန်သေး.... ပြောချင်ပါဘူး..."

တစ်ဝက်နီးပါးရောက်နေသော စီးကရက်ကို သန်းသန်းထံသို့ပေးလိုက်သည်။

"ငါဆေးလိပ်မသောက်တော့ဘူး၊ ထောင်ထဲမှာတည်းက ဖြတ်လိုက်တာ၊ မဖြတ်ရင်လည်း ငါအပြင်ကိုပြန်ပြီးရောက်ဖို့လမ်း မရှိတော့ဘူး..."

ဒေါ်သန်းသန်း လက်ကျန်ဖန်ခွက်ထဲမှ ရေကိုထပ်သောက်နေသည်။

"မင်း...ရွာကိုပြန်မှာလား.."

"ဟုတ်တယ်.. ငါ့ရဲ့နောက်ဆုံးအချိန်ကို ရွာမှာပဲ အဆုံးသတ်မယ်ဟာ..."

"ဆေးတော့ ကုသွားဦးသူငယ်ချင်း.."

"မကုချင်တော့ဘူး...မင်းတို့ဆီမှာနေရတာ ငါ့အတွက် အဓိပ္ပါယ်မှာမဟုတ်ဘူး၊ ရောဂါတိုးမှာ၊ မင်းအိမ်မှာ ငါနေရတာ မကောင်းသေးတော့ဘူး.."

ဒေါ်သန်းသန်း နှာခေါင်းရှုံ့ပြီးပြောလိုက်သည်။

"ငါ့အိမ်မှာ အရင်လို ပွဲတွေမလုပ်တော့ပါဘူး၊ အပြင်မှာပဲ လုပ်ပြီးကတယ်၊ ဒီနေ့တောင် အပွိုင့်မန့်လုပ်ထားတာတွေရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့သူငယ်ချင်းရောက်လာလို့ ဖျက်လိုက်ပြီ၊ သန်သန်း မင်း.. ကိုစောသာကြီးကို သတိမရဘူးလား.."

စီစီသော်သိမ့် စကားကြောင့် ရင်ထဲမှာ ဝေဒနာတစ်ခုက ခပ်ပြင်းပြင်းခြေလှမ်းတွေဖြင့်ဝင်ရောက်လာသလို..

"ဒါကြောင့်လဲ သူ ငါ့ကို စောင့်နေမယ်ပြောတဲ့ရွာကလေးမှာ ငါခေါင်းချမလို့"

"ကိုစောသာဆုံးတာ (၁၀)နှစ်ကျော်ပြီနော်..."

"ဟုတ်တယ်.. ငါထောင်ကျပြီးလို့ နောက်နှစ်မှာ သူပိုးထိပြီးဆုံးခဲ့တာ၊ ငါလည်း မိုက်ခဲ့တဲ့ လူတစ်ယောက်ပဲဟာ"

ရင်မှာပြင်းရှသော ဒဏ်ရာများ၏ အဆိပ်တက်မှုနှင့်အတူ...

ကိုစောသာရယ်... ခွင့်လွှတ်ပါလို့ ကျွန်မ မတောင်းပန်ချင်တော့ပါဘူး..အမှားတစ်ခု၏ နောင်တက များစွာနောက်ကျခဲ့ပြီ... လေ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၁၂ ၊

"နေ...မင်းဘာတွေ စဉ်းစားနေတာလဲ"

နိုင်ငံခြားမှ ပြန်ရောက်လာသော ညီဖြစ်သူ လကမ္ဘာစိုးကို လေဆိပ်မှ ကြိုပြီး အပြန်မှာ စကားသံတွေ တိတ်နေသောကြောင့်

"ဒယ်ဒီအကြောင်းပါ"

"နေရာ...ဒါတွေ ခေါင်းနောက်ခံပြီး စဉ်းစားရတယ်လို့ ထုတ်ပစ်လိုက်စမ်းပါ၊ သူလည်းသွေးနဲ့ကိုယ်သားနဲ့ကိုယ်ပဲ မာမီဆုံးတာဖြင့် (၁၀)နှစ်လောက်ရှိနေပြီပဲ၊ သူလည်းဆေးပေး မီးယူလေး ဘာလေးတော့ ရှာချင်မှာပေါ့"

လကမ္ဘာစိုးက စကားကို ပေါ့ပေါ့လေး ပြောနေ၏။

"နေရာ ယခုခေတ်ကြီးထဲမှာ ငယ်တဲ့လူတွေ အဘိုးကြီးတွေနဲ့ ယူတဲ့ကိစ္စက ဆန်းတာမှတ်လို့"

"ဆန်းတော့ မဆန်းပေမဲ့ ငါတို့ရဲ့ သိက္ခာကိုတော့ ငဲ့ဖို့ကောင်းတယ်ကွာ..."

"နေ...မင်းကတော့ တကယ် ရိုးရာသမားကြီးပဲကွ၊ ဒယ်ဒီရဲ့ လုပ်ပိုင်ခွင့်ကို သူအပြည့်အဝဆုံး ပိုင်ခွင့်ရှိတယ်၊ ဒါဟာ သူ့အပိုင်းပဲ၊ စိတ်ချမ်းသာသလို နေပါစေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"တောက်…"

ကားလေး မီးပွိုင့်တွင် မီးနီနေစဉ် ခံပြင်းမှုနှင့် တောက်ခေါက်လိုက်သည်

"ဒယ်ဒီကို မကျေနပ်တာလား"

"မဟုတ်ဘူး ယူတဲ့ မိန်းကလေးကို ခံပြင်းတာ"

"ဟား…ဟား…နေ…မင်းကတော့ တကယ့်ကောင်ပဲ၊ ဒါက ငွေလေ… ချစ်ထုံးဖွဲ့တာတွေ မေတ္တာတရားတွေဆိုတာ အိပ်မက် မက်နေကြတဲ့ လူတွေရဲ့ စိတ်ကူးပါ၊ အဓိကကတော့ ငွေပဲကွ… ကဲနေ…ဒါတွေ လွှင့်ပစ်လိုက်၊ တစ်ခုခုဝင်ပြီး သောက်ရအောင်"

မီးပွိုင့်လွတ်သွားပြီမို့ ဂီယာကို မောင်းထွက်ရင်း…

"ငါမသောက်ချင်ဘူး"

"ဒါဆို ငါကို ချပေးခဲ့…လေယာဉ်စပြီးစီးလာကတည်းက ယင်းထနေတာ…"

"လ မင်းအိမ်ရောက်မှ အေးအေးဆေးဆေး သောက်ပါလားကွာ"

"အရက်ရဲ့အရသာက အိမ်မှာထက် ဆိုင်မှာက ပိုပြီးကောင်းတယ်၊ ချမှသာ ချပေးစမ်းပါ…"

စားသောက်ဆိုင်ရှေ့တွင် လကမ္ဘာစိုးကိုချပေးပြီးတော့…

"လ‥အိမ်အပြန် နောက်မကျစေနဲ့နော်"

"အိုကေ…စိတ်ချ"

လကမ္ဘာစိုးက နေကမ္ဘာစိုးလိုမဟုတ်၊ ဘဝကို ခပ်ပေါ့ပေါ့လေး နေတတ်ပြီး သူ့ခေါင်းထဲတွင်လေးနက်သည့် ကိစ္စဘာတစ်ခုမှ မထား



www.burmeseclassic.com

www.burmeseclassic.com



တတ်သူ…

ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်လို့ ကျောင်းမပြီးသေးဘူး နိုင်ငံခြားတွင် အလုပ်လုပ်ချင်တယ်ဆိုပြီး လုပ်ကိုင်ခဲ့သူ၊ မြန်မာပြည်တွင် လပိုင်းသာနေပြီး နိုင်ငံခြားတွင် နှစ်နဲချီပြီးနေသူမို့ အနောက်တိုင်း အတွေးတွေက ဝင်ရောက်နေဆဲ…

လကမ္ဘာစိုးက ဒယ်ဒီနှင့်ခြေရာတူ…မိန်းမရှုပ်ပွေတာရော အရက်သောက်တာရော ဖအေတူသားလို့ပြောရမည့်သူ…။

ဒယ်ဒီကိစ္စကို နေကမ္ဘာစိုးက ပြင်းပြင်းထန်ထန်ခံစားနေပေမယ့် လကမ္ဘာစိုးကတော့ ဘီယာတစ်ခွက်လောက် စိတ်မဝင်စား…. .

စားသောက်ဆိုင်ကထွက်တော့ ဓမ္မာင်စပြုနေပြီ….

အိမ်ကို ကားငှားပြီး ပြန်ရုံပဲရှိသဖြင့် အငှားကားရပ်ထားသော နေရာကို ခပ်ထွေထွေလေး လျှောက်လာသည်။

"ကား အားလား"

"အားပါတယ်ဆရာ.. ဒါပေမယ့် ဒီမှာတစ်ယောက်တော့ပါ တယ်.."

"ကျုပ် ထိုင်စီးလို့ရရင်ပြီးတာပဲ"

"ဒါဆိုရင်တော့ အဆင်ပြေတယ်"

အငှားကားဆရာအတွက်သဘောတွေ့သွားပြီး ကားတံခါးကို ဖွင့်ပေးလိုက်သည်။

ကားပေါ်ရောက်မှ ဘေးကိုကြည့်လိုက်သောအခါ အသက်ခပ်ကြီးကြီး အမျိုးသမီးကြီးတစ်ဦးတွေ့ရပေမယ့် ပြင်ဆင်ထားပုံက ကျ လောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီအနက်ပါးပါးလေးအောက်မှာ ဘရာစီယာအနက်လေးက အထင်းသား… လမ်းပေါ်က မာကျူရီမီးအလင်းနှင့်တစ်ချက် တစ်ချက် လှမ်းပြီးတွေ့နေရသည်။ မလုံ့တလုံ ရင်သားလေးတွေ က ရင်ဖိုစရာ..

ကိုယ်သင်းရနံ့က ခပ်သင်းသင်း…ပေါင်ပေါ်ကိုတင်ထားသော ခြေသလုံးလေးတွေက ဝင်းနေပြီး မင်းကြိုက်စိုးကြိုက်….

လကမ္ဘာစိုးမှာ ရှိဝေနေသော မျက်လုံးထဲမှာတော့ ရမ္မက်ခံစားမှုကို နှိုးဆွပေးနေသလိုပင်..

"မင်း စိတ်ဝင်စားလို့လား.."

စကားသံက ခပ်တိုးတိုးနှင့် ညို့ဓာတ်ပါနေဟန်..

သဘောပေါက်လိုက်တာက ထိုအမျိုးသမီးသည် 'ည'ခရီးသည် တစ်ဦး…

"စိတ်ဝင်စားစရာတော့ကောင်းပါတယ်.."

"ဒါဖြင့်ရင် စကားပြောလို့ကောင်းတဲ့ ဆိုင်ကလေးတစ်ဆိုင် မှာ မိတ်ဆက်ကြတာပေါ့…"

"သဘောတူတယ်..ကားဆရာ.. စပ်စုတဲ့မျက်လုံးတွေမရှိတဲ့ နေရာကိုမောင်းဗျာ…'

"အိုကေ… ခုတလော ဓာတ်ဆီဈေးတွေတက်ထားတယ် ဆရာ…"

ကားဆရာစကားမှာ ဈေးကိုပိုပြီးယူချင်သည့်သဘော..

"လေယာဉ်ဆီဖိုးပေးမယ်"

"ဝှတ်…"

ခပ်လှမ်းလှမ်းထိုင်နေရာမှ အနီးကပ်တိုးပြီးထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြည့်ရတာ သိပ်ပြီးမမူးသေးဘူးနဲ့တူတယ်"

"အရက်ကို မူးအောင်မသောက်ဘူး…"

"သဘောက…"

"ရီဝေဝေလေးနဲ့ပဲ ခံစားချင်တာ…မူးရင်မေ့တတ်လို့…"

စီစီသော်သိမ့်အတွက် ပစ်မှတ်လေးတစ်ခုကို ရရှိလိုက်ပြီ ဖြစ်သောကြောင့် ခပ်ယဲ့ယဲ့လေးပဲ ပြုံးလိုက်သည်။

လောကမှာ ရမ္မက်၏ကျော့ကွင်းကို ပုထုဇဉ်လူသားတွေ မရုန်းနိုင်တာက မမှတာပဲမဟုတ်လား……



www.burmeseclassic.com

www.burmeseclassic.com

"စိုး....လ...ပြန်ရောက်နေပြီဆို"

မေမြတ်သုန္ဒရီ အမေးစကားကို ခေါင်းလေးညိတ်ပြီး ကော်ဖီခွက်ကို အကြောင်းမဲ့ ဖွန်းဖြင့် မွှေနှောက်သည်။

"စိုးကြည့်ရတာ တစ်ခုခုကို စိတ်ညစ်နေသလိုပဲ"

ချစ်သောသူ မျက်နှာလေးကို အမြဲတစေ ဂရုစိုက်နေသူမို့ သိနေခြင်းဖြစ်သည်။

နေကမ္ဘာစိုးက ဟုတ်သည် ဆိုသည့် ဝန်ခံခြင်းဖြင့်ကြည့်ကာ.... အင်အားမဲ့သော လေသံလေးဖြင့် ပြောလိုက်သည်

"ဟုတ်တယ်မေ..."

"မေ့ကို ပြောပြပါလား....မေသိချင်တယ်"

ဒီစကားလေးကို မေနှင့် နေကမ္ဘာစိုးကြားတွင် ငယ်ငယ်လေးကတည်းကကြားနေကျစကားလေး...

"ဒယ်ဒီ ကိစ္စပါ"

"အိမ်ထောင်ပြုတော့မယ် ဆိုတာလား"

"ဟုတ်တယ် မေ...အိမ်ထောင်ပြုတာကို တို့အပြစ်မမြင်ပါဘူး ခုဒယ်ဒီယူမယ့်မိန်းကလေးကတို့ထက်တောင် ငယ်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်....စိုး...တွေ့ဘူးလား"

"မတွေ့ဘူးပါဘူး...တို့ သူငယ်ချင်းတစ်ယောက်က ပြောပြတာ...ဒယ်ဒီနဲ့ ဗိုလ်ချုပ်ဈေးဘက်မှာ ဈေးလာဝယ်တာကို တွေ့ခဲ့တာတဲ့...ခပ်ချောချောလေးလို့ပြောတာပဲ"

နေကမ္ဘာစိုး စကားကို မေမြတ်သုန္ဒရီ သက်ပြင်းလေးချပြီး

"ယနေ့ခေတ်ကာလက သိပ်ပြီးပြောလို့ မကောင်းတော့ပါဘူး၊ မေတရားရုံးမှာလည်း ပြဿနာတွေက မကြာခဏ ဆိုသလို တွေ့နေရတယ်၊ မယားကြီးက တရားစွဲတာတွေ၊ ကောင်မလေးတွေ လျော်ကြေးတောင်း တရားစွဲတာတွေ ရှိနေကြတာပဲ...စိုးရယ် ဒီလောက်ကြီး မခံစားပါနဲ့လား"

ကိုယ်ချစ်တဲ့သူကို အားပေးစကားပြောနေရပေမယ့် စိတ်ထဲမှာ တော့မကောင်း...

"စိုး...ဒယ်ဒီနဲ့ဆွေးနွေးပြီးပြီလား"

"ဒယ်ဒီက အပြောကိုမခံဘူး"

"စိုးကို အကြံတစ်ခုတော့ ပေးချင်တယ် လက်ခံမလား"

"မေ ပြောကြည့်လေ"

နေကမ္ဘာစိုး၏မျက်နှာလေးကို မျက်တောင်မခတ်ဘဲ ကြည့်ပြီး အေးစပြုနေသည့် ကော်ဖီခွက်ကို သောက်လိုက်သည်။

"စိုး ကော်ဖီ သောက်လိုက်ဦး အေးနေပြီ"

ကော်ဖီရဲ့ ခါးသက်မှုအရသာက ခံစားမှုခါးသက်နေမှုကို မမှီတာတော့အမှန်...

"ကောင်မလေးကို စုံစမ်းပြီး ဆွေးနွေးကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…တို့လည်း စဉ်းစားနေတာပဲ၊ ဒါပေမယ့် အဖြေက သိပ်ပြီးထူးခြားမှာတော့ မဟုတ်လောက်ဘူး ထင်တယ်၊ ငွေပေးပြီး နောက်ဆုတ်ခိုင်းတဲ့ အလုပ်မျိုးလည်း တို့မလုပ်ချင်ဘူး…"

ကော်ဖီဆိုင်ထဲသို့ ဝင်လာသော စုံတွဲကြောင့် ခ်စားချက်ကမိုပြီး ပြင်းထန်သွားသည်

ဝင်လာသော စုံတွဲဆီသို့ နှစ်ယောက်စလုံး အကြည့်က ရောက်သွားသည်။

အသက် ၅၀ကျော်လူကြီးနှင့် အသက် ၂၀ကျော် ဝန်းကျင်မိန်းကလေးတစ်ဦး လက်ချင်းချိတ်လို့…

"ခေတ်ကာလရဲ့ ဖက်ရှင်တစ်ခုပဲ စိုးရေ"

ဒယ်ဒီအိမ်ထောင်ရေး ကိစ္စသည် အဆန်းတကြယ် မဟုတ်ဘူးဆိုသည်ကို လက်တွေ့ပြလိုက်သလိုဖြစ်နေ၏။

"စိုးရယ် လောကမှာ မတတ်သာတဲ့ ကိစ္စတွေကို အလျှော့ပေးလိုက်ပါ"

"ဟင်း…."

ကားပေါ်မှာ ရောက်နေသော မေမြတ်သုန္ဒရီလက်လေးပေါ်မှာထပ်ဆင့်ပြီး လက်ကလေးကို ဆုပ်ကိုင်လိုက်တော့သည်။

မြင်ကွင်းက ရူပါထူးအောင် ရင်ကို ဓားနှင့်အတုံးတုံးနှင့် အစိတ်အစိတ်အမွှာမွှာ မွှန်းနေသလို….

ရူပါထူးအောင် အသက်မက ချစ်ခဲ့ရပါသော မေမြတ်သုန္ဒရီမှာ ချစ်သူရှိနေပြီ မဟုတ်လား….။

ကော်ဖီဆိုင်ထဲသို့ ဝင်ခဲ့မိသည့် ခြေလှမ်းတွေက ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



အမှား....

ရက်စက်လိုက်တာ မေမြတ်သုန္ဒရီရယ် ငါကဖြင့် ချစ်လိုက်ရတာ၊ မင်းကတော့ ချစ်သူနဲ့ ပျော်လို့ရွှင်လို့၊ ရူပါထူးအောင်ကိုကျောပေးပြီး နေကြသော နှစ်ယောက်သား နောက်တွင် ရပ်နေလို့ ဘာမှမထူး သောကြောင့် ဆိုင်အပြင်ကို ပြန်ပြီး ထွက်မည်အပြု....

"ကိုရူပါထူးအောင်"

မေမြတ်သုန္ဒရီ၏ ခေါ်သံ...

"ဘယ်ကလာတာလဲ....ထိုင်ပါဦး"

မေမြတ်သုန္ဒရီက အနိုင်ရသော အပြုံးလေးနှင့် ခေါ်နေပြီ ဖြစ်သောကြောင့် အရှုံးသမား ရူပါထူးအောင်အတွက် မလွဲသာမှတော့ ထိုင်လိုက်လေသည်။

"ကော်ဖီ လာသောက်တာလား"

"အင်း..."

ခေါင်းသာညိတ်နေပေမယ့် မျက်နှာမှာ လငပုပ်ဖမ်းထားသလို တွေ့နေရသည် ။

"ဒါ ကျွန်မချစ်သူ ဒေါက်တာ နေကမ္ဘာစိုးတဲ့"

"ဟုတ်ကဲ့...တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်....ဟုတ်ကဲ့"

မေမြတ်သုန္ဒရီ ဘယ်လိုသဘောနှင့် ချစ်သူလို့ မိတ်ဆက်ပေးသည်ကို သဘောပေါက်သည်။ နေကမ္ဘာစိုးဆေးကျောင်း (ဒုတိယ)နှစ်ဘက်တုန်းကလည်း ထိုကဲ့သို့ ကိစ္စမျိုးကို မေမြတ်သုန္ဒရီ ပြုလုပ်ခဲ့ဘူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတုန်းက မေမြတ်သုန္ဒရီကို ချစ်ရေးဆိုသည့် လူတစ်ယောက်ခုလိုပဲ မိတ်ဆက်ပေးပြီး နောက်ဆုတ်အောင်လုပ်ခဲ့သော နည်းဗျူဟာမျိုး····။

နေကမ္ဘာစိုး သူငယ်ချင်းအတွက် ဒုတိယ အကြိမ်မြောက် ချစ်သူအဖြစ်လက်ခံပေးလိုက်ရပြန်ပြီ···

မျက်နှာတွင် ငိုလုမတတ်ဖြင့် ရှုပါထူးအောင် ခေါင်းလေးငိုက်စိုက်နှင့် ပြန်ပြီး ထွက်သွားမှ···

"ဒယ်ဒီ သဘောတူတဲ့လူလေ"

"ဩော်···မဆိုးပါဘူး ရွှေသွားလေးနဲ့"

"ဘာလဲ···စိုးက သဘောတူတယ်ပေါ့"

ပန်းဆီရောင်နှုတ်ခမ်းလေး စူပုပ်ပြီး မေးသော အမေးကို ···

"ဘာလို့ သဘောတူရမှာလဲ ဟွန်း···"

ထိုအခါကျမှ မေမြတ်သုန္ဒရီ ပြုံးလေတော့သည်။

"စိုးရေ တစ်ခုခုတော့ လုပ်ရတော့မယ်"

"အယ်···"

စကားကအစမရှိ အဆုံးမရှိ ဘာကို နားလည်ရမှန်းမသိ···

မေမြတ်သုန္ဒရီမှာတော့ သူ့စကားလေးနှင့် သူ့အစီပွါယ်နှင့် ပြည့်စုံနေသည်။

"မေ···ဘာကိုပြောတာလဲ"

"ဘာကို ပြောရမှာလဲ ဒီအတိုင်းနေလို့ မရတော့ဘူး၊ဒယ်ဒီနဲ့မာမီတို့ရဲ့ ထိုးစစ်တွေက အရှိန်းကိုပြင်းထန်လာတော့မှာလေ"

ကိုယ့်အတွေးနဲ့ကိုယ် သဘောပေါက်ပြီး ပြုံးလိုက်ရသ···



www.burmeseclassic.com

www.burmeseclassic.com



"အပျိုကြီးရဲ့ ခံတပ်ကြီးက မခိုင်တော့ဘူးသဘောပေါ့"

"ဟုတ်တယ် ဟုတ်တယ်"

ကလေးတစ်ယောက်လို ဒေါ်နဲ့မောနဲ့ ပြောနေသည်။

"ဒါဆိုရင်လည်း ရည်းစားထားလေ"

"ရှာပေး..."

"အဲ...ဒါတော့ အမှုမတွဲပါနဲ့ တရားသူကြီးမင်းရယ်၊ တော်ကြာ ချုပ်ရှာပေးတဲ့ လူကိုအမိန့်တွေပေးနေမှဖြင့် ခက်ရချည်ရဲ့..."

"သိပ်သေချာတာတယ်...စိုး ရှာပေးခဲ့ရင် တစ်ခါတည်း လွှတ် ကျက်မရှိ ထောင်ချပစ်လိုက်မယ်...မှတ်"

"အိမ်ထောင်လား..."

"စိုးနော်..."

လက်သီးနှုနှုကလေးနေကမ္ဘာစိုး လက်မောင်းထက်ဆီသို့....



www.burmeseclassic.com

www.burmeseclassic.com

# အခန်း၊ ၁၁၊

မျက်စိရှေ့မှ မင်္ဂလာဖိတ်စာကို ကြည့်ပြီး သွေးပျက်ချောက်ချားနေသူမှာပန်းမွှံခင် ဖြစ်၍ မင်္ဂလာရက်မှာ (၃) ရက်သာလိုတော့သည်။

ပန်းမွှံခင် ခြေမကိုင်မိ လက်မကိုင်မိ...ကြီးကြီးမေက ရွာကို ခဏပြန်သွားသည်မှာ ခုထိ ပေါ်မလာသေးပေ...

ပန်းမွှံခင် ဘာလုပ်ရမလဲ ဦးဝဏ္ဏအောင်ကြီး၏ ရင်ခွင်ထဲကိုပဲ ဝင်ရတော့မလား....အပေါ်ထပ် ပြတင်းပေါက်ကပဲ ခုန်ချရမလား...အတွေးတွေက ခေါင်းထဲမှာ ပေါင်းစုံ...ပန်းမွှံခင်ဘဝ၏ နိဂုံးကို ရောက်နေပြီလို့တောင် ထင်နေမိသည်။

ကယ်တင်သူကင်းဝေးသည့်ဘဝ...ကံဆိုးသူ၏ မျက်ရည်တွေကိုဘယ်သူမှ သုတ်ပေးမည့်သူ မပေါ်နိုင်တော့ချေ.....

"သမီးရေ ခဏ.."

မေမေ ဒေါ်မြဂုဏ်တင့်တင့်၏ ခေါ်သံ...

မင်္ဂလာရက် နီးလာလေလေ အမေဖြစ်သူ၏ပျားရည်ဆမ်းထားသောမျက်နှာတွေ စကားသံတွေကို မြင်ရကြားနေရပေမယ့် ပန်းမွှံခင်



www.burmeseclassic.com

www.burmeseclassic.com



မပျော်ရွှင်နိုင်ပေ။

မိဘ၏ ကြင်နာမှုကို မမက်မောလို့တော့မဟုတ်...

သားသမီးတစ်ယောက်ကို ဈေးကွက် တင်ပြီး ရောင်း ချသည့် မိခင်ဖခင်၏သံယောဇဉ်ကို ဘယ်လိုမှ နားလည်လို့မရခြင်းသာ.

ခုရက်ပိုင်းတွင် ဦးဝဏ္ဏအောင်နှင့် အလိုက် အထိုက်လေး နေထိုင်ပြောဆိုနေခြင်းသည် ကြီးကြီးမေ ပြောထားသော စကားအတိုင်း နေထိုင်ပေးခြင်းဖြစ်သည်။ တစ်ဖက်ကို အယုံသွင်းပြီး ထွက်ပေါက်ရှာသည့် သဘော...

အခန်းထဲမှ မထွက်ခင် ရှုပ်ပွနေသော ဆံပင်ကို မှန်ရှေ့တွင် သပ်သပ်ရပ်ရပ်လေးပြင်ဆင်လိုက်သည်။

လှချင်လို့တော့မဟုတ် စိတ်ပျက်နေသည်ကိုမရိပ်မိစေချင်လို့ပင်...

"ဟဲ...ဟဲ...ဟဲ..."

ဘယ်လိုမှကြည့်မကောင်းသော သွားကြီးကို ဖြဲပြီး ပြောင်နေသည့် နဖူးကို ပွတ်နေသော ဦးဝဏ္ဏအောင်မျက်နှာ ကိုမြင်ရ သည်မှာ အန်ထွက်ချင်သည်။

ဖေဖေနှင့်မေမေကတော့ ထိုင်ကန်တော့ရမည့် သမက်ကို သား သို့တောင် ခေါ်ချင်နေသည့်ပုံ...

ရင့်ထော်နေသော အရိုးကို နုနုလေးပါဆိုပြီး ကိုက်ချင်နေသည့် ဘာနှစ်ပါးကို ဝမ်းနည်းမိသည်။

ဖေဖေနှင့်မေမေရယ် သမက်ရှားလိုက်တာ...သမီးအပျို နုနု ထွတ်ထွတ်လေးကို မုဆိုးဖို သချိုင်းကုန်း ခြေတစ်ဖက်လှမ်းသူနဲ့ ပေးစားရ ဘယ်လို... မြန်မြန်သေတော့ မြန်မြန်ပစ္စည်းတွေရတာ ပဲဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စိမ်ကိန်းနဲ့ ပေးစားနေသလားတော့ မပြောတတ်…

ဦးဝဏ္ဏအောင် မျက်လုံးစုံကဗျာတ်ထွက်မတတ်ကြည့်ရင်း…

မြက်နုနုလေးကို အရသာခံစားချင်နေသည့် ပုံစံ…

"သမီးလေး ဝတ်ဖို့ ပစ္စည်းတွေကို ကြည့်ပါဦး"

ကတ္တီပါ အနီလေးပေါ်က စိန်ဘယက် စိန်လက်စွပ်နှင့် ရွှေလက်ဝတ်ရတနာမျိုးစုံ…

"ပန်းလေးနဲ့ဆို အရမ်းလိုက်မှာ ကိုကိုကြီးက သီးသန့်မှာထားတာ၊ ဈေးတောင်သူများထက်ပိုပြီး ပေးဝယ်ခဲ့တာ…သိလား"

ဦးဝဏ္ဏအောင် သူ့ကိုယ်သူ လူပျိုပေါက်အရွယ်လေးလို သဘောထားပြီး ပြောနေလေ၏။ ပန်းမှုံခင် စိတ်ဝင်စားခြင်း မရှိသလောက် ဖေဖေနှင့် မေမေက အလိုရမ္မက်တွေ ပြည့်လျှံနေလျက်…

"သမီးလေး ဝတ်ကြည့်ပါဦး"

ငြင်းလိုက်ချင်တယ် အခြေအနေကရှိနေသဖြင့် မေမေ ဆွဲပေးသော စိန်ဘယက်လေးကို အလိုက်သင့် ခေါင်းလေး ငုံ့ပေးပြီး ဝတ်လိုက်ရသည်။

"ဟယ်…လှမှလှ"

"လက်ကလေး…ပေးပါဦး"

ဦးဝဏ္ဏအောင် ပန်းမှုံခင် လက်ကလေးကို လှမ်းဆွဲယူပြီး စိန်လက်စွပ်ကိုလက်သူကြွယ်တွင် စွပ်ပေးနေသည်။

"ဟူး…တော်သေးတာပေါ့ ကိုကိုကြီးက ပန်းကလေးနဲ့ တော်ပါ့မလားလို့စိုးရိမ်နေတာ၊ မတော်ရင်တော့ ချက်ချင်းပြန်ပြီး လုပ်ခိုင်းရမှာ"



www.burmeseclassic.com

www.burmeseclassic.com



စိန်နန်းတော်ထဲမှာ မီးသွင်းခြင်းခံနေရသော ပန်းမှုံခင်လက်ကို ချက်ချင်းပြန်မလွှတ်ပေးပဲ ကိုင်ထားသေးသည်။

မိဘနှစ်ပါးရှေ့မှာ မရှိမသေ ဖြစ်ချင်တာ မိဘနှစ်ပါးက ဦးဝဏ္ဏအောင်၏ ကျေးကျွန်တွေ အဖြစ်သို့ရောက်နေပြီလား…

"မနက်ဖြန်ကျရင် သတို့သမီး ဝတ်စုံသွားကြည့်ရမယ်၊ အနောက်တိုင်းဆန်ဆန်ပဲ မင်္ဂလာဆောင်မှာဆိုတော့ အကောင်းဆုံး ဥရောပလက်ရာမျိုးနဲ့ အပ်ထားတာ"

သတို့သမီး ဝတ်စုံအပ်တုန်းက ပန်းမှုံခင် ပါသွားခဲ့သည်။ချုပ်သည့် ဆိုင်ကတောင် ဖအေက သမီးကိုလိုက်ပြီး အပ်ပေးတယ် လို့တောင် ထင်နေကြသည်။

ဒီတုန်းက ရှက်လွန်း၍ ထွက်ပြေးချင်စိတ်တောင်ပေါက်ခဲ့ရသူ…

ဒေါ်မြဂုဏ်တင့်တင့် စိတ်ထဲမှာတော့ ခုလို လိုတရ သမက်ကြီးကို သမီးတစ်ယောက် အသုံးချလိုက်သောကြောင့် သူဌေးဆိုသည့် ဂုဏ်ပုဒ်လေး အရောင်မှိန်နေသည်ကို ပြန်ပြီး လက်အောင်လုပ်နိုင်သလို တင်နေသောအကြွေးတွေကို ဆပ်နိုင်တော့မည်။

ဦးကျော်ဇေကျော့မောင်အတွက် ယောက္ခမနှင့်သမက် အကောင်းစားအရက်ပုလင်းတွေနဲ့ လောင်းကစားဝိုင်းများကို ပခုံးဖက်ပြီး သွားနိုင်တော့မည်ဖြစ်သည်။

တကယ့်ဟန်ကျသည့် မင်္ဂလာပွဲ…

ဒီလိုသမီးမျိုး (၁၀)ယောက်လောက်မွေးပြီး ဒီလိုသမက်မျိုး (၁၀)ယောက်တွေ့ခဲ့ရင်တော့…ဒီတစ်သက်ဘာမှ လုပ်ကိုင်စရာ မလိုတော့ဘဲ သောက်လိုက်စားလိုက်၊ လောင်းကစားလိုက်၊ အပေ



www.burmeseclassic.com

www.burmeseclassic.com



အနှောင်းလေးတွေကို အိမ်ကိုယ်စီတောင် ဝယ်ပေးနိုင်မှာ..

လင်မယားနှစ်ယောက် အတွေးကိုယ်စီနှင့်ပီတိဖြစ်လို့...

ဦးဝဏ္ဏအောင်မှာ မိန်းမတွေနှင့်ပတ်သက်ပြီး ပုံစံမျိုးစုံနှင့် ရှုပ်ထွေခဲ့သည်။ ဇနီးသည် ဆုံးပြီးကတည်းက ရှိခဲ့ပေမယ့် ပန်းမှုံခင်လေးကျမှ စွဲစွဲလမ်းလမ်းကို ဖြစ်ခဲ့ရသည်။

နှုတ်ခမ်းလေးတွေက ဖူးလို့... ကျစ်လျစ်လှသောကိုယ်လုံးကလေးနှင့်သွယ်လှသော ပေါင်တန်လေးများသည် ဦးဝဏ္ဏအောင်၏ မျက်လုံးထဲမှ ထွက်ကိုမထွက်... ဒါကြောင့်လည်း ငွေတွေ အများကြီးအကုန်ကျခံပြီး ငွေမက်၊ ရွှေမက် ယောက္ခမနှစ် ယောက်ကို ချောင်ပိတ်ပြီး သမီးကို အမိဖမ်းခဲ့ရသည်။

ခုတော့ ဘယ်သူမှ ဦးဝဏ္ဏအောင်လက်ထဲက မရုန်းထွက်နိုင်တော့ပေ။ ဦးကျော်ဇောကျော့မောင်နှင့် ဒေါ်မြဂုဏ်တင့်တင့်က ထင်နေသည်မှာ သူတို့သမက်ဖြစ်လာသည်နှင့် ဦးဝဏ္ဏအောင် ပိုင်ဆိုင်သမျှကို သုံးဖြုန်းလို့ရမည်မှတ်နေကြသည်။

ဝေးသေး... ဒီနေ့မင်္ဂလာဆောင်ပြီးသည်နှင့် ပန်းမှုံခင်လေးကို ခေါ်ဆောင်သွားမည်။ ဒင်းတို့နှစ်ယောက်ကတော့ တစ်လကို ဆန်တစ်အိတ်တောင် ရောက်လျှင်ကံကောင်း...အိမ်မှာခေါ်ပြီး ထမင်းဟင်းချက်ခိုင်း၊ ဒရိုင်ဘာလုပ်ခိုင်းလိုက်မည်။

သူတို့ လည်သည်ဆိုသည်မှာ ဦးဝဏ္ဏအောင်က ပါးပါးလေးပဲရှိသည်။ ကျား၊ ခြင်္သေ့၊ မြေခွေးတို့ကြားမှာ ပန်းမှုံခင်က သိုး..

ကြီးကြီးမေ...နဖူးမှချွေးစလေးကို သုတ်ပြီး အိမ်ထဲသို့လှမ်းဝင်လိုက်သည်နှင့်မြင်ရသော မြင်ကွင်းက အမောဆို့စရာ..



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမေ.."

"သမီးလေး.."

ပန်းမှုံခင်...ရင်ထဲကို လမင်းကြီးပြုတ်ကျသလို ပျော်လိုက်သည့်ဖြစ်ခြင်း...

ပန်းမှုံခင်..ထိုင်နေရာမှထပြီး ကြီးကြီးမေ အဝတ်ထုပ်ကိုဆွဲယူလာခဲ့သည်။

ဖေဖေ...,မေမေနှင့် ဦးဝဏ္ဏအောင်ကတော့ မျက်နှာက ခပ်ထန်ထန်..

"တင့်တင့်က ပြန်မလာတော့ဘူးတောင် ထင်နေတာ"

မေမေက ဖေဖေ့လက်ထဲမှ စီးကရက်ကိုလှမ်းယူပြီး ခပ်ငေါ့ငေါ့လေးပြောလိုက်သည်။

"သမီးလေးမှုံ မင်္ဂလာပွဲပြီးရင်တော့ ကြီးညိုအပြီးပြန်မှာပါ"

"ဒါလည်း ကောင်းတာပဲလေ..ဩော်..ကိုဝဏ္ဏအောင် ပြန်တော့မလို့လား..."

"ပြန်ရဦးမယ်... ဖိတ်ရမယ့်သူတွေကို မကျန်အောင် ကုမ္ပဏီက အလုပ်သမားတွေကို ခိုင်းရဦးမယ်၊ ပန်း...ကိုကိုကြီး ပြန်ဦးမယ်.."

"ဟုတ်ကဲ့...ဟို...ဒီစိန်ဘယက်တွေ..ကရော..."

"ခက်နေပြန်ပြီ...ပန်းလေးကို ခုကတည်းက ကိုကိုကြီးပေးထားတာ..သိမ်းထားလေ.."

နားထဲမှာ ကြားရတာ တကယ်မသင်္ကေတစရာ...။

"ဒါဆိုရင် မေမေ့ကိုပဲ အပ်ထားလိုက်မယ်.."

"ပန်းလေး သဘောပဲ...ဓတ်ဘိုင်..."



www.burmeseclassic.com

www.burmeseclassic.com



ပန်းမှုံ့ခင်··လက်ကလေးကို ပြလိုက်ရသည်။

ဒါဟာ ပရိယာယ်တစ်ခု···ပင်·····

မေမေ့ကို လည်ပင်းမှာဆွဲထားတဲ့ စိန်ဘယက်နဲ့လက်စွပ်ကို ချွတ်ပေးလိုက်သည်။

မေမေနဲ့ဖေဖေက စိန်ဘယက်နဲ့ စိန်လက်စွပ်ကြီးကို သွားရည်ကျမတတ် ကိုင်ပြီးကြည့်နေချိန်···ပန်းမှုံ့ခင်···ကြီးကြီးမေနှင့် နောက်ဖေးဘက်ကို လိုက်ပါလာခဲ့သည်။

"ကြီးကြီးမေရယ်·· သမီးဖြင့် စိတ်တွေပူပြီး ဘာလုပ်ရမှန်းတောင်မသိဘူး···"

"သမီးလေးရယ်···"

သစ်သားခုတင်လေးပေါ်တွင် ကြီးကြီးမေနှင့် အတူထိုင် လိုက်ပြီးပြောလိုက်တဲ့စကားကို ကြီးကြီးမေမှ ပန်းမှုံ့ခင်ဆံပင်လေးကို သပ်ကာ

"ကြီးမေတို့သားအမိ နေဖို့အိမ်သွားပြီးရှာတာကွဲ့"

"အဆင်ပြေရဲ့လား··"

"ပြေတယ်···တို့သားအမိနှစ်ယောက် လုပ်ကိုင်စားသောက်လို့ရတဲ့နေရာလေ···ကြီးမေမှာ စုဆောင်းထားတဲ့ငွေလေးနဲ့ တို့သားအမိနှစ်ယောက် ရပ်တည်ကြတာပေါ့ကွယ်··"

ကြီးကြီးမေ ရင်ခွင်ထဲသို့ ခေါင်းလေးကိုဝင်ပြီး ပန်းမှုံ့ခင် ငိုချလိုက်လေတော့သည်။

ကံဆိုးသူလေးအတွက် ကံကောင်းခြင်းမနက်ဖြန်ဆိုတာလေးက···



www.burmeseclassic.com

www.burmeseclassic.com

# အခန်း၊ ၁၄၊

“မင်း ငါတို့ကို တွေ့ချင်တာ ဘာကိစ္စလဲ စီစီ”

“ဖြည်းဖြည်းပေါ့ ထိုင်လိုက်ပါဦး…ဒေါ်မြဂုဏ်တင့်တင့်နဲ့ ဦးကျော်ဇောကျော့မောင် ”

မြဂုဏ်တင့်တင့်ကတော့ သိပ်ပြီး မကျေမနပ်နှင့် ထိုင်ပေမယ့် ဦးကျော်ဇောကျော့မောင်ကတော့ ရုပ်သေးရုပ်ကလေးပမာ စီစီသော်သိမ့်ကို မလှန်နိုင်သူကိုး…

စီစီသော်သိမ့်အရှေ့ခြံချထားသော အအေးခွက်လေးကို တစ်ငုံမျှ သောက်ပြီးတော့…

“ပန်းမှူခင်ကို အိမ်ထောင်ပြုပေးတော့မလို့ဆို”

“ဟုတ်တယ်”

ဒေါ်မြဂုဏ်တင့်တင့် အသံက ခပ်မာမာ…

“ငါ ဘာမှ မသိရပါလား”

“မင်းသိဖို့ရောလိုအပ်လို့လား”



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်လို ပြောလိုက်တာလဲတင့်တင့်၊ပန်းမှုံခင်က ငါ့ရင်နဲ့ လွယ်ပြီး မွေးထားရတဲ့ ငါ့သမီးလေ"

"ဟား…ဟား…ဟား…"

ရယ်သံလေးက အကျယ်ကြီး မဟုတ်ပေမယ့် သူတို့ထိုင်နေကြသော စားသောက်ဆိုင်အထူးခန်းလေးလောက်တော့ ကြားနိုင်သည်။

"မင်းရယ်စရာ ပြောတတ်သားပဲ၊ဘူးသီးသီးမှ အရိုးလာပြီး တော်နေပါလား"

လက်မနှင့် လက်ညှိုးလေး ဝိုင်းပြီး ထောင်ပြလိုက်သည်။

"မင်းက ညစ်တဲ့သဘောလား"

"တန်ရာ တန်ကြေးတောင်းတာပါ"

"မပေးနိုင်ဘူးဆိုရင်ရော"

"လွယ်ပါတယ် မင်္ဂလာပွဲကို ဖျက်လိုက်ပေါ့၊ ငါ့သမီး ငါ ပြန်ပြီး ခေါ်မယ်"

"မင်းသမီးဆိုတာကို မင်းသက်သေပြလေ"

"တင့်တင့်..မင်းငါ့ကို လှော့တွက်တာကိုး၊ နှင့်လင်တော်မောင် ငါ့ဆီ ကလေးတောင်းစဉ်က လက်မှတ်ထိုးပြီး ယူသွားတဲ့ စာလေးကို မင်းမေ့သွားပြီလား"

"ဟင်…ရှင်…"

ဦးကျော်ဇောကျော့မောင်ကို စားတော့ဝါးတော့မည့်မျက်လုံးဖြင့် ဒေါ်မြဂုဏ်တင့်တင့် ကြည့်ပြီးတော့…

"ရှင် ကျွန်မကို ဘာဖြစ်လို့ ဒီအကြောင်းကို မပြောတာလဲ"

"ဟို…ဟို..ငါလည်း သိပ်ပြီး အရေးမပါဘူးထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တော့နော်"

"ဒေါ်သတွေ လျှော့ပါ ဒေါ်မြဂုဏ်တင့်တင့်ရယ်၊ သူ့မှာလည်း အမွေပစ္စည်းတွေ လက်လွှတ်မှာစိုးလို့ လုပ်ခဲ့ရတာပါ၊ မဟုတ်ဘူး လား ကိုကျော်ဇောကျော့မောင်"

စီစီသော်သိမ့် မျက်စလေးကို ပစ်ပြီး ပြောလိုက်သည်။

"ဟုတ်ပါတယ် တင့်ရာ၊ ကိုယ်လေ မဖြစ်မနေ အရေးပေါ် ဖြစ်လာလို့ ကလေးကို ရအောင်ယူခဲ့ရတာပါ"

မြဂုဏ်တင့်တင့်အတွက် ပွဲက ရှုံးနေပြီ...

စီစီသော်သိမ့် အလိုဆန္ဒကို လိုက်လျှောဖို့ပဲ ရှိလေတော့၏။

"မင်း ငွေဘယ်လောက်လိုချင်လဲ..."

"သိပ်မများပါဘူး သိန်း(၂၀)ထဲပါ.."

"ဟယ်..."

စီးကရက်ညှပ်ပြီးထောင်ပြလိုက်သော လက်နှစ်ချောင်းကို မျက် လုံးပြူးဖြင့် ကြည့်မိလေသည်။

"မင်းတောင်းတာများတယ်.."

"တန်ဖိုးမဖြတ်နဲ့ တင့်တင့်....၊ သမီးတစ်ယောက် မိခင်အတွက် ဒီငွေဟာ အရမ်းကိုနည်းတယ်၊ မင်းတို့အတွက် သိန်း (၂၀)ထက်မကတဲ့ ရာချီငွေတွေ ဝင်လာမှာကို လက်မလွှတ်စေနဲ့နော်၊ ထောင်မြင်ရာစွန့်ဆို တဲ့စကားလေးကို နှလုံးသွင်းထားစမ်းပါ"

ဈေးအလျှော့အတင်းဆက်ပြီးလုပ်၍ မရနိုင်သည်ကို သဘော ပေါက်လိုက်၍...

"ခု...မပါလာဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာဆောင်က (၂)ရက်ပဲကျန်တော့တယ်၊ အချိန်မပေး နိုင်ဘူး…"

"မနက်ဖြန်မနက် ပို့နိုင်းလိုက်မယ်…"

"တည်ပါစေနော်… ရောက်မလာရင် သတင်းစာကိုစောင့်ပြီး ဖတ်…"

"မင်းဆီက စာချုပ်ကိုတော့ပေးရမယ်.."

"စိတ်ချ…ပေးမှာ..ဟင်း…စာရွက်ကလေးတစ်ရွက်က သိန်း (၂၀)တောင်တန်တာကို ခုမှပဲသဘောပေါက်တယ်.."

လှောင်ရယ်သံလေးနှင့်ခပ်ပြုံးပြုံးကို…

ကြေမွသွားအောင် လုပ်ချင်စိတ်က ဒေါ်မြဂုဏ်တင့်တင့် ရင်မှာ ပြင်းပြင်းထန်ထန်….။



www.burmeseclassic.com

www.burmeseclassic.com

အခန်း၊ ၁၅၊

မိုးက ညနေစောင်းကတည်းက ရွာနေသည်မှာ မိုးချုပ်သည် အထိ မတိတ်သေး...။

"သမီးမှု သွားကြရအောင်"

"ဟုတ်ကဲ့"

ခရီးဆောင်အိတ်ကလေးကို ပခုံးပေါ်တွင် တင်ပြီး အိမ်ရှေ့သို့ ထွက်ခဲ့စဉ်နံရံတွင် ချိတ်ထားသော ဖေဖေနှင့် မေမ ဓါတ်ပုံလေးကို ထိုင်ပြီး ကန်တော့လိုက်သည်။

"သမီးမိုက်ကိုခွင့်လွှတ်ပါ"

ကြမ်းပေါ်သို့ မျက်ရည်စလေးတွေ ကျခဲ့ပေမယ့် ပြန်ပြီး မသုတ် တော့ပေ။

ဖေဖေနှင့်မေမေအတွက် ထားရစ်ခဲ့လေပြီ...။

အိမ်မှာ ဒေါ်မြဂုဏ်တင့်တင့်ရော ဦးကျော်ဇောကျော့မောင်တို့ ဦးဝဏ္ဏအောင်နှင့် မင်္ဂလာကိစ္စတွေကို ဆောင်ရွက်နေသလား၊ သူတို့စံပျော်ရာဆီကို ရောက်နေသလားဆိုတာကိုတော့ မပြောတတ်

ပန်းမှုခင်နှင့် ကြီးကြီးမေတို့အတွက် အခွင့်အရေးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကိုရလိုက်သလိုပင်…

'ဂျိုင်း'

"အမေ့"

မိုးခြိမ်းသံနှင့် လျှပ်စီးလက်လိုက်သောကြောင့် ကြီးကြီးမေ လက်မောင်းလေးကို ဆုပ်ကိုင်လိုက်စဉ်…

"မိုးကလည်းကောင်းလိုက်တာ"

"ကံဆိုးမ သွားလေရာ မိုးလိုက်ပြီး ရွာနေသလားပဲ ကြီးမေ"

"သမီးလေးဘဝ ကံဆိုးခြင်းကလွတ်မြောက်ပါပြီ"

မိုးနှင့်လေက ပူးပေါင်းစစ်ဆင်ရေးတစ်ရပ်နွှဲနေသဖြင့် ဆောင်းထားသော ထီးက လုံခြုံမှုကိုမပေးနိုင်…။

နှစ်ယောက်လုံး မိုးရေတွေ ရွှဲနစ်နေလေသည်။

လမ်းပေါ်တွင် ထွန်းထားသော မီးတိုင်အလင်းတွေအောက်မှာ ခပ်သွက်သွက်လေးလျှောက်ခဲ့ကြသည်။

ကားလမ်းပေါ်ကသွားရင် ဒေါ်မြဂုဏ်တင့်တင့်တို့ ပြန်လာသည်နှင့်တိုးမှာကို ရှောင်လွှဲပြီး လမ်းကြားတွေကတစ်ဆင့် သွားနေရသဖြင့် ခရီးက ဖင့်နေသည်။

ပန်းမှုံခင်တို့နေသည့် သူဌေးရပ်ကွက်နောက်တွင်ရှိသော ဆင်ခြေဖုံးရပ်ကွက်လေးမှ သွားရမည်ဖြစ်သောကြောင့် ရွှံ့တွေ ဗွက်တွေကို မှောင်မှောင်မည်းမည်းဖြတ်လျှောက်နေကြရသည်။

ပန်းမှုံခင်နှင့်ကြီးကြီးမေတို့နှစ်ယောက်လုံး မိုးရေတွေကြောင့် တုန်ချမ်းနေလေပြီ…။

"သမီးလေး ချမ်းနေပြီလား…"



www.burmeseclassic.com

www.burmeseclassic.com



"ရ…ရပါတယ်…ဟီး…ဟီး…"

နှုတ်ဖျားက ရပါတယ်ဟုပြောနေပေမယ့် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေလေပြီ..။

"မိုးရယ် အငြိုးကြီးလိုက်တာ..ကွယ်…"

တစ်ယောက်ကိုတစ်ယောက် မြဲနေအောင် ဆုပ်ကိုင်ပြီး ထီးကို ပိတ်ထားရလေသည်။

လေနှင့်ထီးက ဘယ်လိုမှ ဆက်စပ်လို့မရ…။

ထီးကိုင်းတွေလည်း ကျိုးပဲ့ပြုတ်ထွက်နေလေသည်။

"ရှေ့က တဲမှာမိုးခိုရအောင်၊ ဒီနေရာကတော့ သူတို့ မသိနိုင်ပါဘူး၊ ကားလမ်းနဲ့အဝေးကြီး"

မနက်ပိုင်း မုန့်ဟင်းခါးရောင်းသော ဆိုင်ကလေးထဲသို့ဝင်ခဲ့ကြသည်။

"ခေါင်းတွေ အရင်သုတ်လိုက်ဦးသမီး"

ကြီးကြီးမေ သူ့အထုပ်ထဲမှ မျက်နှာသုတ်ပဝါလေးကို ထုတ်ပြီး ယန်းမှုံခင်ကိုသုတ်ပေးလေသည်။

"ကြီးကြီးမေလည်းသုတ်"

"အေးပါကွယ်"

အရင်ချမ်းသည်ထက်တော့ လျော့သွားပေမယ့် အချမ်းဓာတ် မပြေ…

"ကားဂိတ်ကို ရောက်မှ စိတ်ချရမှာ သမီး၊ သူတို့အိမ်နှင့် ရောက်ပြီဆိုတာနဲ့ မြေလှန်ပြီးရှာမှာ သေချာတယ်"

မိုးက ခဏစဲသွားသဖြင့် အပြင်ကိုပြန်ထွက်ပြီး လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြန်သည်…။

"လိုင်းကားကတော့ ရမှာမဟုတ်တော့ဘူး"

"တက္ကစီငှားပြီး စီးရမှာပဲ သမီး"

"ကြီးကြီးမေ သမီးစုထားတဲ့ ပိုက်ဆံတော့ပါတယ်"

" အေးအေး…သိမ်းထား"

အုတ်ခဲစီထားသည့် နေရာတစ်စီကာ၊ သစ်သားအကျိုးအပဲ့ ခင်းထားသောနေရာကခင်းထားသလို တချို့နေရာများတွင် အုန်းပင် အတုံးကြီးတွေလှဲထားသည့် လမ်းပေါ်မှာ လက်နှစ်ဖက်ကို မြဲမြဲဆုပ်ပြီး လျှောက်လာခဲ့ကြသော အနာဂတ်ခရီးသည်နှစ်ဦးဘဝ၏ ခရောင်းလမ်း အစတစ်ခုပင်…။

ခန္ဓာကိုယ်သာ တုန်ယင်ချမ်းနေပေမယ့် ရင်မှာတော့ ကိုယ်စီ ပူလောင်ကျွမ်းလျက်…။

ကားလမ်းထက်ပေါ်ရောက်ပေမယ့် မျက်စိက ဘေးပတ်ဝန်းကျင် ကို ကြည့်နေရသည်။

အနောက်မှ လိုက်လာမည့် ခြေသံများကိုလည်း နားစွင့်နေရသည်။

"ကြောင်ပါး…"

"ဘာလဲကွ…"

မိုးထဲရေထဲမှာ ဒယိမ်းဒယိုင်နှင့်ပြန်လာကြသော ကဇော်သမား နှစ်ဦး…။

"ညစာလေးတွေ…ဟိုမှာ…"

ရီဝေနေသော မျက်လုံးတွေကို ပွတ်သပ်ပြီးကြည့်လိုက်သောအခါ သစ်ပင်ကွယ်တွင် ကားငှားရန်စောင့်နေသော ပန်းမှုံခင်တို့ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး…

"တစ်ယောက်က အသွားကြီး၊ သုံးစားလို့မရဘူး၊ တစ်ယောက်က တော့ အမိလေးကွ…"

"ခွင်ဖမ်းရအောင်.."

"ကြည့်လုပ်ဦး… အာမခံနဲ့ထွက်လာတာ တစ်ပတ်မပြည့် သေးဘူး…"

"ကြောင်ပါးရယ်… ကွက်နီဆိုတဲ့ကောင်ကြံတာကို ဘေး ကနေ လိုက်ပြီး ပညာသင်စမ်းပါ…ဟား..ဟား..ဟား…"

"ဆရာ့ပညာကို တကယ်သင်ယူပါ့မယ်…"

ပန်းမှုံခင်တို့ ရပ်နေသောနေရာသို့ ချည်းကပ်လာပြီး

"ဘယ်သွားကြမလို့လဲ"

"အဝေးပြေးဂိတ်.."

ကြီးကြီးမေက အရှိုးခံအတိုင်းပြောလိုက်ခြင်းပင်…

"လိုင်းကားက ရှိမှာမဟုတ်ဘူး.."

"ကားငှားဖို့ စောင့်နေတာ.."

ပန်းမှုံခင် အရက်သမားနှစ်ယောက်ကို ကြည့်ပြီး ကြောက်လာ သဖြင့် ကြီးကြီးမေ ဘေးသို့ ကပ်ထားရသည်။

"ကျွန်တော်တို့ကူညီပေးမှာပါ"

"နေပါစေကွယ်"

"မဟုတ်တာ ဒေါ်လေးရယ်၊ ဟိုနားက အိမ်မှာ အငှား ကား ရှိတယ်"

ခပ်လှမ်းလှမ်းက မီးရောင်လေး လင်းနေသည့် အိမ်ကို လက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com



လေးထိုးပြပေမယ့် ထိုအိမ်တွင် ကားမရှိသည်ကို ကြီးကြီးညို သိပြီးသား…။

"ရတယ် ကျေးဇူးတင်ပါတယ်၊ လာတဲ့ကားလေးပဲ စီးတော့မယ်"

ကြောင်ပါး အခြေအနေကို သဘောပေါက်ပြီး အနုနည်းဖြင့် မရတော့မှန်း သိသဖြင့် …

"အို…"

"မင်းတို့…ဘာလုပ်တာလဲ"

ပန်းမွှေခင် လက်ထဲမှ ခရီးဆောင်အိတ်ကိုဆွဲပြီး လုယူပေမယ့် ပန်းမွှေခင် ချမ်းချမ်းနှင့် ဆုပ်ကိုင်ထားသောကြောင့် ကြောင်ပါး လက်ထဲပါမသွားဘဲ လူက ရှေ့သို့ စိုက်ပြီး ထွက်သွားသည်။

"အဘွားကြီး ဒီမှာတွေ့လား…ဓား"

အသင့်ပါလာသော ဓားမြှောင်ကို ထုတ်ပြီး ပန်းမွှေခင်လည်ပင်းကို တေ့ကာ လူကို တင်းတင်းကျပ်ကျပ် ဖက်ထားသည်။

"ကလေးတို့ရယ် အဒေါ်တို့ သားအမိ ဒုက္ခသည်တွေပါ…၊ တောင်းပန်ပါတယ်ကွယ် မလုပ်ကြပါနဲ့"

"အဖွားကြီး သနားတတ်ရင် ဒီလို အလုပ်ကို မလုပ်စားဘူး ပေးစမ်း …"

ပန်းမွှေခင် ခရီးဆောင်အိတ်ကို အတင်းလုယူပြီး…

"ဟဲ….ဟဲ…ကောင်မလေးက တယ်လည်း လှပါရက်"

မိုးရေစိုပြီး ကိုယ်တွင်ကပ်နေသည့် ပန်းမွှေခင် ခန္ဓာကိုယ်ကို မျက်လုံးကျွတ်မတတ်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပါး…မျက်စိကျလောက်အောင် ပန်းမှုံခင်၏ ခန္ဓာကိုယ်အလှသည် ရမ္မက်ထစေရာပင်…

ပန်းမှုံခင်….ရင်ဘတ်လေးကို လက်နှင့်ကွယ်ပြီး ကြီးကြီးမေအနားသို့ ပြန်ပြီးကပ်မည်အပြု…

"အို…"

ကြောင်ပါးက အတင်းလှမ်းပြီးအဆွဲမှာ နှိပ်ကြယ်သီးလေးတွေပြုတ်ထွက်သွား၍ ကြောင်းပါးမျက်လုံးတွေပိုပြီးကျယ်လာလေ၏။

"မင်းတို့ မယုတ်မာနဲ့နော်…"

ကြီးကြီးမေ… ပန်းမှုံခင်ကိုလှမ်းပြီးဆွဲလိုက်သောအခါ…

"ဟော့ကောင်ကြွက်နီ..မင်းအဘွားကြီးကိုထိန်းထားစမ်း"

"ကြောင်..ကြောင်ပါး…"

"ဒီကောင်ကတော့…"

ကြွက်နီ…ကြောက်ကြောက်နှင့် ကြီးကြီးမေကို ဓားနှင့်ချိန်ထားသည်။

"ကြီးကြီးမေ…ကယ်ပါဦး.."

"သမီးမှုံ…"

ကြောင်ပါး ဘေးချုံထဲသို့ အတင်းဆွဲခေါ်လေသည်…

"ဟာ…"

ကားမီးရောင်တစ်ခုက ထိုမြင်ကွင်းဆီသို့ တန်းတန်းမတ်မတ်ရောက်လာပြီး သိပ်မကြာ..ကားပါရောက်လာသည်။

ကားပေါ်မှ ဆင်းလာသူက လက်မှာ့ဘိုး…သူငယ်ချင်း တစ်ယောက် မွေးနေ့ပါတီက အပြန်မှာ ခုလို ပွဲကြမ်းနဲ့ ဆုံရခြင်း…



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်…မင်းလမ်း မင်းသွားစမ်း"

လကမ္ဘာစိုး မိုးကာအင်္ကျီစကို အပေါ်သို့ ဆွဲတင်ပြီး အနားသို့ ကပ်ထားသည်။

"ဟော့ကောင် တွေ့လား ခါး"

ကြောင်ပါးက ဓားနှင့် ခြိမ်းခြောက်နေပေမယ့် ကြွက်နီကတော့ ပြေးပေါက်ကိုရှာနေသည့် မျက်လုံးနှင့် ကြည့်နေသည်။

လကမ္ဘာစိုး အခြေအနေကို သဘောပေါက်လိုက်ပြီး ထိပ်တိုက် ရှင်းရရင် တစ်ကောင်ကိုပဲ ရှင်းရမှာ …။

"ငါက မင်းတို့ကိုကြောက်လို့ ရှောင်သွားရင် ငါ့လောက် လူမှုရေး ညံ့ဖျင်းတဲ့ကောင် ရှိမှာမဟုတ်ဘူး၊ မင်းနဲ့ငါကြားမှာ ခြေလွှမ်း လက်လွန်တွေ မဖြစ်ချင်ရင် သူတို့ကို ဒုက္ခမပေးနဲ့ ဒါဆိုရင်တော့ အားလုံး အေးဆေးသွားမှာပဲ"

မျက်နှာပေါ်သို့ ကျနေသည့် မိုးစက်လေးတွေကို လက်ဖြင့် ပွတ်သပ်ပြီး ကြောင်ပါးနှင့် အနီးဆုံးမှာ နေရာယူလိုက်သည်။

ပန်းမွှံခင်နှင့်ကြီးကြီးမေတို့ နှစ်ယောက်အတွက် ဘုရားမ, တ ပဲဖြစ်သည်။

"ကဲကွာ"

"ဖြောင်း"

"အား…"

ကြွက်နီ လှုပ်ရှားမယ့် လက်ကို ကြိုပြီးသိနေသဖြင့် လှုပ်ရှား လိုက်သည်နှင့် လကမ္ဘာစိုး ခြေထောက်က ကြွက်နီကို အရှိန်နှင့်ချ ကြောင်ပါးကို ဆက်ပြီး တိုက်ခိုက်လိုက်သောကြောင့် ကြောင်ပါး



www.burmeseclassic.com

www.burmeseclassic.com



သက်ထဲက ခါးလွတ်ကျသွားပြီး ဗိုက်ကို လက်ဖြင့် ဖိကာအလူးအလဲ ခံစားနေရသည်။

ကြွက်နီကတော့ မိတ်ဆွေကောင်း ပီသစွာ ခြေကုန်သုတ်ပြေး လာတော့သည်။

“ဟော့ကောင် ကြွက်နီ”

“နေဦး…”

ပြေးရန် ပြင်သော ကြောင်ပါး လည်ပင်းမှ အကျီစကို ဆုပ်ကိုင်ပြီး

“အဒေါ်တို့ပစ္စည်းတွေ ပါသွားသေးလား”

“မပါပါဘူးကွယ်”

“ဖုန်း…”

ကြောင်ပါး ဖင်ကို ဆောင့်ကန်လိုက်သည်နှင့် တန်းပြီး ပြေးလေသည်။ ရန်ပွဲကို ကြည့်နေသော ပန်းမှုံခင် ပြုတ်ကျနေသည့် ကြယ်သီးများကို တပ်ဖို့ပင် မေ့နေသောကြောင့် …

“မင်းကြယ်သီးတွေကို တပ်လိုက်ဦး”

“ဟင်….ဟုတ်ကဲ့ ဟုတ်ကဲ့”

ပထမတော့ကြောက်စိတ်နှင့် ရောနေပြီး ရှက်ရမှန်း မသိပေမယ့် ကြောက်ရမည့်ကိစ္စမှ လွတ်ကင်းသွားချိန်မှာတော့ အပျိုဖျန်းမလေး ရှက်သွေးဖြာပြီး လကမ္ဘာစိုးကို ကျောပေးကာ အင်္ကျီကြယ်သီးကိုတပ်နေ သည်။

တကယ်လှသည့် မိန်းကလေးပဲ…

လကမ္ဘာစိုး ပန်းမှုံခင် ကျောပြင်လေးကို ခေါင်းမှ ခြေဖျားအထိ ကြည့်ပြီး မှတ်ချက်ချလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သွယ်လျသော ပေါင်တံလေးကို ကျစ်ကျစ်လျစ်လျစ် ရှိသည့် ခါးလေးက အလှဆင်ထားသည့်ကို မျက်လုံးထဲက မထွက်။

ညဏ်အောက်မှာတော့ ဝင်းဝါနေသော အသားရောင် လေးနှင့် ပြန့်ကျဲနေသော ဆံနွယ်လေးက တင်ပါးနားထိ ရှိနေလေသည်။

လကမ္ဘာစိုးကို သူရဲကောင်းတစ်ဦး ကယ်တင်ရှင် တစ်ဦး အဖြစ် ကြည့်နေသော မျက်ဝန်းနက်ကလေးနှင့် နှုတ်ခမ်းပါးပါးလေးက ပုထုဇဉ်ယောကျ်ားတစ်ယောက်အတွက် မိုက်မဲနိုင်သော အလှပိုင်ရှင်…

"အဒေါ်တို့က ဘယ်ကိုသွားကြမှာလဲ"

"အဝေးပြေးကားဂိတ်ကိုပါ"

"ဒါဆိုရင် ကားပေါ်တက်ကြပါ"

"လူလေး လမ်းကြုံလို့လား"

"မကြုံပါဘူး နောက်အန္တရာယ်နဲ့ မကြုံရအောင် လိုက်ပို့ပေးမလို့"

"ကျေးဇူးကြီးလှပါတယ်ကွယ်"

ကြီးကြီးမေ…ပန်းမွှံခင် လက်ကလေးကို ဆွဲပြီး လကမ္ဘာစိုး နောက်က လိုက်ခဲ့လေသည်။ လူရမ်းကားနှစ်ယောက်ကြောင့် ချမ်းသည့် စိတ်တောင် ဘယ်ရောက်သွားမှန်းမသိ။ ပန်းမွှံခင်တို့ ကားပေါ်သို့ တက်ပြီးသည်နှင့် ကားလေး စက်နှိုးပြီး မောင်းထွက်ခဲ့လေသည်။

ပန်းမွှံခင် စိတ်ထဲတွင်ကယ်တင်ရှင် မျက်နှာကို တွေ့ဖူးသလို ရှိနေသည်။ ရေရေရာရာတော့မဟုတ်…

"ကျွန်တော့်နာမည် လကမ္ဘာစိုးလို့ခေါ်ပါတယ်"

"အယ်…"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကိုကို နေကမ္ဘာစိုး မျက်နှာလေးကို မြင်ယောင်ပြီး ပန်းမှုံခင်တွေ့ဘူးသလိုဖြစ်နေသည့်အဖြေကို ရှင်းသွားစေသည်။

ပန်းမှုံခင်အတွက် အနန္တရာယ် မီးတောင်တစ်ခုဆီက ဖြတ်ကျော်နိုင်ခဲ့လေပြီ။ ရှေ့ဆက် ကံကြမ္မာက ဘာရယ်တော့ မပြောတတ်.....



www.burmeseclassic.com

www.burmeseclassic.com

# အခန်း၊ ၁၆၊

"ဂြိုဟ်မ…အကုသိုလ်မ…"

ဒေါ်မြဂုဏ်တင့်တင့်…ဒေါသတွေက မီးတောင်ပေါက်ကွဲ သလို ထိန်းမနိုင် သိမ်းမရ…

"ဟို ဆံဖြူ သွားကျိုး အဘွားကြီးက ကြံရာပါပဲ၊ တွေ့ရင် တော့လားကွာ… ကျော့မောင်အကြောင်းကောင်းကောင်းသိသွားရ မယ်…ဟင်း…."

တစ်ခါကြိမ်းဝါးလိုက်…တစ်ခွက်သောက်လိုက်နှင့်…

"ရှင်က ထိုင်ပြီး ကြိမ်းနေလို့မရဘူး… ဒီနေ့မတွေ့တွေ့အောင် ရှာမှဖြစ်မယ်… ဦးဝဏ္ဏအောင်သိသွားရင်…မိုးကြိုးပစ်ပြီ…"

"ငါလှုပ်ရှားတာပဲ… ဒင်းတို့က ဘယ်ချိုထဲမှာပုန်းနေသလဲမှ မသိတာ…"

"ခုထပ်ပြီး ရှာ…အဝေးပြေးဂိတ်ကိုသွားကြမယ်…"

ဒေါ်မြဂုဏ်တင့်တင့်…ပြေကျနေသောဆံပင်ကိုတောင် သပ်သပ်ရပ်ရပ်မလုပ်နိုင်ဘဲ…အိမ်ရှေ့ကိုထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇောကျော့မောင်က လက်ကျန်အရက်ကို သောက်နေသဖြင့်..

"အရေးထဲ.. ဒီသောက်ရည်ပဲ သောက်... ရှင်က ခွေးမသောက်တဲ့အရည်နဲ့ ဘဝဇာတ်သိမ်းမယ့်လူ...."

ဒေါသတွေက သူ့ဘက်ကို မကူးစက်ရေးအတွက် ရေငုံနှုတ်ပိတ်ပြီး အနောက်မှ ကုတ်ကုတ်လေးပင် လိုက်ခဲ့၏။

"မိအေး...နှစ်ခါနာမယ့်အခြေအနေကိုရောက်နေပြီ"

"ဘာလို့ မိအေးနှစ်ခါနာရမှာလဲကွ.."

မိုးဖွဲဖွဲကျနေသော ကားလမ်းပေါ်မှာ ကားကို ရီဝေဝေနဲ့ မောင်းရင်း..

"ဟိုကောင်မ...တောင်းတဲ့ငွေလည်း ပေးခဲ့ရပြီ....ဒင်းကို ရှာမတွေ့ရင် ရှင့်ပထွေးဝဏ္ဏအောင်က ကျုပ်တို့ကို ကရုဏာသက်မယ်လို့ထင်လား...ထောင်ထဲကိုပို့မှာတော်ရေ..."

"အီး...."

မြဂုဏ်တင့်တင့်စကားကြောင့် မူးနေတာလေးတောင် ပြေချင်သလိုဖြစ်သွားသည်။

ထိုစကားမှာအမှန်... ဦးဝဏ္ဏအောင်က ငွေကြေးနှင့်ပတ်သက်လျှင် မလွယ်သည့်လူတစ်ယောက်... သူ့ဘက်က ပန်းမှုံခင်အတွက် ရင်းနှီးထားသော အရင်းအနှီးက မနည်း... ခုလို သတင်းသာကြားသွားရင်..သူတို့ဇနီးမောင်နှံနှစ်ယောက်ကို ကြိုးစင်ထိအောင် ပို့လို့ရရင် ပို့မည့်သူ...

"တင့်...ငါအကြံတစ်ခုရတယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အကြံဆိုရင် ဘာမှ နားမထောင်ချင်ဘူး‥ အရက်ငွေ့တွေ ရိုက်ပြီး ရှင့်ဦးနှောက်တွေက သုံးစားလို့ရတာမဟုတ်ဘူး…"

နှုတ်ခမ်းကိုမဲ့ရွဲ့ပြီး ပြောနေပေမယ့် မျက်လုံးက လမ်းမပေါ် ကို ကျီးကန်းမျက်လုံးနှင့်ကြည့်လျက်…

"ဒီတစ်ခါတော့ မင်းလက်ခံမှာပါ…"

"ပြောကြည့်ပါဦး…"

စကားသံက ယုံကြည်မှုမရှိသည့်လေသံ…

"မင်းကို ဦးဝဏ္ဏအောင်‥စိန်တွေပေးထားတယ်မဟုတ်လား…"

"ဟုတ်တယ်… ဟိုအကုသိုလ်မအတွက်လေ…ကျုပ်ကို ဝတ်ဖို့ ပေးထားတာမဟုတ်ဘူး…"

"မင်းပြောမှ မဟုတ်ပါဘူး ငါလည်းသိတာပဲ…"

"သိရင် ဘာလို့မေးနေတာလဲ‥ တကတဲ…"

"ငါ့စကားကို ဆုံးအောင်နားထောင်စမ်းပါဦးဟ… ခု ဟိုကြိုဟ်မ ကို မတွေ့ရင်‥မင်းနဲ့ငါ ဒီစိန်တွေကိုယူပြီး လစ်ဖို့ပဲရှိတော့တယ်… အိမ်နဲ့ခြံက ပေါင်ထားတာ ပြန်ပြီးရွေးရင်တောင် အတိုးက အိမ်ခြံတန်ဖိုး ထက် (၂)ဆလောက်များနေပြီ‥ကားကျတော့ရော ဘာထူးလဲ… သူများ ဆီက လခနဲ့ ငှားစီးနေရတာ‥ ဒီလမ်းပဲ ရွေးစရာရှိတော့တယ်…"

ဦးကျော်ဇောကျော့မောင်စကားကို ဒေါ်မြဂုဏ်တင့်တင့် လက်ခံ နိုင်ဖွယ်ရှိသွားပြီး‥လက်ကိုင်အိတ်ထဲက စီးကရက်ဘူးကို ထုတ်ကာ လက်ကျန်စီးကရက်တစ်လိပ်ကို နှုတ်ခမ်းပေါ်တွင် တင်ပြီး…

"ရှင်ဒီတစ်ခါတော့ တော်သွားပြန်ပြီ… အဝေးပြေကားဂိတ်



www.burmeseclassic.com

www.burmeseclassic.com



မှာမတွေ့ရင်တော့ ဒီလမ်းကို ရွေးကြတာပေါ့…"

"အိုကေ…"

ကားဂီယာတိုင်ဘေးတွင်ရှိနေသော ဒေါ်မြဂုဏ်တင့်တင့် ပေါင်ကိုလှမ်းပြီး ပုတ်လိုက်၏။

"ရှင့်တဏှာကိစ္စတွေကို ရပ်ဖို့ကောင်းနေပြီ"

"စိတ်ချပါကွာ··အားလုံးနဲ့ယှဉ်ကြည့်မှ ငါ့မိန်းမလောက် ချစ်ဖို့မကောင်းဘူးဆိုတာကို သိလာတယ်··ဟားဟားဟာ…"

"ရှင် ဒီစကားကို အလွတ်ကျက်ထားပုံရတယ်··"

"မိန်းမကတော့ လုပ်ပြီ"

မိုးက ခဏနားပြီး အမောပြေသည်နှင့်နောက်တစ်ကြိမ် ထပ်ပြီး ရွာချလေ၏။

အဝေးပြေးဂိတ်ထဲရောက်တော့ ညထွက်မည့်ကား မရှိသည်ကို စုံစမ်း၍ သိခဲ့ရပြီး ခရီးသည်များနားနေဆောင်တွင် လိုက်ရှာသော်လည်း အရိပ်အယောင်မတွေ့ရပေ။

"ဟို ဆံဖြူမကြီးတောက ဘယ်မှာလဲ…"

"ပဲခူးဘက်မှာ··လေ…"

"ဒါဆို ငါတို့ရှာတာ နေရာလွဲပြီကွ··"

"ခုချိန် ပဲခူးကားက ရှိမှမရှိတော့ပဲ…"

"ကဲ…မိန်းမ··ဘာဆက်လုပ်မလဲ··ပြော…"

"လင်တော်မောင်ကြီးပေးတဲ့အကြံအတိုင်း ဆက်ပြီး အကောင်အထည်ဖော်ကြတာပေါ့ရှင်…"

ကားဆီသို့ပြန်လျှောက်ချိန်တွင်….



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေဦး…"

"ဘာလုပ်မလို့လဲ"

"စီးကရက်ဘူး ဝယ်မလို့.."

"မင်းလည်း စီးကရက်လျှော့သောက်ဖို့သင့်နေပြီနော်.."

"ကျွန်မသေမှာကို ရှင်စိုးရိမ်တာတော့မဖြစ်နိုင်ဘူး"

"မင်းကို မသေစေချင်သေးပါဘူးကွာ.."

"အလဲ့..တယ်ကြားကောင်းတဲ့စကားပါလား..ဘာကြောင့်"

"မင်းပြဿနာတွေကို ငါတစ်ယောက်တည်း ရှင်းရမှာ ကြောက်လို့"

"သေချင်းဆိုးကြီး…"

"ဟား..ဟား..ဟား…"

မိုက်တွင်းနက်သူ နှစ်ဦးအတွက် အမိုက်ဇာတ်က ခပ်ကြမ်းကြမ်းကရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

"""သမီးမှူ…အဝတ်အစားလဲပြီးပြီလား‥"

"ပြီးပါပြီ ကြီးမေ…"

ကြီးကြီးမေနှင့် တစ်ရွာတည်းနေခဲ့သော အဝေးပြေးကားဂိတ်မှ ထမင်းဆိုင်လေးတွင် ရေချိုးအဝတ်အစားများကိုလဲနေကြခြင်း ဖြစ်သည်။

"ဒေါ်ညိုတို့ စီးမယ့်ကားက မနက် (၄း၀၀)နာရီမှထွက်မှာတဲ့‥"

"မနက် (၄း၀၀)နာရီဆိုတော့လည်း (၄း၀၀)နာရီပေါ့ ခင်မြရယ်‥ ငါတို့နှစ်ယောက် ညအိပ်လို့ရတယ်မဟုတ်လား‥"

"ရပါတယ်‥ဆိုင်တစ်ဖက်ခန်းက လွတ်နေတာပဲ အဲဒီမှာ အိပ်ပေါ့‥ ဒါနဲ့ ရွာကိုမပြန်ဘူးလား‥"

"မပြန်တော့ဘူး ခင်မြရေ…. ဒီက တူမလေးနဲ့အတူ ခေါင်းချဖို့ဆုံးဖြတ်လိုက်ပြီလေ… ရွာမှာက ဆွေမျိုးသားချင်းတွေ ရှိမှ မရှိတော့ဘဲ…"

"ရွာက အိမ်နဲ့ခြံကရော…"

"ဟိုတလောက သွားပြီးအပြတ်ရောင်းခဲ့ပြီးပြီ‥"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမေ‥ ပန်းမှုံခင်အတွက် ဖောင်ကိုပါဖျက်ပြီး ကယ်ခဲ့ခြင်းပင်…

"ထမင်းစားပြီးကြပြီလား‥"

"မစားရသေးဘူး‥"

"ဒါဆို ပြင်လိုက်မယ်လေ…"

"အေး…အေး‥ကောင်းတယ်‥"

ခင်မြမှ ပန်းမှုံခင်နှင့်ကြီးကြီးမေအတွက် ထမင်းစားရန် ပြင်နေချိန်‥

"ကြီးမေ…ဟိုမှာ…"

"ဟယ်…"

ဖေဖေနှင့်မေမေတို့ကားကလေး အဝေးပြေးဝင်းထဲမှ ပြန်ပြီး မောင်းထွက်သွားသည်ကိုလှမ်းပြီးတွေ့လိုက်ရခြင်းဖြစ်သည်။

"တော်ပါသေးရဲ့…"

ကြီးကြီးမေ ရင်ဘတ်ပေါ်တွင် လက်ကလေးဖိလို့‥

ရေ့တွင်ချပေးသော ကြက်သားဟင်းနှင့် မန်ကျည်းသီးစိမ်းကြော်ကလေးသည် ပန်းမှုံခင် အကြိုက်ဆုံးဟင်းဖြစ်ပေမယ့် ခံတွင်းထဲတွင် အရသာမတွေ့…

"ကောင်လေးတောင် ကျေးဇူးတင်စကား အပြည့်အဝမပြော လိုက်ရဘူး‥ ကိုယ်တွေက ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ အားနာစရာတောင် ဖြစ်နေပြီ…"

ပန်းမှုံခင်တို့နှစ်ယောက် အဝေးပြေးကားဂိတ်ကိုရောက်သည်နှင့် ဖေဖေနှင့်မေမေ ရောက်နေမလားဟူသော စိုးရိမ်စိတ်နှင့် လှမ်းမှာစိုးကို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီး ခပ်သွက်သွက်ထွက်ခဲ့ကြခြင်းကို ပြန်တွေးပြီး အားနာနေမိခြင်းဖြစ်သည်။

"ကြီးမေ…ကိုလကမ္ဘာစိုးက ဒေါက်တာနေကမ္ဘာစိုးနဲ့ ရုပ်ချင်းဆင်တယ်နော်၊ နာမည်လည်း တူတယ်"

"ညီအစ်ကိုများ ဖြစ်နေမလားမသိဘူး"

"ဖြစ်ဖို့တော့များတယ်၊ ပုံစံကတော့မတူဘူး၊ ဒေါက်တာကိုနေကမ္ဘာစိုးက လူကြီးဆန်ဆန်နေတတ်တဲ့ပုံ၊ ကိုလကမ္ဘာစိုးက ခေတ်ဆန်ဆန်နေတတ်တဲ့ပုံ"

ဒေါက်တာကိုကိုနဲ့ပတ်သက်ပြီး မှတ်မှတ်ရရ ရှိနေခဲ့သူဆိုတော့ ခွဲခြားမှုကို ပိုင်ပိုင်နိုင်နိုင်ပြောနိုင်ခြင်းဖြစ်သည်။

"ကြီးမေ…သမီးတို့သွားမှာက ဘယ်လဲဟင်…"

"မအူပင်က ကြီးမေ အစ်ကိုကြီးတစ်ယောက်ဆီကိုသွားမှာ၊ အစ်ကိုကြီးက တစ်ယောက်တည်းသမားဆိုတော့ ကြီးမေတို့ သားအမိနှစ်ယောက်အတွက် လုပ်ကိုင်ရှာဖွေစားသောက်လို့ ကောင်းတာပေါ့၊ အစ်ကိုကြီးက အသက်အရွယ်ရော ကျန်းမာရေးပါ သိပ်ကောင်းတော့ မဟုတ်တော့ သူ့ကိုလည်းကျွေးမွေးရတာပေါ့ကွယ်"

ပန်းမှုံခင်တို့၏ အနာဂတ်သစ်က မအူပင်တဲ့…။

•••



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၁၇ ၊

"မင်္ဂလာပွဲ ပျက်သွားပြီဆို စိုး"

"ဟုတ်တယ် မေ"

"စိုး ဒယ်ဒီဘက်က ဖျက်သိမ်းတာလား၊ သတို့သမီးက ဖျက်သိမ်းတာလား"

မေမြတ်သုန္ဒရီအမေးကို ခေါင်းလေးခါပြီး...

"တစ်ခုမှ မဟုတ်ဘူး...သတို့သမီးထွက်ပြေးတာ"

"ဟယ်..."

နေကမ္ဘာစိုး စကားလေးကို အံ့အားသင့်ပြီး အခွံနွာ လက်စေ ပန်းသီးလေးကို ဆက်ပြီး မနွာဘဲ ရပ်သလို ဖြစ်သွားသည်။

"ငွေတွေရော ပါသွားလား"

"မနေ့ညက ဒယ်ဒီရဲ့ပြောဆိုတဲ့စကားအရဆိုရင် ကောင် မလေး က ဘာမှမယူဘဲ ထွက်ပြေးသွားတာလေ၊ ဒယ်ဒီ့သတို့သမီးအတွက် မင်္ဂလာဆောင်မှာ ဝတ်မည့်စိန်တွေကို ကောင်မလေး မိဘနှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ာယူပြီးပြေးတယ်တဲ့…"

"တစ်စိတ်တည်း တစ်ဉာဏ်တည်းနေမှာပေါ့…"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ မပြောတတ်ဘူး… ဒယ်ဒီ ကတော့ ရဲစခန်းမှာ အမှုသွားပြီးဖွင့်ထားတာပဲ၊ ဒယ်ဒီတော်တော် ရှက်သွားပုံရတယ်၊ အိမ်ထဲကတောင် မထွက်တော့ဘူးလို့ လက ပြောတာပဲ.."

"ကြောက်ဖို့ကောင်းလိုက်တာ စိုးရယ်…"

တရားသူကြီးက ကြောက်နေဟန်ကို ကြည့်ပြီး သဘောကျ ခဲ့သည်။

"စိုး…ဘာကိုရယ်တာလဲ"

ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်ပြီး မျက်နှာကို ပွတ်သပ်မိသည်။

"ဘာမှလျှောက်ပြီး ပွတ်မနေနဲ့၊ ဖြစ်နေတာက မျက်နှာ တစ်ခု လုံး.."

"အယ်…"

ဘေးလွယ်အိတ်ထဲမှ မိတ်ကပ်ဘူးလေးယူမည်အပြု….

"ဘာလုပ်မလို့လဲမေ"

"မျက်နှာကိုကြည့်မလို့"

"ကြည့်မနေနဲ့ ပျက်သွားပြီ"

"ဘယ်သူမှ မသုတ်ပေးဘဲနဲ့ ပျက်မလား"

"သုတ်ပေးစရာမှ မလိုတာ"

"စိုးစကားကို ရှင်းအောင်ပြော"

ဆက်ပြီးမန္တာသေးသောပန်းသီးကို ယူပြီး ကိုင်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးက အပြစ်ကျူးလွန်တဲ့လူတွေရဲ့အကြောင်းကို ကြားပြီး ကြောက်တတ်တာကိုတွေ့လို့ ရယ်တာပါ၊ တရားသူကြီးနဲ့မှ မတူတာ"

"တရားသူကြီးဆိုတာ တရားခွင်ပေါ်မှာသာ အသက်ဝင်တာရှင့်၊ အပြင်ကိုရောက်ရင် မိန်းမသားဟာ မိန်းမသားပဲ၊ ကြောက်စရာကောင်းတာကိုကြောက်တတ်ရမှာပေါ့ ‥ပြောမယ့်သာပြောတာပါ … ဒီလိုကိစ္စတွေက သိပ်ပြီးမဆန်းတော့ပါဘူး"

ယနေ့ အသက်အရွယ်တွေက အိုမင်းမှ ရမ္မက်အမှောင်ထဲမှာ ကခုန်နေတဲ့ ကြီးမိုက်ကြီးတွေအတွက် သင်ခန်းစာတစ်ခုဟု ဆိုရမည်။

"စိုး‥ဘယ်လို ခံစားမိလဲ"

"ဘာကိုခံစားရမှာလဲမေရဲ့ …"

"စိုးဒယ်ဒီ ခုဖြစ်သွားတဲ့ကိစ္စပေါ်မှာလေ‥"

"အင်း…ပြောရရင်တော့ သံယောဇဉ်မတူညီတဲ့ တံတားပေါ်ကို လျှောက်ခဲ့လို့ တံတားကျိုးကျတာပဲပေါ့မေရယ်‥"

"ငွေတွေပါသွားတာရော‥"

"ဒါကတော့ ဥပဒေပိုင်းနဲ့ပဲ စကားပြောလေ၊ ဒယ်ဒီရှာထားတဲ့ငွေကြေးပဲ မဟုတ်လား…"

"စိုး မနှမြောဘူးလား‥"

"ဖခင်တစ်ယောက်ရဲ့ငွေကြေးဖြစ်လို့ နှမြောပေမယ့် ဘာကြောင့် ဒီငွေကြေးတွေ ကုန်ခဲ့ရသလဲဆိုတဲ့အမေးကို ဖြေဖို့ တို့မှာ သတ္တိမရှိဘူး"

နေကမ္ဘာစိုး၏ ခံစားချက်ကို မေမြတ်သုနန္ဒီ သဘောပေါက်နားလည်သဖြင့် ဆက်ပြီးမမေးတော့ပေ‥



www.burmeseclassic.com

www.burmeseclassic.com



"ဩော်… မေ့ကိုတောင် ပြောရဦးမယ်၊ တို့မြို့ကလေးတစ်မြို့ကို ယာယီဆေးရုံအုပ်အဖြစ်နဲ့သွားရမယ်‥"

"ဟင်…"

ချစ်သောသူ၏ ယာယီခွဲခွာခြင်းစကားသံလေးကို ဘယ်လိုမှ ခံလို့မရနိုင်ပေ… လွမ်းလို့ကျန်ရစ်ခဲ့ဦးမယ့်သူ‥

"အရမ်းအဝေးကြီးလား‥"

"သိပ်မဝေးပါဘူး…. ရန်ကုန်နဲ့နေ့ချင်းတောင်ပြန်လို့ရ တယ်‥"

"ဘယ်နေရာလဲစိုး…"

"မအူပင်တင်ပါ…"

မေမြတ်သုန္ဒရီနှင့်နေကမ္ဘာစိုးတို့ ရပ်ကွက်နှစ်ခုကြားတွင် ကတ္တရာလမ်းလေးခြားနေတာတောင် ပင်လယ်ခြားနေတယ်လို့ ထင်ခဲ့သူ…

ခုလိုအဝေးကြီးဆိုတော့‥ပင်လယ်ဆယ်စင်းခြားသလိုဖြစ်နေခဲ့ပြီ…

"ဘယ်နေ့သွားရမလဲ"

"ဒီအပတ်ထဲမှာ‥"

"ဘယ်လောက်ကြာမှာလဲစိုး‥"

"သုံးလလောက်ပဲကြာမှာပါ‥ ဒီမြို့ကနေပြန်လာတာနဲ့ တို့က ပါရဂူသင်တန်းတက်ဖို့ရှိသေးတယ်"

သုံးလဆိုသည့်ရက်ကို နာရီနှင့်တွက်ရင်….

မတွေးဝံ့အောင်ပဲလေ… ဒါပေမယ့် တာဝန်နှင့်ဆိုတော့‥ ခွဲခွာခြင်းကို နားလည်ပေးရမှာပေါ့…နေကမ္ဘာစိုးကို တစ်ခါက အလုပ်တာဝန်ဖြင့် မေမြတ်သုန္ဒရီ ခွဲခွာဘူးခဲ့တာပဲမဟုတ်လား‥



www.burmeseclassic.com

www.burmeseclassic.com



ဗဟိုတရားရုံးမှာ တရားသူကြီးတာဝန်မယူခင်က မန္တလေးတိုင်းမှာ တစ်နှစ်နီးပါး ခွဲခွာခဲ့ဘူးသဖြင့် နေကမ္ဘာစိုးက ၃လ ဆိုတာ မမြတ်သုန္ဒရီထက် များစွာလျော့နည်းပြီး သက်ညှာခဲ့တာပဲ··

စိုးရယ်···ခွဲခွာခြင်းကို လက်စားချေတာတော့မဟုတ်တန်ကောင်းပါဘူး···နော်···

အအေးဖန်ခွက်ထဲတွင် အရည်ပျော်နေသော ရေခဲတုံးလေးတွေဆီကို အကြည့်ရောက်သွားပြီး စကားသံလေး တိတ်ဆိတ်သွားသလို··

"မေဘာတွေ စဉ်းစားနေတာလဲ··စကားတောင်မပြောတော့ဘူး··"

"စိုးသွားရင် ပျင်းပြီးကျန်ခဲ့မှာကိုတွေးနေမိလို့··"

"ဝန်ထမ်းဆိုတာ ကိုယ့်ကိုယ်ကို မပိုင်ဘူးဆိုတာ မေသိနေတာပဲဟာ··"

"ဟုတ်ပါတယ်··မေက အလွတ်သဘော ခံစားမိလိုက်လို့ပါ··· ခုတည်းက ပြောထားမယ်နော်··ကျန်းမာရေးဂရုစိုက်"

"ကျုပ်က ဆရာဝန်ပါဗျ··"

"ဆရာဝန်ဆိုတာ တစ်သက်လုံးကျန်းမာရေး ကောင်းမယ်လို့ ထင်မှတ်ထားလို့လား၊ ဟွန်း··· ဆရာဝန်လည်း သွေးသားနဲ့ တည်ဆောက်ထားတာပဲ"

"ဟုတ်ကဲ့ပါ···ကျန်းမာရေး ဂရုစိုက်ပါ့မယ်···မေလည်းဂရုစိုက်"

နှစ်ယောက်ကြားမှာဒီထက်ပိုသည့်စကားလုံးတွေကို ပြောဆိုခွင့်အရေးတွေက မရှိကြပေ···။

"လ···ဘယ်တော့ ပြန်ထွက်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့လထဲလို့ ပြောတာပဲ မေ"

"အင်း…လလည်းမြန်မာပြည်မှာနေရတယ်ဆိုတာ မရှိပါလား"

"ဒီကောင်က ခြေငြိမ်ငြိမ်နဲ့နေချင်တဲ့ကောင်မှမဟုတ်တာဘဲ"

"ခြေငြိမ်သွားအောင် မိန်းမပေးစားလိုက်ပါလား"

"ဝေးရော မေရော…ဒီကောင်ကြိုက်တဲ့ မိန်းကလေး ဆိုတာ ခွေးသေးမှာ မဟုတ်ဘူး"

"လက ရည်စားများတယ်နော်"

"အင်း…"

နေကမ္ဘာစိုးနှင့်လကမ္ဘာစိုး ညီအစ်ကို နှစ်ယောက် ကြားမှာ အရမ်းကို ကွာဟသည့်အချက်ကတော့ လကမ္ဘာစိုး မိန်းမရှုပ်ပွေခြင်းပင်….

လကမ္ဘာစိုး သတင်းကို နားဖြင့်ကြားရတာက တစ်မျိုး၊ မျက်စိဖြင့်မြင်ရတာကတစ်မျိုး‥အသက်ငယ်ငယ်၊ လတ်လတ်၊ ကြီးကြီးတွေနှင့် လကမ္ဘာစိုး ပွေလိမ်နေတာကတော့အမှန်…၊ ဒီကိစ္စပေါ်မှာ အစ်ကိုတစ်ယောက်အနေဖြင့် သတိပေးပေမယ့် သိပ်ပြီး အလေးမထားခဲ့သောကြောင့် နောက်ပိုင်းတော့ မပြောဖြစ်ခဲ့ပေ‥ လူတစ်ယောက်၏ကံကြမ္မာကို ကံကြမ္မာကပဲ အမှားအမှန်ဆုံးဖြတ်ပေးမှာ မဟုတ်လား…။

မေမြတ်သုန္ဒရီနှင့် လမ်းခွဲပြီး အိမ်ကိုတန်းပြီး ပြန်လာစဉ် လမ်းတွင် အတွေးစလေးတစ်ခု နေကမ္ဘာစိုးခေါင်းထဲသို့ ရောက် လာခဲ့သည်။

ထိုအတွေးလေးက မေမြတ်သုန္ဒရီနှင့်သူတို့သံယောဇဉ်ပင်‥

လူတော်တော်များများက သူတို့နှစ်ယောက်ကို ချစ်သူတွေလို့ သတ်မှတ်ကြပေမယ့်… ယနေ့ချိန်ထိ သူငယ်ချင်းဆိုသည့် အဆင့်အနေ မတက်ခဲ့ကြ…



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ဘာကြောင့်လည်းဆိုသည်ကို အဖြေတစ်ခု ရှင်းရှင်း လင်းလင်းထုတ်ရင်.... နေကမ္ဘာစိုး နှလုံးသားတွင် မေမြတ်သုန္ဒရီနှင့် ပတ်သက်ပြီး ချစ်သူတစ်ယောက်လို ခံစားကြည့်ခဲ့ခြင်းမရှိခဲ့၍ ဖြစ်၏။

"နေ...ပြန်ရောက်ပြီလား..."

လက ကာရာအိုကေသီချင်းဆိုနေရာမှ ရပ်ပြီးလှမ်းပြောလိုက်သည်။ လကမ္ဘာစိုးဘေးတွင် အရက်ပုလင်းနှင့်ဖန်ခွက်ကိုပါတွေ့ရပြီး..

"နေ...ထိုင်ဦးကွာ...စကားပြောရအောင်.."

လကမ္ဘာစိုး မျက်နှာကိုကြည့်တော့ အရက်ရှိန်ကြောင့်နီသလို ရှိနေသည်။

"ဒယ်ဒီအကြောင်းလား.."

"ဒယ်ဒီသမိုင်းကြောင်းကို ဘာပြောစရာလိုလို့လဲ... သူညံ့လို့ သူခံရတာပဲခံပေါ့...၊ မပိုင်ဝက်မွေးတာပဲ..ဟားဟားဟား... ဒယ်ဒီ ဝဏ္ဏအောင်ဆိုတဲ့ စီးပွားရေးခြသေ့်ကြီး ဘာမဟုတ်တဲ့ ကောင်မလေး ကြောင့် ကြွက်စုတ်ဖြစ်သွားရတယ်လို့...ဟား ဟားဟား..."

လကမ္ဘာစိုး မျက်လုံးပိတ်သည်အထိ ရယ်မောနေလေသည်။

နေကမ္ဘာစိုး မိမိရှေ့ရှိ ဆိုဖာတွင် ဝင်ထိုင်ကာ....

"ကဲ... ဘာများတိုင်ပင်စရာရှိလဲ....ပြော"

"ငါပြောရင် မင်းအံ့ဩသွားမှာပဲနေ..."

ဒယ်ဒီအကြောင်းကိစ္စနှင့်ရယ်မောနေသော လကမ္ဘာစိုးမျက်နှာ ချက်ချင်းတည်ငြိမ်သွားလေ၏။

ဘာပြောမလဲဆိုသည်ကို နားစိုက်ထောင်ရင်း..

"ငါ့နှလုံးသားမှာ သိပ်ချစ်ဖို့ကောင်းတဲ့ ကောင်မလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို တွေ့ခဲ့တယ်ကွ…"

"လ…မင်းမူးနေပြီလား…"

"နေ…လအရက်သောက်တဲ့သက်တမ်းတစ်လျှောက်မှာ မူးအောင်သောက်တာမျိုးမရှိဘူး… ဒီကောင်မလေးကို နာရီပိုင်းလောက်ပဲ ချက်လုံးချင်းဆုံခဲ့ရပေမယ့် ငါ့အသည်းတွေ ကြွေကျ မတတ်ဘဲ…"

"ကြားရတဲ့စကားတွေကတော့ အံ့ဖွယ်ပဲလ…ကောင်မလေးက ဘယ်ကလည်း… ငါတောင်စိတ်ဝင်စားလာပြီ…မင်းလိုလူမျိုးကို အသည်းကြွေအောင် ပြုစားနိုင်တယ်ဆိုရင်တော့ လူတော့ မဖြစ်နိုင်ဘူး…မှော်မင်းသမီးပဲဖြစ်မယ်…"

"သိပ်ကောင်းတဲ့ စကားပါလား ဒေါက်တာ နေကမ္ဘာစိုးရယ်…ဟုတ်တယ်…မင်းပြောသလို ကောင်မလေးက မှော်မင်းသမီးလေး…မှော်နတ်သမီး…."

လကမ္ဘာစိုး…နှုတ်ဖျားတွင် အကြိမ်ကြိမ်ရွတ်ဆိုနေလေသည်။

"ဘယ်မှာနေလဲ…နာမည်ကရော…"

"ငါတစ်ခုမှ မသိဘူး…"

'မင်းဟာက…ကွာ…"

"ကောင်မလေးကိုတွေ့ခဲ့တဲ့နေ့က မိုးသည်းသည်းရွာနေတဲ့ လမ်းပေါ်မှာ၊ အရက်သမားနှစ်ယောက်ရဲ့ အမွှကျင့်တာကို ဝင်ကယ်ရင်းဆုံခဲ့တာ…"

"မင်းက အိမ်ထိလိုက်မပို့ဘူးလား…"

"သူတို့သွားမှာက အဝေးပြေးဂိတ်…ငါ့အထင်တော့ ထွက် ပြေးလာကြတဲ့ပုံစံပဲကွ… ကောင်မလေး ပုံစံကအရမ်းကိုကြောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်..သူ့ဘေးက အဒေါ်ကြီးတစ်ယောက်တော့ပါတယ်.."
"မင်းဇာတ်လမ်းက ဘယ်လိုဆက်မလဲ..."
"ငါညှံ့တာ..နေ.. ကောင်မလေး ဘယ်သွားမှာ၊ နာမည် ဘယ်လိုခေါ်သလဲဆိုတာကို မေးဖို့ ငါသတိလစ်ခဲ့တာ..ငါဘာ ဆက်လုပ်ရမလဲနေ..."
"မင်းကိစ္စက ငါဘယ်လိုမှ အကြံပြုလို့မရဘူး...တစ်ခုတော့ ပြောနိုင်တယ်...မင်းရဲ့ချစ်ခြင်းက စစ်မှန်တယ်ဆိုရင် ပြန်ပြီးဆုံမှာပါ.."
"ငါ..တကယ်ချစ်မိတာပါ.."
ကောင်မလေး၏ ကြောက်ရွံ့နေသော မျက်ဝန်းလေးတစ်စုံကို မြင်ယောင်နေမိလေသည်။
မိန်းမတွေနှင့်ပတ်သက်၍ လကမ္ဘာစိုးတို့ဘဝမှာ အထူးအဆန်းမရှိခဲ့ပေမယ့် ဒီကောင်မလေးနဲ့ကျမှ နှလုံးသား အညှာကို စွဲကိုင်လှုပ်ခြင်းခံရတာဟာ..ဘုရားသခင်က ခုမှ အချစ်ဆိုတာကို သတိရလို့ ထည့်ပေးလိုက်ခြင်းလား..."
"မင်းစကားအရဆို..ကောင်မလေးက ရန်ကုန်ကမဟုတ်တာ သေချာနေပြီ...ရှာပုံတော်ဖွင့်ဖို့ဆိုတာကလည်း ဘယ်မြို့ဘယ်ရွာ မှန်းမသိဘူး.."
"တော်ပြီကွာ..မေ့ရမယ့်ကိစ္စကိုမေ့တော့မယ်..ဒါနဲ့နေပါဦး မင်းနဲ့ သုန္ဒရီကိစ္စကရော ဘာလဲ..ခုထိတွဲတောင်းနေတုန်းပဲလား.."
"ငါတို့က သူငယ်ချင်းအဆင့်ပဲရှိသေးတယ်.."
"နေ...မင်းတော်တော်လက်နှေးတဲ့ကောင်ပဲကွ.. လက်မနှေးရင် ကျွန်ုပ်ခဲ့မယ်နော်..ကြည့်လုပ်ဦး...ကိုယ့်အသက်တွေကိုလည်း ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တွက်ကြဦး..."

လကမ္ဘာစိုးက ပြောလည်းပြော သောက်လည်းသောက်...

"အချိန်တန်တော့လည်း ဖြစ်ချင်တာ ဖြစ်သွားမှာပေါ့ကွာ.. ဒီအတွက်တွေးပြီးတော့ မပူပါဘူး.."

"နေ...နေ...မင်းဆိုတဲ့ကောင်က ဒီတစ်သက် မိန်းမ တစ်ယောက်ရဲ့ ရင်ခွင်ထဲက လောကအိပ်မက်တွေကို မက်ခွင့်ရတော့မှာ မဟုတ်ဘူး.."

"နှလုံးသားနဲ့တည်ဆောက်ထားတဲ့ ရင်ခွင်ထဲမှာပဲ နေချင်တာ.."

"မင်း...သုန္ဒဒီကို မချစ်ဘူးလား.."

"သံယောဇဉ်ကတော့ ခိုင်မာတယ်.. ဒါပေမယ့် ချစ်ခြင်းဖွဲ့ လောက်တဲ့အထိတော့ တစ်ခါမှ မတွေးမိခဲ့ဘူး.."

"နေ...မင်း သုန္ဒဒီဘက်ကို ငဲ့ဦးနော်.."

"ဟင်..."

လကမ္ဘာစိုးစကားကို သတိပြုမိချိန်တွင် မေမြတ်သုန္ဒဒီ သူ့အပေါ်မှာ ချစ်နေလျှင် သံက်သက်ညှဉ်းသလိုဖြစ်နေပြီ...

"မိန်းကလေးဆိုတာ သူတို့ဘက်ကစပြီး ဖွင့်ပြောဖို့ ခက်နေပေမယ့်.. သူတို့ မာယာတွေနဲ့ လမ်းခင်းပေးတာတွေ၊ ရေမြောင်း ဖောက်တာတွေ ရှိတတ်တယ်..ဒါကို မသိကျိုးကျွန်ပြုမိရင် ပြောင်းလဲသွား တတ်တယ်နေ... သုန္ဒဒီက တရားသူကြီးတစ်ဦးဖြစ်နေတော့ ပိုပြီးဆိုး တယ်.. ဂုဏ်သိက္ခာတွေ ဘာတွေက သူ့ကိုထိန်းချုပ်ထားမှာ..နေ..."

ဆိုဖာနောက်ကျောကို ကျောမှီချလိုက်ပြီး.. မေမြတ်သုန္ဒဒီ ကို ရင်မှ ချစ်ကြည့်မိသည်..



www.burmeseclassic.com

www.burmeseclassic.com



အချစ်၏ လမင်းကလေးကတော့ သာချင်ပေမယ့် တိမ်ညိုတွေက ဖုံးသလိုဖြစ်နေသောကြောင့် လမင်းကလေး သာခွင့်မရနိုင်…။

ငါတို့နှစ်ယောက် အချစ်ဆိုတဲ့ပန်းသီးတစ်လုံးကို ဘာကြောင့် ခွဲစားခွင့်မကြုံရတာလဲ မေမြတ်သုန္ဒရီ …

ပန်းသီးများစွာတော့ ငါတို့နှစ်ယောက် စားခဲ့ဘူးတယ်လေ‥



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၊ ၁၈ ၊

ပန်းမှုံခင်တို့ ဘဝကိုစတင်ပြီး ခြေချဖို့ပြင်ဆင်ချိန်မှာပဲ... ကြီးကြီးမေရဲ့အစ်ကို ဦးသာပျော်တစ်ယောက် လေငန်းရောဂါဖြင့် ဆုံးသွားခဲ့သည်။အဆိုးထဲက အကောင်းတစ်ခုလို့ ဆိုရမလား..

ဦးသာပျော် ပိုင်ဆိုင်သော ခြံကလေးနှင့် အိမ်ကလေးကို ကြီးကြီးမေက အမွေဆက်ခံခွင့်ရခဲ့လေသည်။

ဦးသာပျော်၏ ဈာပနကိုလည်း ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ် လုပ်ဆောင်ပေးခဲ့နိုင်သည်။ ဦးသာပျော်မှာ အိမ်နှင့်ခြံကလွဲပြီး တခြား ပိုင်ဆိုင်သော ငွေကြေးကတော့ ထောင်ဂဏန်းသာသာလောက်သာ ရှိခဲ့တာဆိုတော့ ကြီးကြီးမေနှင့် ပန်းမှုံခင် ပါသော ငွေလေးနှင့် လုပ် ဆောင်ပေးခဲ့ရတာ...

ဦးသာပျော် အသုဘကိစ္စပြီးမြောက်လို့ တစ်လပြည့်တော့မှ ဝမ်းရေးအတွက် ပန်းမှုံခင်နှင့် ကြီးကြီးမေ အလုပ်လုပ်ခဲ့သည်။

ရှိသည့်ပိုက်ဆံလေးကို အရင်းအနှီးလေးလုပ်ပြီး ငါးကော



www.burmeseclassic.com

www.burmeseclassic.com



ငါးရောင်းလေသည်။ ပန်းမှုံခင် အရင်လို လူ့ပတ်ဝန်းကျင်ကို ကြောက်တတ်သော စိတ်တွေတော့ မရှိတော့ပေ။ ဘဝ၏ စစ်ပွဲတွေက များလာခဲ့တော့ ရင့်ကျက်စ ပြုနေပါပြီ ...

လူ့ပတ်ဝန်းကျင်မှာ သတ္တိမရှိလို့ကတော့…လွယ်ကိုမလွယ်ဘူး…။

ကြီးကြီးမေက အသက်အရွယ်ရော သူ့ရဲ့သွေးတိုးရောဂါကြောင့် ပန်းမှုံခင်နဲ့အချိန်ပြည့်မလိုက်နိုင်တော့ပေ။

ငါးတွေ ဗန်းပေါ်တင်ပြီး ဈေးရောင်းထွက်ခဲ့သည်မှာ ခုဆိုရင် တစ်လနီးပါးလောက်ရောက်နေခဲ့ပြီ။ ငါးဒိုင်တွေက လူတွေနှင့် လည်း တော်တော်လေး ရင်းနှီးနေကြပြီ ဖြစ်သည်။

"ပန်းမှုံရေ ဒီနေ့ ငါးတန်ခုတ်သားတွေရှိတယ် ယူမလား"

ငါးဒိုင် သူဇာဝင်းက ငါးတွေကို တောင်းထဲထည့်ရင်း လှမ်းပြီးပြောနေသည်။

"ယူမယ် မဝင်းရေ…ဟိုရက်က ငါးတန်ခုတ်သားကိုမေးကြတာများတယ်.."

"ဒါဆိုရင်..ဟိုမှာ အသင့်ချိန်ပြီးသားပဲ..ယူသွားတော့..ငွေကတော့ ပြန်လာမှပဲ ရှင်းတော့ ပန်းမှုံ.."

"အင်း…အင်း…"

ပန်းမှုံက ငွေကြေးနှင့်ပတ်သက်ပြီး အစွန်းအထင်းမခံသော ကြောင့် ငါးဒိုင်တွေက ပန်းမှုံခင်ဆိုရင် ယုံယုံကြည်ကြည်ပေးကြသည်။

တိုအထဲတွင် အဆိုးဆုံးက တစ်ခုလပ် ကလေးနှစ်ယောက်အဖေ မျိုးဆန်းဆိုသည့်လူပင်..



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆန်းက ပထမအိမ်ထောင်နှင့်ကွဲသွားပြီး ကလေးနှစ်ယောက်နှင့် တစ်ခုလပ်ဖြစ်နေသောသူ.. အရင်မိန်းမကတော့ တရားဝင်ကွာရှင်းပြတ်စဲပြီး နောက်အိမ်ထောင်ပြုသွားပြီဖြစ်သည်။

ပန်းမှုံခင်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောခြင်းမရှိပေမယ့် ဟိုလိုလို ဒီလိုလိုတော့ ပြောတတ်သည်။

မျိုးဆန်းက ငါးတွေနှင့်ကြီးပွားနေသောသူဆိုတော့..

ရွှေတွေ ဘယ်လောက်ဝတ်ဝတ်၊ အဝတ်ကောင်းတွေဘယ်လောက်ဝတ်ဝတ်၊ ငါးနံ့က မပျောက်သလို အသားကမဲရသည့် အထဲ မျက်လုံးကမှေးမှေး၊ နှာခေါင်းက ပွပွ၊ ကွမ်းစားထားသည့်သွားတွေက နီကြောင်ကြောင်၊ ဒီလိုလူမျိုးကို ပန်းမှုံခင် စဉ်းစားမိရင်တောင် ငိုချင်သလိုလို.....။

ဒီနေ့တော့ တာထွက်ကောင်းလို့လားမသိ...။

ရွာတစ်ရွာတောင် မဆုံးလိုက်ရဘူး ခေါင်းပေါ်က ငါးတန်ခုတ်သားတွေ တက်တက်စင် ကုန်ခဲ့သည်။

"မျိုးဆန်း...ဟိုမှာ မင်းအသည်းတုံးလေးပြန်လာနေပြီ"

ပိုက်လှေထဲမှ ငါးတွေကို ချိန်နေစဉ် ဘေးမှ ဖိုးခင်က လက်ကုတ်ပြီးပြောလိုက်သည့်နေရာကိုလှမ်းကြည့်တော့ ဈေးဗန်းလေးကို ခေါင်းပေါ်မှာတင်ပြီး လာနေသော ပန်းမှုံခင်...

မျိုးဆန်း..မျက်လုံးထဲတွင် လှပြီးရင်းလှနေသော အလှပိုင်ရှင်လေး..

အရင်မိန်းမထက် အဆပေါင်းများစွာ သာတာတော့ နှိုင်းယှဉ်စရာတောင်မရှိ...။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းမှုံ ပြန်လာပြီလား"

"ဟုတ်ကဲ့…"

ပန်းမှုံခင် ဘယ်သူ့ကိုမဆို မျက်နှာချိုချို နှုတ်ချိုချိုပဲ ဆက်ဆံတတ်သည်။ ကိုယ်ကစျေးသည်ဆိုတော့ နှုတ်ချိုလျှိုတစ်ပါး…

"ဟဲ..ဟဲ…ဟိုဟို…"

ကြည့်လို့မကောင်းသည့် သွားကို အချောင်းရေအားလုံး ဖော်ပြီး စကားစရှာနေသော မျိုးဆန်းကို မျက်နှာချင်းဆိုင်နေရာက ရှောင်သွားဖို့မလွယ်…။

ပန်းမှုံခင် သွားရမယ့် နေရာနှင့် မျိုးဆန်း ရပ်နေသည့်နေရာ က ဝါးလုံးလေး (၃)လုံးကို ခင်းထားသောလမ်း…ဘေးကိုဆင်းသွားရင် ရွံ့တွေဗွက်တွေကို နင်းသွားရမှာ..

"ကိုမျိုးဆန်း လမ်းဖယ်ပါဦး"

"ကိုယ်ပြောစရာရှိလို့"

"ဒါဖြင့် ပြော…"

ဖိုးခင်ကို အချက်ပြလိုက်ပြီး ရှောင်သွားရန်ဖြစ်သည်။

ဖိုးခင်တို့ ဟိုလိုလို ဒီလိုလို ရှောင်ထွက်သွားသည့် အခါမှ

"ကိုယ်…ပန်းမှုံကို လက်ထပ်ပါရစေ"

"ဘာ…"

ငွေရှိတယ်ဆိုပြီး ပြောရင်ဖြစ်မယ့်ပုံစံမျိုး…

"ပန်းမှုံကို ကောင်းကောင်းမွန်မွန်ထားမှာပါ၊ ခုလို ပန်းမှုံ ခေါင်းပေါ်စျေးဗန်းတင်ပြီး ရောင်းနေရတာကို မကြည့်ရက်ဘူး"

စိတ်ရှိတိုင်းသာ ပြောလိုက်ရင် ကျော်မကောင်း ကြားမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာ.. ကိုယ်က သူတို့နှင့် သိပ်ပြီးမလွှတ်မကင်း ဖြစ်နေသဖြင့် စိတ်ကိုလျှော့ကာ..

"ကျွန်မ အိမ်ထောင်ပြုဖို့ စိတ်မဝင်စားဘူး ကိုမျိုးဆန်း"

"ပန်းမှုံရယ်...ဒီလိုကြီးတစ်သက်လုံး နေလို့မှ မဖြစ်တာ"

မျိုးဆန်း အတင့်ရဲပြီး အနီးကပ်ဆုံး ကပ်လာသည်။

ငါးနံ့နှင့်ကွမ်းယာနံ့က ခေါင်းကိုမူးခဲ့တယ်၊ ပန်းမှုံခင်လည်း ငါးရောင်းနေသူပါ၊ ငါးနံ့ကိုမကြောက်ပါဘူး၊ ဒါပေမယ့် မျိုးဆန်းကိုယ်ကငါးနံ့က ပိုပြီး ပြင်းသလို...

မျိုးဆန်း ငါးဒိုင်နေရာက လူသွားလူလာခပ်ကြဲကြဲ...။

"ရှင် ဒါ ဘာလုပ်တာလဲ"

"ချစ်လို့ပါ..."

ကြမ်းထော်နေသော လက်နှင့်ပန်းမှုံခင်လက်ကို ဆုပ်ကိုင်လိုက်သည်။

"ရှင်လွှတ်နော်"

"မလွှတ်ပါရစေနဲ့ ပန်းမှုံခင်ရယ်"

တစ်ဆင့်တက်ပြီး ခါးကိုပါ ဆွဲဖက်လာတော့..

"ကဲ..."

"ခွပ်..."

"အား..."

ပန်းမှုံခင် လွှတ်နေသော ညာလက်မှ အလေးနှင့်မျိုးဆန်း နားထင်ကိုရိုက်ချလိုက်သောကြောင့် ဘေးရှိ အိုင်ထဲသို့ စိုက်ကျသွားသည်..

"အမေ့..."



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆန်းခေါင်းမှာ သွေးတွေက မြင်မကောင်းအောင် ကျနေသည်ကိုကြည့်ပြီး သွေးပျက်လုမတတ်ဖြစ်သွားသည်..။

ခေါင်းပေါ်မှ ချေးဇန်းကို ပစ်ချပြီး ခြေကုန်သုတ်ပြီးပြေးမိလေတော့သည်။

ပန်းမှုံခင်ဘဝမှာ အနိုင်ကျင့်တတ်သောယောကျ်ားတွေနှင့် ဘယ်လိုရေစက်ကြောင့်ကြုံတွေ့နေရသလဲ..

ဦးဝဏ္ဏအောင် ရမ္မက်စကားကွင်းကလွတ်မြောက်မည်မကြံသေးဘူး မျိုးဆန်းဆိုသည့်လူ၏ ရမ္မက်လမ်းပေါ်ကို ရောက်ခဲ့ရပြန်ပြီ..။

"ကြီးမေ...ကြီးမေ"

ပန်းမှုံခင် အိမ်ပေါ်သို့ပြေးတက်စဉ် ထဘီအောက်နားစနှင့် ကပြင်မှ အစွန်းထွက်နေသောအချွန်နှင့်ငြိပြီး ထဘီမှာ ပြဲစုတ်သွားလေသည်။

"သမီးမှုံ...သမီးမှုံ ဘာဖြစ်လာတာလဲ"

"သမီး...လူ...လူသတ်မိပြီ"

"ဘာ..."

လက်တွင်ကိုင်ထားသော ပုတီးကုံးလေး ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားတော့သည်။

အကျိုးအကြောင်းကို စုံလင်အောင်ပြောပြလိုက်တော့မှ...

"သမီးလေးရယ် မင်းဘဝမှာ ဘယ်လိုဝဋ်ကြွေးတွေပါသလဲကွယ်"

ရှိုက်ကြီးတငင်ငိုနေသော ပန်းမှုံခင်ပါးမှ မျက်ရည်စများကို သုတ်ပေးရင်း...

"အမှန်တရားကို နတ်စောင့်ပါတယ်..ဘာမှ အားမငယ်နဲ့သမီး



www.burmeseclassic.com

www.burmeseclassic.com



လေး..ဘာမှ မဖြစ်စေရဘူး... ကြီးမေရှေ့ကနေ စည်းပြီးရင်ဆိုင်ပေးမယ်.."

ကြီးကြီးမေစကားသည် ကြောက်ရွံ့နေသောစိတ်ကိုပျောက်စေတော့အမှန်....

"ဒေါ်ကြီးညို...ဒေါ်ကြီးညို"

အိမ်ရှေ့တွင် ရဲတပ်ဖွဲ့ အချို့နှင့်ရပ်ရွာလူကြီးတွေကို လှမ်းမြင်လိုက်ကတည်းက ပန်းမွှံခင်ဘဝဟာ အဆိုးကံကြမ္မာတစ်ခုကို ရင်ဆိုင်ရတော့မည်ဆိုသည်ကို သိလိုက်ရပြီး..

"မပန်းမွှံ ရှိပါသလား"

"ဪ...ရှိပါတယ် သမီးလေးရေ"

"ရှင်...ကြီးကြီးမေ"

"လောကကြီးမှာ ကိုယ်မှန်တယ်ထင်လို့ လုပ်ခဲ့တဲ့ အလုပ်ပေါ်မှာ သတ္တိရှိလိုက်စမ်းပါ သမီး၊.မျက်ရည်တွေသုတ် ထဘီသွားလဲလိုက်ပါသမီး"

"ဟုတ်ကဲ့"

အောက်နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ပြီး ပြဲနေသော ထဘီကိုလဲပြီးဝတ်ကာအပြင်သို့ထွက်ခဲ့တော့သည်။

အားနွဲ့တဲ့မိန်းမသားတွေပေါ်မှာ ခွန်အားနဲ့အနိုင်ကျင့်သူတို့ အတွက်အမှတ်ရစေနေရမယ်...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း၊ ၁၉၊

ဆေးရုံအုပ်တစ်ယောက်ဆိုပြီး ဆေးရုံမှာ နေလိုသည့် ဆန္ဒက သိပ်မရှိ။ တစ်ပတ်မှာ (၂)ရက်လောက် ဆေးရုံနှင့် အလှမ်းဝေးသော ရွာတွေကို ကွင်းဆင်းကုသမှုကို နေကမ္ဘာစိုးလုပ်ခဲ့သည်။

ခုလည်း ရွာလေးတစ်ရွာမှ ကျန်းမာရေးဆိုင်ရာ ရောဂါ ကုသမှု ပညာပေးမှုတွေကိုလုပ်ပြီးဆေးရုံကားနှင့်အပြန်····

"ဟာ····ကားကိုရပ်လိုက်ပါ"

နေကမ္ဘာစိုးစကားကြောင့် ကားဒရိုင်ဘာမှ ကားကို ထိုးရပ်လိုက်သည်။

ကုက္ကိုပင်ညိုကြီးအောက်တွင် အပင်ခြေရင်းကိုမှီပြီး အမော ဖြေနေသော အဒေါ်ကြီးတစ်ယောက်ကိုတွေ့လိုက်ရ၍ ကားကို ရပ် နိုင်းခြင်းပင်···။

"အဒေါ်ညို···"

မျက်လုံးထဲမှာတော့ ဝေဝါးနေတယ်··ခေါင်းတွေအရှမ်းမူးပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို မဟာန်နိုင်သည်နှင့် ကုက္ကိုပင်ခြေရင်းတွင် မှီနေချိန်မှာ ကြားလိုက်ရသောအသံ·····

ထိုအသံကို ကြီးကြီးမေ ကောင်းစွာ မှတ်မိနေသည်···

မျက်လုံးကို သေချာစွာ အားစိုက်ပြီးဖွင့်ကာ···

"လူလေး"

ကြီးကြီးမေ အသက်ကို ကယ်ခဲ့သူ ဒေါက်တာ နေကမ္ဘာစိုး ရပ်ထားသည့်ကားဆီကို တွဲခေါ်လာသည်အထိ ကြီးကြီးမေတစ်ယောက် စကားမပြောနိုင်··· မျက်နှာတွင်ချွေးစေးတွေက မိုးစက်များပက်ဖြန်းထားသလို··

"ဆေးရုံကို အမြန်မောင်းပါ ကိုသာအိ"

ကားဒရိုင်ဘာကို နေကမ္ဘာစိုး လှမ်းပြောရင်း ကြီးကြီးမေ လက်မောင်းကိုဆုပ်ကိုင်ထားပြီး ပခုံးထက်မှာ မှီခိုင်းထားရသည်။

ကြီးကြီးမေ မျက်လုံးအိမ်မှာတော့ သံတိုင်ကြားတွင် ကျန်ရစ်ခဲ့သော ပန်းမှုံခင်မျက်နှာလေးကို မျက်လုံးထဲက မထွက်နိုင် အောင် ရှိနေသည်···။

"ကံဆိုးတဲ့ သမီးလေးရယ်"

"ကြီးကြီးညို···"

ကြီးကြီးမေ နှုတ်ဖျားမှ လေသံသဲ့သဲ့ထွက်နေသော စကားသံလေးကို ကြားလိုက်ပေမယ့် သဲသဲကွဲကွဲတော့မဟုတ်···

ဆေးရုံသို့ရောက်တော့ သွေးပေါင်ချိန်ပြီး လိုအပ်သည့်ကုသမှုများကိုပြုလုပ်ပေးကာ အနားယူခိုင်းထားရသည်··။

"ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး...ဘာခိုင်းမလို့လဲ"

သူနာပြုဆရာမလေး နေကမ္ဘာစိုးဘေးတွင်ရပ်ကာနေပြီး

"လူနာကို ဂရုစိုက်ပေးပါ၊ ကျွန်တော် အဝတ်လဲပြီး ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ဆေးရုံအုပ်ကြီးအတွက် သီးသန့်အိမ်တစ်လုံးကို စီစဉ်ပေး ထားပေမယ့် နေကမ္ဘာစိုး မနေဘဲ ဆေးရုံဝန်းထဲက အိမ်ကလေးမှာ ပဲနေထိုင်ခဲ့သည်။

နေကမ္ဘာစိုးရောက်နေသော ဆေးရုံနှင့်မြို့ကလေးဟာ ရန်ကုန်လူတန်းစားလို မဟုတ်သောကြောင့် ဆေးရုံကိုပဲ အားကိုးကြရသည်။

ဒါကြောင့်လည်း နေကမ္ဘာစိုး တာဝန်ယူရသော ကာလတစ်လျှောက်မှာတော့ အထူးဂရုတစိုက်ဆောင်ရွက်လုပ်ကိုင်တတ်သည်။

ကြီးကြီးညိုကိုမြင်တော့ ပန်းမှုံခင်ဆိုသည့် ကောင်မလေးကို သတိရမိသည်။

အိမ်ကလေးနောက်ဖေးမှ ရေကန်တွင် ရေမိုးချိုး အဝတ်အစားလဲပြီးဆေးရုံထဲသို့ ပြန်ပြီး လျှောက်ခဲ့သည်။

"ကြီးကြီးညို နေသာထိုင်သာရှိရဲ့လား"

"ရှိပါတယ် လူလေးရယ်... ဒေါ်ဒေါ်လည်း ဒီရောဂါနဲ့ ဘယ်နေ့သေမလဲဆိုတာ မပြောတတ်ပါဘူး"

"အပြင်သွားတဲ့အခါ အဖော်လေးတော့ ခေါ်သွားပေါ့၊ ဟိုတစ်ခါ ပါတဲ့ကလေးမရော ကြီးကြီးညို"

"ပန်းမှုံခင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ပန်းမှုံခင်အမည်လေးကို ကြားလိုက်သည်နှင့် မျက်ရည်ဝဲ မတတ်ဖြစ်သွားမိလေသည်။ ထိုအခြေအနေကို နေကမ္ဘာစိုး သဘောပေါက်မိကာ…

"ပန်းမှုံခင်ဘာတွေ ဖြစ်ခဲ့လို့လဲ"

"သမီးလေးကံဆိုးသူလေးပါကွယ် မွေးလာကတည်းက မိဆိုးဖဆိုးရဲ့ ဒဏ်ကို ခံရလို့ ကံမကောင်းရတဲ့အထဲ ငွေနဲ့ အားကိုးပြီး အနိုင်ကျင့်ချင်တဲ့လူတွေကြောင့် လွတ်အောင်ပြေးခဲ့ပေမယ့် မလွတ်ခဲ့ပြန်ဘူး"

ကြီးကြီးမေစကားတို့တွင် နာကျင်ကြေကွဲသံလေးတွေပါနေသလို‥ နေကမ္ဘာစိုး နားမလည်နိုင်အောင်ဖြစ်မိတာတော့အမှန်‥

"အခုလည်း သမီးလေးကိုရဲစခန်းမှာ ထမင်းပို့ပြီး အပြန်မှာ ခုလိုဖြစ်ရတာပါ"

"ဟင်…"

ပန်းမှုံခင် ဆိုသော မိန်းကလေး ရဲစခန်းမှာတဲ့….

ဘာကြောင့် ရဲစခန်းကိုရောက်ခဲ့ရတာလဲ‥စိတ်ဝင်စားဖို့တော့ကောင်းနေ၏။

"သြော်‥ဆရာမ‥ဂျူတီချိန်လဲရင်လဲတော့လေ‥"

ဘေးမှထိုင်နေသော သူနာပြုဆရာမလေးကို သွားခိုင်း လိုက်သည်။

နယ်မြို့ဆေးရုံကလေးဆိုတော့ ရန်ကုန်မြို့မှဆေးရုံတွေလို ရှုပ်ရှုပ်ထွေးထွေးတော့ သိပ်မရှိ၊ ဆေးရုံတွင် ခုတင် (၁၀၀)လောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပေမယ့် ခုတင်အပြည့်တော့ လူနာမရှိ…

"ဘယ်လိုတွေဖြစ်ခဲ့ရတာလဲ ကြီးကြီးညို..ပြောပြပါလား"

ပန်းမှုံခင်နှင့်နေကမ္ဘာစိုးကြားမှာ ဘဝအကြောင်းတွေကို နှီးနှောဖလှယ်စရာ မရှိပေမယ့် နေကမ္ဘာစိုး.. ပန်းမှုံခင်အတွက် အားကိုးအားထားရာ လူတစ်ယောက်ကို နတ်ကောင်းနတ်မြတ်များက ဖန်ဆင်းပေးထားသလိုဟု ထင်မှတ်ကာ ပန်းမှုံခင်၏ ငယ်စဉ်ဘဝမှ ခုချိန်ထိ အခြေအနေကလေးများကို ထိန်ချန်ခြင်း မရှိဘဲ ပြောပြလိုက်တော့၏။

"ဦးကျော်ဇော်ကျော့မောင်နဲ့ ဒေါ်မြဂုဏ်တင့်တင့်ဟာ ပန်းမှုံခင်ရဲ့ မိဘအရင်းတွေရော ဟုတ်ရဲ့လား"

"ဒေါ်ဒေါ်သီသလောက်ကတော့ သူတို့ရဲ့သမီးအရင်းပါ"

"တကယ် အံ့သြစရာပဲဗျာ.. သမီးပေါ်မှာ ဒီလောက်ရက်စက်တဲ့ မိဘမျိုးကိုမတွေ့ဖူးပါဘူး"

နေကမ္ဘာစိုး ခံပြင်းခြင်းနဲ့ ပန်းမှုံခင်အတွက် စိတ်မကောင်းခဲ့တဲ့အထဲ ဖခင်ဦးဝဏ္ဏအောင်နှင့်တိုက်ရိုက်ပတ်သက်ခဲ့သည်ကိုပါ သိခဲ့ရသောကြောင့် ပို၍ ရင်ထဲတွင်မကောင်း…

"ကြီးညိုတို့ထွက်ပြေးလာတာ ပန်းမှုံခင်…အဖေနဲ့အမေ မသိခဲ့ဘူး၊ ဒေါ်ဒေါ်တို့နဲ့ သမီးလေးမှုံ ကြိတ်ပြီးပြေးခဲ့ကြတာ"

"ဘာပစ္စည်းမှ မယူခဲ့ကြဘူးလား"

"ဦးဝဏ္ဏအောင်နဲ့ပတ်သက်တဲ့ပစ္စည်းအားလုံးကို ဒေါ်မြဂုဏ်တင့်တင့် လက်ထဲမှာပဲ ထားခဲ့တယ်…"

နေကမ္ဘာစိုး ပထမထင်ထားသော ထင်မြင်ချက်နှင့်လုံးလုံးကွဲလွဲနေတာတော့အမှန်.. ကြီးကြီးမေတစ်ယောက် ဦးဝဏ္ဏအောင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



နေကမ္ဘာစိုး ဖခင်ဆိုတာတော့မသိ…။

"လူလေးရယ်.. သမီးလေးကို ကယ်ပါဦး"

"ကြီးကြီးညို..စိတ်ချ… ပန်းမှူခင်အတွက် ကျွန်တော် စွမ်းသမျှ လုပ်ကိုင်ပေးသွားပါ့မယ်.."

"ကျေးဇူးကြီးလှပါတယ် လူလေးရယ်…"

"ကြီးကြီးညို ဆေးသောက်ပြီး အိပ်လိုက်ပါ…ပန်းမှူခင်အတွက် ဘာမှ ခေါင်းထဲမှာမထားနဲ့တော့၊ ကျွန်တော် လွှဲယူလိုက်ပြီလို့ သဘောထား..ကျွန်တော် လူနာတွေကိုလိုက်ပြီးကြည့်လိုက်ဦးမယ်.."

"အေးကွယ်..သာခု..သာခု..သာခုပါ…"

သမီးလေးပန်းမှူခင်အတွက် သူတော်ကောင်းနှင့်ဆုံလိုက်ရပြီမို့ အရင်ပူလောင်နေသော သောကတစ်ဝက်တော့ ငြိမ်းသွားလေ၏။

ဒေါက်တာ နေကမ္ဘာစိုးနှင့် ဘယ်လိုရေစက်ကြောင့် ခုလို ဒုက္ခ တွေ့နေချိန်မှာ ဆုံရသလဲဆိုတာတော့ ကြီးကြီးမေ မတွေးတတ် အောင်ပင်..

ဘာကြောင့်ပဲဖြစ်ဖြစ်… သမီးလေးပန်းမှူခင်အတွက်တော့..။



www.burmeseclassic.com

www.burmeseclassic.com

"မပန်းမှုံခင် ဧည့်တွေ့လာတယ်"

အချုပ်ခန်းဝတွင် စောင့်နေသောရဲမေခေါ်သံကြောင့် နံရံမှာ မှီထားရာမှ ထလိုက်သည်။

ခုလို ညမိုးချုပ် ပန်းမှုံခင်ဆီကို ဧည့်သည်လာတယ် ဆိုတာ စဉ်းစား၍မရ.....။

ကြီးကြီးမေ လာဖို့ဆိုတာလည်း အိမ်နှင့်ရဲစခန်းက အဝေးကြီး၊ ပြီးတော့ ပန်းမှုံခင်...ကြီးကြီးမေကို ညနေမလာဖို့ မှာခဲ့ပြီးသား..။

အသိမိတ်ဆွေဆိုလို့ ရှိတာမှ မဟုတ်တာ..

"ဟင် ကိုကိုဒေါက်တာ..."

နေကမ္ဘာစိုးကို မမျှော်လင့်ဘဲတွေ့လိုက်ရခြင်းဟာ မယုံကြည်နိုင်လောက်အောင် ကမ္ဘာကြီးတစ်ခြမ်းပဲ့သွားသလို..

နေကမ္ဘာစိုး ပန်းမှုံခင်ကို ကြင်နာခြင်းအပြည့်ရှိနေသည့် မျက်ဝန်းစုံဖြင့်စိုက်ကြည့်ကာ..



www.burmeseclassic.com

www.burmeseclassic.com



"အံဩနေလားပန်းမွှံခင်"

"ဟုတ်…ဟုတ်ကဲ့"

"ကံကြမ္မာက မင်းနဲ့တို့ကို ဆုံစည်းစေဖို့ ဖြစ်လာတာလို့ပဲ မှတ်ယူလိုက်ပါ…"

ဆုံစည်းအောင်လုပ်ပေးသော ကံကြမ္မာကို ပန်းမွှံခင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါသည်။

"ဒေါက်တာ ဘယ်လိုလုပ်ပြီးရောက်နေတာလဲ"

"တို့က ဒီမြို့လေးမှာ ဆေးရုံအုပ်တာဝန်နဲ့ ရောက်နေတာ"

"ဒေါက်တာရယ် ဘာလို့လာတွေ့တာလဲ၊ ဒေါက်တာ ဂုဏ်သိက္ခာနဲ့ ဒီနေရာက မအပ်စပ်ပါဘူး‥"

ပန်းမွှံခင် စကားလေးကို ခပ်ပြုံးပြုံးလေးနားထောင်ပြီး လက်ထဲမှာပါတဲ့ မုန့်ထုပ်လေးကို သံတိုင်ကြားမှပေးလိုက်သည်။

"မင်း ထမင်းစားနိုင်မှာမဟုတ်ဘူး၊ မုန့်ကလေး စားလိုက်ဦး… ပြီးမှ စကားပြောတာပေါ့"

ရဲစခန်းမှလည်း ဆေးရုံအုပ်တစ်ယောက်ဆိုတော့ လေးလေးစားစားနှင့်တွေ့ခွင့်ပေးခြင်းဖြစ်သည်။

နေကမ္မာစိုးပေးသောမုန့်ကလေးကို စားချင်စိတ်မရှိပေမယ့် စေတနာကိုအလေးထားစွာဖြင့် စားလိုက်မိခြင်း‥

"ဘာမှ စိတ်အားမငယ်နဲ့ ပန်းမွှံခင်…မင်းအမှုကိစ္စကို တို့ပြီးဆုံးတဲ့အထိ ကူညီပေးသွားမှာပါ"

"ဟင်…"

စားနေသောမုန့် ပါးစပ်ထဲမှ ထွက်ကျလုလု…



www.burmeseclassic.com

www.burmeseclassic.com



"တို့ စခန်းကတာဝန်ရှိတဲ့လူတွေနဲ့ရော…ရှေ့နေတွေနဲ့ပါ တိုင်ပင်ဆွေးနွေးနေပါတယ်"

"ဟို…ဟိုလူသေသွားပြီလား"

ပန်းမှုံခင် စိုးရိမ်စွာနဲ့မေးမိ၏။

"မသေပါဘူး တို့ဆေးရုံးမှာ တက်နေတယ်၊ ခေါင်း (၄) ချက်လောက် ချုပ်ရတာပါ၊ သိပ်ပြီးကြီးကျယ်တဲ့ အမှုမဟုတ်ပါဘူး"

"ပန်းမှုံခင်က မျိုးဆန်းသေသွားတယ်မှတ်ပြီး စိတ်ကိုဒုံးဒုံးချလို့ လူသတ်မှုအပြစ်ဒဏ်ကို စောင့်နေခဲ့တာ.."

"မနက်ဖြန် မင်း ဒီသံတိုင်ကြားကနေ ထွက်ရမှာပါ.."

ပန်းမှုံခင် နှုတ်ခမ်းပါးပါးလေးနှစ်ချပ်မှ စကားသံလေး မထွက်ခင်…

"ကျေးဇူးတင်စကားတွေ ပြောမနေနဲ့ ပန်းမှုံခင်…မနက်ကျမှ တို့လာတွေ့မယ်"

"ဟုတ်ကဲ့"

သံတိုင်လေးကို ဆုပ်ကိုင်ထားသော လက်ကလေးကို နေကမ္ဘာစိုးဖွဖွလေး ဆုပ်ကိုင်ပြီး ကျောခိုင်းထွက်သွားလေသည်။ ရင်ထဲမှာ ကြည်နူးမဆုံး…

"မပန်းမှုံ…ဒါမင်းအဆက်လား.."

အချုပ်ခန်းထဲတွင် အတူရှိနေသော ယုန်ပုဆိုသည့် အမျိုး သမီးကမေးခြင်းဖြစ်သည်။

ယုန်ပု ယောက်ျားဖြစ်သူကို ကျောက်ပျဉ်နှင့်ရိုက်မှုကြောင့် အချုပ်ထဲရောက်နေသူ…



www.burmeseclassic.com

www.burmeseclassic.com



"အဆက်မဟုတ်ပါဘူး..အစ်ကိုဝမ်းကွဲပါ.."

"ဩော်...ဆေးရုံအုပ်ကြီးမဟုတ်လား.."

"ဟုတ်တယ်.."

"မင်း..နောက်ခံအားကောင်းပါတယ်...ပြန်ပြီးလွတ်မှာပါ..ငါကတော့ အနည်းဆုံးထောင်ကျမှာပဲ..."

ယုန်ပုအသံက ကြေကွဲခြင်းနှင့်...

"ငါ့အတွက်တော့မပူပါဘူး..အပြင်မှာကျန်ခဲ့တဲ့ကလေး သုံးယောက်အတွက်တော့ စိတ်ပူမိတယ်၊ ဒင်းအတွက်တော့ ငါ ဘယ်တော့မှ နောင်တမရပါဘူး..မသေတာကိုပဲ မကျေနပ်တာ.. ဟင်း..."

ယောက်ျားဆိုးကြောင့် ကြုံရသော မိန်းမသားတစ်ယောက်ရဲ့ ဒုက္ခ...

"အမှုကိစ္စကို တရားရုံးကနေ ရင်ဆိုင်တဲ့အထိ မဖြစ်စေချင်ဘူး..."

စခန်းမှူးက နေကမ္ဘာစိုးကို ကော်ဖီတိုက်ရင်းပြောနေလေသည်။

"မျိုးဆန်းတို့အသိုင်းအဝိုင်းက သိပ်ပြီးကျေနပ်ပုံမပေါက်ဘူးဖြစ်နေတယ် ဆရာကြီး...ကောင်မလေးကို ထောင်ကျမှ ကျေနပ်မယ့်ပုံ..."

"ဒီလို တစ်ဖက်စောင်းနင်းလုပ်လို့ရရအောင် တရားဥပဒေကို သူတို့ကိုယ်ပိုင်ဝယ်ထားလို့ရတာမှမဟုတ်တာ၊ မိန်းကလေးတစ်ယောက်ရဲ့အရှက်နဲ့သိက္ခာအတွက်ရော လူမှုဘဝလုံခြုံမှုအတွက် ကာကွယ်ပိုင်ခွင့် ဥပဒေဆိုတာ ရှိနေတာပဲ"

"ဟုတ်တယ်ဆရာကြီး..ဒါကို သူတို့ဘက်က သဘော မပေါက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ ..ငွေလေးချမ်းသာတယ်ဆိုပြီးမောက်မာနေကြတာ..”

“အင်းလေ... သူတို့ဘယ်လောက်မောက်မာနိုင်မလဲဆိုတာ တွေ့ကြတာပေါ့.....စခန်းမှူးကြီးတို့အနေနဲ့ အမှန်တရားဘက်က ကူညီပေးပါ..”

“ဒီအတွက်တော့ စိတ်ချပါ..မျက်မြင်သက်သေတွေရဲ့ထွက်ဆိုချက်ကို သိထားပြီးပါပြီ.. မျိုးဆန်းဟာ ကောင်မလေးကို အဓမ္မကြံစည်အားထုတ်ခဲ့တာလဲ သိသာပေါ်လွင်နေပါပြီ၊ ဆရာကြီး ကောင်မလေး လွှတ်မှာပါ”

ပန်းမွှံခင်အတွက် ရေအဆုံး ကုန်းအဆုံးထိ နေကမ္ဘာစိုး လုပ်ကိုင်ရန်ဆုံးဖြတ်ချက်ချထားကာ မျိုးဆန်းတို့နှင့် ထိပ်တိုက်ရင်ဆိုင်မှုကို ပြင်ထားသလို နောက်နောင် ပန်းမွှံခင်အပါအဝင် အမျိုးသမီးကောင်းတွေပေါ်မှာ မကျူးလွန်ရဲအောင် ဆုံးမဖို့အထိ စိတ်ကို ပိုင်းဖြတ်ထားလေသည်။

မျိုးဆန်းမိသားစု၏ အတ္တအစွယ်ကိုချိုးဖြတ်ရမည်။

ပန်းမွှံခင်...ကံကြမ္မာကို နေကမ္ဘာစိုးလက်ထဲသို့ ပြောင်းပြီး ယူရမည့်တာဝန်က ဘယ်သူမှမပေးဘဲ ရောက်ခဲ့ရသည်မှာ..။



www.burmeseclassic.com

www.burmeseclassic.com

အခန်း၊ ၂၀၊

ပန်းမှုံခင် အမှုကို နေကမ္ဘာစိုး တစ်ယောက်တည်း မဟုတ်၊ အလည်ရောက်လာသော မေမြတ်သုန္ဒရီပါ မနေရ၊ ပါဝင်ကူညီပေးရတော့ သည်။

မေမြတ်သုန္ဒရီမှာ နေကမ္ဘာစိုးမှ လှမ်းမှာ၍ရောက်လာခြင်း ဖြစ်သည်။ တရားရုံး အမိန့်ချမည့်နေ့တွင်… တရားရုံးရှေ့ လက်ဖက်ရည်ဆိုင်ကလေးတွင် မေမြတ်သုန္ဒရီနှင့်ထိုင်ရင်း…

"ကောင်မလေးနဲ့သိတာ ကြာပြီလား စိုး…"

"တွေ့ခဲ့ကြတာတော့ ကြာပါပြီ၊ အမှတ်မထင်ဆုံခဲ့ကြတာပါမေ…"

"စိုးကို မေးမယ်နော်‥"

မေမြတ်သုန္ဒရီရင်ထဲတွင် စိုးရိမ်စိတ်ကလေးနှင့်‥

"စိုးနဲ့ ပန်းမှုံခင်က သိပ်ပြီး ရင်းရင်းနှီးနှီးမဟုတ်ဘဲနဲ့ ခုလိုတော်အားထက်သန်စွာ ကူညီပေးနေတာ မတရားလို့လား‥"



www.burmeseclassic.com

www.burmeseclassic.com



မမြတ်သုန္ဒရီမေးချင်သည့်အမေးက တစ်မျိုးရှိနေပေမယ့် မမေးရက်...

"မတရားတာလည်းပါတယ်..ပြီးတော့ ဒယ်ဒီ့ကြောင့်လည်းပါတယ်.."

"ဘယ်လို...စိုး..ဒယ်ဒီကြောင့်.."

မယုံနိုင်သောမျက်လုံးနှင့်နေကမ္ဘာစိုးကိုကြည့်မိသည်။

"ဒယ်ဒီကြောင့် ပန်းမှုံခင်ဟာထွက်ပြေးခဲ့ရတာ.."

"မေ..သဘောပေါက်ပြီ.. မင်္ဂလာဆောင်ခါနီးထွက်ပြေးတဲ့သတို့သမီးဆိုတာ ပန်းမှုံခင်ပေါ့..ဒါကို စိုးက ကရုဏာသက်ရတယ်လို့.."

ဦးဝဏ္ဏအောင်ဆီမှ ငွေကိုအယုံသွင်းပြီး ယူသွားသည့်မိန်းကလေးလို့ မမြတ်သုန္ဒရီ ထင်မှတ်နေဆဲမို့..

"တို့လည်း ပထမတော့ မေထင်သလို ထင်ခဲ့တာပဲ၊ အကြောင်းစုံကိုသိရတော့ ထင်သလိုမဟုတ်ခဲ့ဘူးမေ.. ပန်းမှုံခင်ဘဝက တကယ်သနားဖို့ကောင်းတယ်၊ မိဘနှစ်ပါးရဲ့ရက်စက်ခြင်းကို ခံရတဲ့ သမီးတစ်ယောက်..."

ကြီးကြီးမေ ပြောခဲ့တဲ့ ပန်းမှုံခင်ဘဝကြောင်းလေးကို မမြတ်သုန္ဒရီကို ပြောပြလိုက်တော့မှ...

"ဟင်...သနားစရာပါပဲလား စိုးရယ်.."

"စာနာတတ်တဲ့ နှလုံးသားရှိသူတို့အတွက် ပန်းမှုံခင်ဟာ ကရုဏာသက်ရမယ့်လူသားတစ်ဦးရယ်ပါ.."

"စိန်တွေကိုတော့ ယူသွားတာ ပန်းမှုံခင်မိဘတွေပေါ့.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်မေ·· သတင်းတစ်ခုတော့ကြားတယ်·· နိုင်နိုင်လုံလုံ တော့မဟုတ်ပါဘူး၊ ပန်းမှုံခင် အဖေနဲ့အမေ ထွက်ပြေးကြရင်း ကား မှောက်ခဲ့တယ်တဲ့··"

"အယ်··· သူတို့အကုသိုလ် သူတို့ခံရတာပဲ··ဘာတွေဖြစ် ခဲ့ကြ သေး···"

"ဦးကျော်ဇောကျော့မောင်ရော··ဒေါ်မြဂုဏ်တင့်တင့်ရော သေသဲ··ဦးကျော်ဇောကျော့မောင်ကတော့ ခြေထောက်တစ်ဖက် ဖြတ် လိုက်ရတယ်···ဒေါ်မြဂုဏ်တင့်တင့်ကတော့ ခေါင်းကိုထိခိုက် ပြီး စိတ် ကျန်းမာရေးဆေးရုံကိုတင်ထားရတယ်···"

"ပန်းမှုံခင် သိပြီးပြီလား"

"မသိသေးဘူးမေ··ကိုယ်တောင် မနေ့ကမှ ဒယ်ဒီ့မိတ်ဆွေ တစ်ယောက် ဒီမြို့ကိုရောက်လာလို့သိရတာ··"

"စိုး ဒယ်ဒီအခြေအနေကရော··"

"ဒီတစ်ခါ ဒယ်ဒီရခဲ့တဲ့အရှက်တရားဟာ ဒယ်ဒီ့ဘဝကို ပြောင်း လဲလိုက်သလို ဖြစ်သွားတယ်··"

အေးလုလု လက်ဖက်ရည်ခွက်ကို နှစ်ယောက်အတူတူ မော့ သောက်လိုက်ပြီးမှ····

"ပြောပါဦး··အန်ကယ်ရဲ့နောက်ဆက်တွဲသတင်းလေး"

"ခုဆို ဒယ်ဒီဟာ သူ့ရဲ့မိုက်မဲခဲ့တဲ့ပေါ်မှာနောင်တရပြီး ပြောင်း လဲနေပါပြီ···အသက်အရွယ်နဲ့လိုက်ဖက်တဲ့အလုပ်တွေပဲ လုပ်နေ တယ်··"

"ဘာသာရေး အလုပ်တွေလား··"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသာရေးရော၊ လူမှုရေးကိစ္စတွေပါ လုပ်နေတယ်လေ.. ဆက်ပြီးမိုက်နေတာက လပဲမေ.."

"သူ့ကို အချိန်ကဆုံးမသွားမှာပေါ့..ဟောဟိုမှာ အချုပ်သား တွေကိုတောင် ထုတ်လာပြီ"

လှမ်းပြီးမြင်ရသည့် မြင်ကွင်းက ရင်ကိုဆို့စေသည်။

ပန်းမှုံ့ခင်ကို ရဲမေတစ်ဦးက လက်ထိတ်ခတ်ပြီးခေါ်ဆောင်လာ သည့်မြင်ကွင်း..

ရှပ်အင်္ကျီ ခပ်နွမ်းနွမ်းလေးနှင့်ပါတိတ်ထဘီအဟောင်းလေးကို ဝတ်ဆင်ပြီး ဆံပင်လေးတွေကို လက်ကိုင်ပဝါနှင့်နောက်မှချည် ထားသော ပန်းမှုံ့ခင်မျက်နှာလေးသည် တကယ် ရင်နာစရာလေး တစ်ခု..

"အမှုက ပြတ်မှာပါ..."

မေမြတ်သုန္ဒရီ အားပေးစကားပြောနေပေမယ့် စိုးရိမ်စိတ်က ရှိနေဆဲ..

မျိုးဆန်းတို့မိသားစုက အောင်လံစိုက်ထူမည့်ပုံသဏ္ဌာန်မျိုးဖြင့် တရားရုံးထဲသို့ ဝင်သွားကြသည်။

"စိုး...သွားကြရအောင်..."

"အင်း..."

လက်ဖက်ရည်ခွက်တွေက လက်ဖက်ရည်ကရှိနေသေးပေမယ့် သောက်ချင်စိတ်မရှိ...

တရားသူကြီး၏ အမိန့်စာဖတ်ကြားသံပြီးဆုံးသွားသည်နှင့် မျိုးဆန်းတို့မိသားစုအားလုံး မျက်စိမျက်နှာပျက်ပြီး သူတို့ပြိုကျ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ကိစ္စက သူတို့ဆီကို ပြန်ပြီးသက်ရောက်နေလေပြီ....

ပန်းမှုံခင်ကတော့ အမှုမှ ကွင်းလုံးကျွတ်လွတ်ခဲ့သည်။

ကြီးကြီးမေ...ပန်းမှုံခင်ကိုဖက်ပြီး ဝမ်းသာလွန်းလို့ငိုနေလေပြီ.. ဒါဟာ အမှန်တရားအတွက် အဖြေတစ်ခု..

"လူလေး..."

"ဒေါက်တာ..ကို..ကို..."

နှစ်ယောက်လုံး နှုတ်ဖျားမှ ဘာစကားတွေကိုပြောမည်ဆို သည်ကို နေကမ္ဘာစိုး သိနေသဖြင့် မေမြတ်သုန္ဒရီဘက်ကို မေးငေါ့ပြလိုက်ရ၏။

"ကျေးဇူးတင်ရင်..ဒီကမေမြတ်သုန္ဒရီကို ကျေးဇူးတင်.. ပန်းမှုံခင် အမှုကိစ္စကို သူရောက်လာပြီးဆောင်ရွက်ပေးခဲ့လို့.."

"မဟုတ်တာ စိုးရယ်.."

"ဘယ်လိုပဲဖြစ်ဖြစ်...မှုံနှစ်ယောက်လုံးကို ကန်တော့ပါရစေ.."

"အို...မဟုတ်တာညီမရယ်...ထ..ထ.."

ပန်းမှုံခင် လက်မောင်းလေးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ထခိုင်း လိုက်သည်။

"မမတို့ဟာ တရားဥပဒေကို မှန်ကန်တဲ့ဘက်က လုပ်ကိုင်ခဲ့ကြ တာပါ.. ညီမလေးရဲ့လုပ်ရပ်က မှန်ကန်ခဲ့လို့ လွတ်တာပါ၊ ဒီလောက် ကြီး မလိုအပ်ပါဘူးကွယ်.."

"မှုံ...ကျေးဇူးတင်နေပါရစေ..."

"ကြီးညီတို့ ပြန်ကြဦး...ဒီမှာညှော်သည်ကိုလိုက်ပြီးပို့ပေး ဦးမယ်..မနက်ကတည်းက ပြန်ဖို့..အမှုကိစ္စမပြတ်သေးတာနဲ့ မပြန်ရသေးတာ.."



www.burmeseclassic.com

www.burmeseclassic.com



"အေး..အေး..အေး..."

ပန်းမုံ့ခင်တို့နားမှ ထွက်ခွာသော နေကမ္ဘာစိုးနှင့်မေမြတ်သုန္ဒရီတို့ကိုငေးကြည့်ရင်း ဝမ်းနည်းမိသလိုလို..

"မေ..."

နေကမ္ဘာစိုးခေါ်သံကို မထူးဘဲနေလိုက်သည်။

"မေ...မေ..."

အသံကိုခပ်ကျယ်ကျယ်ခေါ်တော့..

"ဘာလို့အော်ပြီးခေါ်နေတာလည်း... ဘေးချင်းကပ်လျှောက်နေတာကို.."

"ဘာလို့မထူးရတာလဲ"

"နားထောင်လို့ကောင်းလို့"

မျက်နှာလေးပေါ်တွင် တင်ကျန်နေသော ဆံနွယ်မျှင်လေးကိုလက်ဖြင့်သပ်ပြီးနေကမ္ဘာစိုးကို ကြည့်မိ၏။

ချစ်သောသူမျက်နှာတွင် လန်းဆန်းလျက်...

နေကမ္ဘာစိုး..သူ့လက်မနှင့်လက်ညှိုးကိုပွတ်သပ်ပြီး တစ်ခုခုပြောချင်နေပုံ..ကားဂိတ်ဆီသို့သွားရမှာ အလှမ်းတော်တော်ဝေးနေသေးသည်။

မေ... နေကမ္ဘာစိုးပြောမည့်စကားသံကိုနားစွင့်နေသည်...

မေမျှော်လင့်ထားသောစကားများဖြစ်နေမလားလို့...တွေးပြီးရင်တွေက ဖိုမိပြန်သည်။

"ဆိုက္ကားစီးရအောင်.."

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားပြောဖို့များ နေကမ္ဘာစိုး တော်တော်လေးကို ကြိုး စားရတယ်လို့… အံ့ဖွယ်ချစ်သောသူပါလား…

ချစ်သောသူနှင့် ဆိုကွ္ကားစီးရသည်မှာ ကမ္ဘာကိုပတ်သည့် သင်္ဘောကြီးကို နှစ်ယောက်တည်းစီးရသလို သဘောထားရတော့ သည်။

ဆိုက္ကားလေးပေါ်မှာ…

"လကပြောတယ်မေ.."

ဆိုက္ကားနင်းနေသောသူက လဆိုသည့်စကားကို စိတ်ဝင်စားစွာ ခြင်လှည့်ကြည့်၏။

"ဘာတဲ့လဲ"

"တို့နဲ့မေ သံယောဇဉ်ကြားမှာတစ်ခုခု လစ်လပ်နေတယ်တဲ့"

သိပ်မှန်တာပေါ့ ဒေါက်တာကြီးရယ်…

ဒေါက်တာကြီးနဲ့ကျွန်မကြားမှာ လစ်လပ်နေတာ..ချစ်ခြင်းလေ…

ဆိုက္ကားက ရပ်ထားသည့်ကားကိုကျော်တက်နေသည်။

"အဲဒါ ဘာလဲ..မေ…"

"အယ်…"

အသက်ကြီးမှ လက်ပေးသင်ခိုင်းနေပြန်ပြီ…

ပြောသည့်နေရာကိုကြည့်ဦး…ဆိုက္ကားပေါ်မှာ..ပြောမည့်သူက ဘယ်လိုဖြေရမလဲ… အူတူတူ ဒေါက်တာကြီးရယ်..

"မသိဘူး…"

အသံကို ခပ်အုပ်အုပ်ကလေးပဲပြောလိုက်တော့မှ နောက်ဆက်တွဲ စကားဆက်ပြီး ထွက်မလာခဲ့…



www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ရောက်တော့ ကားက ထွက်တော့မည်..

စပါယ်ယာက ခရီးသည်တွေကို အတင်းကားပေါ်ကို ခေါ်ပြီးတင်နေချိန်ရောက်မှ...

"မေ...ရန်ကုန်ကို တို့ပြန်ရောက်ရင် လစ်လပ်နေတဲ့ကိစ္စလေးကိုပြောတော့မယ်..."

"ဟင်..."

တစ်ဖက်သားကို ရှုံးအောင်တော့မလုပ်ပါနဲ့ဒေါက်တာ...



www.burmeseclassic.com

www.burmeseclassic.com

# အခန်း၊ ၂၁၊

"သူတို့အမှုကို ဆက်ပြီး မတက်ဖို့လာပြီးပြောနေကြတယ် ...လေး"

"ဩော်..."

ပန်းမှုံခင် လက်ဖက်ပန်းကန်လေးနဲ့ လက်သုတ်ပဝါလေးကို ...ကမ္ဘာစီး ရှေ့မှာချပေးပြီး ကျုံ့ကျုံ့လေး ထိုင်၍ ရေနွေးကြမ်းလေ... ...ပေးနေသည်။

"သူတို့အလှည့်ကျတော့ ကြောက်တတ်တာကို..ကြီးညို... ...ယ်လိုပြောလိုက်လဲ..."

"ပန်းမှုံ အစ်ကိုကြီးနဲ့ တိုင်ပင်ရမယ်လို့ပဲပြောလိုက်တယ်"

"မှုံကရော..."

"မပြောတတ်ဘူးကိုကိုကြီး"

ပန်းမှုံခင်၏ အနှာဂတ်ပုံကိုင်ရှင်က ဒေါက်တာကိုကိုလေး.. ...န်းမှုံခင်က ဆုံးဖြတ်ပေးစရာလိုမှ မလိုဘဲ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ တကယ်နောင်တရသူဖြစ်ရင်တော့ ရှေ့ဆက်ပြီး အမှုမလုပ်ချင်ပါဘူး… ကြောက်လို့လာပြီးတောင်းပန်တာမျိုးဆိုရင်တော့ လက်မခံဘူး…"

ပန်းမှုံခင်၏ဘဝထဲသို့ မသိမသာနှင့်သိသိသာသာရောက်နေပြီဆိုသည်ကို သတိပြုမိလိုက်ပေမယ့် နောက်ကို မဆုတ်ချင်ပေ‥

"လူလေး ကောင်းသလိုသာ စီစဉ်ပါ‥သူတို့ ပြန်လာကြပါလိမ့်မယ်"

ပန်းမှုံခင် အလှနှင့်ဘဝကို ငါးစိမ်းသည်ဘဝနှင့်မမြင်ရက်တော့‥

"ကြီးကြီးညိုရော ပန်းမှုံခင်ရော ကျွန်တော် မေတ္တာရပ်ခံချင်တာလေးတစ်ခုရှိတယ်"

"လူလေးရယ် …မေတ္တာရပ်ခံစရာမလိုပါဘူး…ပြောမှာသာပြောပါကွယ်"

"ပန်းမှုံခင်ကို ငါးမရောင်းခိုင်းပါနဲ့တော့"

"ဟင်…"

ဒေါက်တာကိုကိုဆီမှ ထွက်လာသောစကားလေးကြောင့် လက်ဖျားလေးများတောင် အေးစက်သွားသည်။

"တခြားစီးပွားရေးလုပ်ကြည့်ပါလား"

"ဒေါ်ဒေါ်လည်း စဉ်းစားထားပါတယ်‥ သမီးလေးမှုံ အတွက် ဒီအလုပ်ဟာ ဘယ်လိုမှ မအပ်စပ်ဘူးဆိုတာ ဒေါ်ဒေါ် သိပါတယ်‥"

"ကျွန်တော် ကူညီနိုင်တာ တစ်ခုရှိတယ်"

"လူလေးရယ် လူလေးဆီက ကူညီပေးတာက အရမ်းတွေ များနေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မိသားစုဝင်လိုသဘောထားရင် ကျေးဇူးတွေကို ကူညီတာတွေကို မပြောပါနဲ့တော့ ကြီးကြီးညို"

ပန်းမှုံခင် အသက်ရှူပင် ရပ်မတတ်.. ကိုကိုဒေါက်တာ၏ မိသားစုဝင်ဆိုသည့်စကားလေးသည် ပန်းမှုံခင်အတွက် ကမ္ဘာ့အကြီးမားဆုံး ခွင်အားကြီးတစ်ခုကို ရလိုက်သလို..

"ဆေးရုံဝင်းထဲမှာ ဆိုင်ခန်းလေးတစ်ခု လွတ်နေတယ်.. ပထမ ရောင်းတဲ့လူတွေကတော့ တခြားလုပ်ငန်းတစ်ခုပြောင်းပြီး လုပ်ကိုင်သွားပြီလေ... အဲဒီမှာ ကြီးကြီးမေတို့နှစ်ယောက် တစ်ခုခု ရောင်းပါလား.."

"ကောင်းတာပေါ့ လူလေးရယ် သမီးမှုံ သဘောကျလား"

"ဟုတ်...ဟုတ်ကဲ့"

ဒေါက်တာကိုကို မျက်နှာကိုငေးနေသဖြင့် စကားတွေတောင် ထစ်လို့...

"ပန်းမှုံ ဘာရောင်းမယ်လို့စိတ်ကူးထားလဲ"

"ထမင်းဟင်း ရောင်းချင်တယ်"

ပန်းမှုံခင် ရည်ရွယ်ချက်က (၂)ခု...

ပထမအချက်က လူနာစောင့်သူနှင့်လူနာတွေအတွက်.. ဒုတိယအချက်က ဒေါက်တာကိုကိုအတွက်..ပန်းမှုံခင် အနီးဆုံးနေရာတစ်နေရာမှာ ပြုစုပေးချင်သည်။ ဒေါက်တာကိုကို အဝတ်အစားများကို လျှော်ပေးမည်.. အိမ်ကိုလည်း သန့်ရှင်းရေးလုပ်ပေးမည်.. ဟင်းကောင်းကောင်းနှင့် ထမင်းစားစေချင်သည်...

"ဒီလိုဆိုရင် အကောင်အထည်ဖော်တော့လေ"

"မနက်ဖြန်ဈေးမှာ သွားပြီး လိုတာလေးတွေဝယ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငွေကြေး အခက်အခဲရှိလား ဒေါ်ဒေါ်"

"မရှိပါဘူးကွယ်"

"ကျွန်တော့်ကို တူတစ်ယောက်လို သဘောထားပြီး ပြောပါ"

"အေးပါကွယ်"

ဒေါက်တာကိုကို၏ စေတနာနှင့်မေတ္တာတွေသည် ပန်းမှုံခင်အတွက် ပန်းဥယျာဉ်ကြီးတစ်ခုအသွင်သို့ ဖြစ်ပေါ်နေလေ၏။

နေကမ္ဘာစိုး…ပန်းမှုံခင်၏အနာဂတ်လေးကို အလှပဆုံးဖြစ် အောင် ပျိုးထောင်ပေးချင်သောဆန္ဒသည် ဘယ်အရာတွေကြောင့်မှပြောင်းမှာ မဟုတ်….။

နေကမ္ဘာစိုး၏ ရင်မှ ပေါက်ဖွားခဲ့သောဆန္ဒအရင်းခံသက်သက်သာ… သံယောဇဉ်ဆိုတာလည်း ခက်သား….။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၂၂ ၊

"တို့ရပ်ကွက်မှာ ညှော်စာရင်းမပေးဘူး"

ညဝတ်အင်္ကျီခါးစည်းကို မတင်းတတင်းလေးစည်းပေမယ့် ရင်အပေါ်ကတော့ လစ်လပ်နေဆဲ..

စီစီသော်သိမ့်အတွက် ခုလို သားကောင်ရှေ့မှာဒါမျိုး ဝတ်စားတာဆန်းပေ။ ရမ္မက်ထောင်ချောက် တစ်ခုပဲမဟုတ်လား...။

"အိမ်ထောင်ဖယားထဲနောက်ဆို အပြီးဝင်မှာပါ"

"ဟား ဟား ဟား..."

စီစီသော်သိမ့် ပါးစပ်ထဲမှ စီးကရက် မီးခိုးငွေ့လေးလွင့်လွင့်ရယ်မောနေမိ၏။

"ချာတိတ် မင်းက ရယ်စရာပြောတတ်သားပဲ"

"ဘာလဲ...မယုံလို့လား"

"ယုံချင်ပါတယ်...ဒါပေမယ့် နားရွက်ကလေးနဲ့ လားလို့"

လကမ္ဘာစိုး...စီစီသော်သိမ့် ခါးလေးကို အနောက်မှ သိုင်းဖက်ပြီး ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်ကို စီစီသော်သိမ့် အလိုက်သင့်ကလေး မှော်ပြီး ပါလာသည်။

"မမကို ချစ်တယ်ဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ပြောတတ်ကြတာပဲ၊ မမ နားတွေက ဒီစကားတွေကို ရိုးအီနေပြီ"

အနီးကပ်ဆုံးရောက်လာသည့် လကမ္ဘာစိုး နှုတ်ခမ်းကို ရှောင်လွှဲပြီးပြန်ပြီးထိုင်နေသည်။ လကမ္ဘာစိုးကတော့ ယစ်မူးမှုအရှိန်အဟုန်ကောင်းနေဆဲပေ…

ပတ်ဝန်းကျင်မှာ ည၏ သစ်ရွက်ခတ်သံတွေကကြားနေရဆဲ

"မင်းဘယ်တော့ ပြန်ထွက်မှာလဲ"

"ဒီအိမ်ကဆိုရင် ဘယ်တော့မှ မထွက်တော့ဘူး၊ တစ်သက်လုံးနေမှာ"

"ချာတိတ်ရယ် စိတ်ကူးမယဉ်စမ်းပါနဲ့၊ တို့အတွက် အမြဲတမ်းယောက်ျားဆိုတာ မရှိဘူး…မင်းနိုင်ငံခြားပြန်ထွက်မှာကိုမေးနေတာ"

"မြန်မာပြည်မှာ မတွေ့ချင်တော့ဘူးလား…ရှေ့လ ကုန်ရင် ပြန်ပြီးသွားရမှာ၊ မသွားခင်မမနဲ့ အတူနေချင်တယ်"

"ယာယီအပန်းဖြေစခန်းလေးတစ်ခုလို သဘောထားပြီးနေပေါ့"

လကမ္ဘာစိုးလက်က ညဝတ်အင်္ကျီခါးစည်းလေးဆီသို့ ရောက်လာသောကြောင့် လက်ကိုတွန်းဖယ်ပြီး…

"မင်းအရက်တွေ ကျန်နေသေးတယ်"

"မသောက်ချင်တော့ဘူး"

"အရက်သမား မပီသလိုက်တာ"

"အချစ်သမား ပီသချင်တာလေ"

ဟက်ခနဲ စီစီသော်သိမ့် ရယ်လိုက်ပြီး လကမ္ဘာစိုးမျက်နှာလေးကို ပွတ်သပ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မမ နားမှာ အမြဲတမ်း အဖော်ဘာလို့ မရှိခဲ့တာလဲ"

"မလိုအပ်ဘူးလေ ယောကျ်ားတွေကို မယုံဘူး"

စီစီသော်သိမ့်အသံက ခပ်မာမာ…

"ဘာလို့လဲ မမ…သိချင်လိုက်တာ"

"စပ်စုတတ်ပါလား ချာတိတ်"

"စပ်စုတာမဟုတ်ဘူး မမရဲ့နောက်ကြောင်းရာဇဝင်လေးကို စိတ်ဝင်စားတာ"

မပိတ်ရသေးသော ပြတင်းပေါက်တံခါးဆီသို့လျှောက်သွားပြီး တံခါးကိုပိတ်လိုက်သည်။

မှန်ထဲမှလှမ်းပြီးမြင်နေရသည့် ကောင်းကင်ကြီးက အမှောင်ထုကို စိုးမိုးဆဲ…

လကမ္ဘာစိုးက အနောက်မှထလိုက်လာပြီး စီစီသော်သိမ့် ကျောပြင်မှ သိုင်းဖက်လိုက်သည်။

"ပြောလေ မမ"

"မပြောချင်ဘူးကွာ၊ အတိတ်ဆိုတာ တွေးမိရင် လောကကြီးမှာရှိတဲ့ ယောကျ်ားတွေ အားလုံးကိုသတ်ပစ်ချင်တယ်"

"ဟာ…ဒါတော့ မမ မတရားဘူး…တစ်ယောက်ကြောင့် အများကြီးကိုတော့ စွဲချက်မတင်နဲ့လေ"

"တို့တွေ့ဘူးတဲ့ ယောကျ်ားအားလုံးဟာ ဖောက်ပြန်ရေးသမားတွေချည်းပဲ"

"ဒါဆိုရင်မမ မှားပြီ"

ပခုံးလေးနှစ်ဖက်ကို ဆွဲလှည့်ကာ မျက်နှာချင်းဆိုင်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"လကမ္ဘာစိုး ဆိုတဲ့လူမှာ ပိုင်ရှင်မရှိဘူးလေ…အလွတ်ကြေးနဲ့ မမဆီကို ရောက်နေတာပါ"

"မင်း…တို့အပေါ်မှာသာယာနေတယ်ဆိုတာခဏပါ…တို့လို အရွယ်ကျလာတဲ့ မိန်းမတစ်ယောက်ကို မင်းခံတွင်းတွေ့ရင် ခဏပေါ့… နောက်မင်းမှာလည်း အရသာကောင်းတွေကိုသာပြီး စားချင်မှာပဲလေ… မဟုတ်ဘူးလား ချာတိတ်… မင်းလိုနိုင်ငံတကာသွားနေတဲ့ လူတစ်ယောက် ဆိုတော့ ပိုပြီး ဆိုးတာပေါ့"

မငြင်းနိုင်သည့် စကားလေးမို့…

"ကျွန်တော့်အကြောင်းကို မပြောနဲ့…မမအကြောင်းလေးပဲပြောပါ"

"မင်းသိပ်နားထောင်ချင်တယ်ပေါ့"

"အင်း"

ဆိုဖာထိုင်ခုံလေးဆီကို ပြန်လာပြီး… စီးကရက်ဘူးထဲမှ စီးကရက်အသစ်တစ်လိပ်ကိုထုတ်ယူကာ မီးညှိလိုက်ရင်း…

"မမ အသက်(၂၀)နှစ်အရွယ်မှာ မမထက် (၁၀)နှစ်လောက်ကြီးတဲ့ ကြင်မောင်ဆိုတဲ့လူနဲ့ အိမ်ထောင်ကျတယ်၊ ဒီလူဟာမမကို လက်ထပ်စဉ်က လူပျိုဆိုပြီး လက်ထပ်ခဲ့တယ်လေ၊ မမကိုယ် ဝန်အရင့်အမာကြီးရှိတဲ့ အချိန်မှာ သူရဲ့မယားကြီးနဲ့ကလေးတွေ ရောက်လာပြီး သူ့ကို ပြန်ပြီးခေါ်သွားခဲ့တယ်၊ ဒီကတည်းက မမဆီကို ပြန်မလာတော့ဘူး"

"မမကလေးကရော…"

"မမ ကလေးကို ဖျက်ချဖို့ အချိန်က လုံးလုံး နောက်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ကလေးကို မွေးခဲ့တယ်…သမီးလေး"

"ခုရော"

"တခြားတစ်ယောက်ကို မွေးပြီးလို့ (၃)ရက်မြောက်နေ့မှာပဲ ဆေးပစ်လိုက်တယ်၊ ဒီကတည်းက ယောကျ်ားဆိုတဲ့ ဝေါဟာရကို ရင်မှာခါးသီးခဲ့တယ်၊ ယောကျ်ားတွေဆီက အချစ်တွေ သံယောဇဉ်တွေ မလိုချင်ဘူး ငွေပဲလိုချင်တယ်၊ ကဲ…တို့ဇာတ်လမ်းကဒါပဲ"

"ကြေကွဲစရာပဲ…"

"တို့အတွက် ကြေကွဲခြင်းဆိုတာ မရှိတော့ဘူး‥မင်းအရက် ဆက်ပြီး သောက်မှာလား"

"တော်ပြီ"

"ဒါဆို…"

အခန်းလိုက်ကာလေးဆီသို့ အပြင်လေအေးလေး တိုးဝှေ့သောကြောင့် လှုပ်ခါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၃

ပန်းမွှားခင် ဘဝအတွက် ကောင်းကင်ရင်ခွင်အိမ်ကြီး ပြိုလဲသွားခဲ့ပြီ....

ကြီးကြီးမေ တစ်ယောက် သွေးတိုးရောဂါနှင့် ရုတ်တရက် အာရုံကြောပြတ်ပြီး ဆုံးသွားခဲ့ပြီလေ... ပန်းမွှားခင်အတွက် အနာဂတ်တစ်ခု မီးလောင်ခြင်းခံခဲ့ရပြီဖြစ်သည်။

"ကြီးကြီးမေရယ် ရက်စက်လိုက်တာ၊ ဘာလို့ မွှားကို တစ်ယောက်တည်း ထားခဲ့ရတာလဲ၊ မွှားဘယ်သူ့ကို အားကိုးပြီး နေရမှာလဲ"

သံဃာတော်များကို ရက်လည်ဆွမ်းသွပ် ဆွမ်းကပ်ပြီး အိမ်ရှေ့ထရံလေးတွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်လေတော့သည်။

နေကမ္ဘာစိုးကတော့ သူ့ဆေးရုံမှ တပည့်လေးများနှင့် ရက်လည်ဆွမ်းသွပ်ဖို့ လုပ်ကိုင်ပေးနေသည်..

ကြီးကြီးမေ ဆုံပါးသွားကတည်းက ပန်းမွှားခင် အိပ်ရာထဲ မလဲရုံတမည်သာ..

နေကမ္ဘာစိုးက နှစ်သိမ့်အားပေးစကားပြော၊ ဆေးဝိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုံးဘုံးမလဲတာ··အကယ်၍ ဒေါက်တာကိုကိုသာ ပန်းမှုံခင်ဘေးတွင် ရှိခဲ့ပါက ကြီးကြီးမေနောက်သို့ လိုက်သွားဖို့ပဲရှိတော့သည်။

"မှုံ···ဆေးသောက်လိုက်ဦး···"

ဒေါက်တာကိုကို လက်ထဲမှ ဆေးပြားလေးနဲ့ ရေခွက်လေးကို ယူလိုက်ပြီး သောက်လိုက်ရသည်

"ဘာလို့ စိတ်ကို လျှော့ရတာလဲ··မှုံ"

မလျှော့လို့ရမှာလား ရှေ့တစ်ပါတ်ဆို ဒေါက်တာကိုကို ရန်ကုန်ကို ပြန်ပြောင်းရတော့မှာ··· ပန်းမှုံခင် ဘယ်သူ့ကို အားကိုးရမှာလဲ··· အမေလို အားကိုးရသည့် ကြီးကြီးမေကလည်း ထားခဲ့ပြီ··အစ်ကိုလို ချစ်နေရတဲ့ ဒေါက်တာ ကိုကိုကလည်းထားခဲ့ဦးမှာ၊ ပန်းမှုံခင်တစ်ယောက်တည်းရယ်···

အပြင်ဘက်မှာ ဆွမ်းသွပ်လာကြသော ဧည့်သည်တွေ မရှိတော့ပြီမို့ သိမ်းဆည်းနေကြသည်။

"ဒါနဆန်များရှင်···"

အိမ်ရှေ့မှာသီလရှင်တစ်ပါး၏ အလှူခံကြောင့်

"ကျော်လေးရေ အိမ်ထဲကို ပင့်ပြီး မုန့်ဟင်းခါး လေးကပ်ကွာ"

ဒေါက်တာကိုကို ထမင်းစားပွဲခုံလေးကို ပြန်ခင်းပေးနေသည်။

"မှုံလည်း ဝင်စားလိုက်ပါလား"

"မစားချင်ပါဘူး ကိုကိုကြီးရယ်"

(၇)ရက်လုံးလုံး မျက်ရည်တွေက မရပ်နားခဲ့သဖြင့် မျက်ရည်က ခမ်းလုလု··· ဒေါက်တာကိုကိုခွဲခွာသွားရင် ထပ်ပြီး မျက်ရည်က ကျဦးမယ်··



www.burmeseclassic.com

www.burmeseclassic.com



သီလရှင်ကြီး အိမ်ပေါ်ရောက်တော့...

"ဟင်...မင်း...မင်း...သမီး ပန်းမွှံခင် မဟုတ်လား"

"အယ်"

သီလရှင်ကြီးမျက်နှာကို မြင်ဖူးသလို ရှိနေသည်။ ဇဝေဇဝါ

"ဪ....ဆရာလေးကို မမှတ်မိဘူးထင်တယ်၊ ဒေါ်သန်းသန်းလေ...တစ်ခါကသမီးလေးဆီကို လာခဲ့ဖူးတယ်"

ပန်းမွှံခင် မှတ်မိလိုက်သည်။ မေမေ၏အစ်မဆိုတာ..

"ဘယ်လိုဖြစ်တာလဲ သမီးရယ်၊ မင်းအမေ သတင်းတော့ကြားပါတယ်၊ သူတို့ အမိုက်ဓာတ်ကို သူတို့ သိမ်းသွားတာပဲ"

"မေမေ...ဘာဖြစ်လို့လဲဟင်"

နေကမ္ဘာစိုး...ပန်းမွှံခင် စိတ်မကောင်းဖြစ်မည်စိုး၍ ဖုံးကွယ်ထားသောကိစ္စကို သီလရှင်ဆရာလေးက ပြောပြနေလေသည်။

"ဖေဖေနဲ့ မေမေရယ်..."

"သမီးလေး..ဘာမှဒီနှစ်ယောက်အတွက် စိတ်မကောင်း မဖြစ်နဲ့၊ သိပ်ကို မိုက်မဲကြတဲ့သူတွေ...သမီးလေးသတင်းကို ဆရာလေးအားလုံးကြားတယ်...ဒီလောက်ထိ ရက်စက်ကြလိမ့်မယ်လို့တောင်မထင်ဘူး..အင်းလေ... ဒီကိစ္စတွေရဲ့တရားခံဟာ ဆရာလေးပါ..."

"ရှင်..."

နေကမ္ဘာစိုး...သီလရှင်ဆရာလေးရှေ့ကို မုန့်ပန်းကန်ချပေးပြီး မုန့်ဟင်းရည်ကိုထည့်ပေးနေသည်။

ပန်းမွှံခင်ကိစ္စနှင့် သီလရှင်ဆရာလေးစကားကိုလည်း နားစွင့်လျက်...



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ သူတို့ဟာ သမီးလေးအပေါ်မှာ ကြင်နာမှု စာနာမှု ရှိတာလည်း သမီးလေးက သူတို့ သမီးအရင်းမှ မဟုတ်တာ"

"ဘာ..ရယ်..."

"ဆရာလေး အကြောင်းစုံကိုရှင်းပြမယ်...သမီးလေး"

ဒေါက်တာကိုကို ပန်းမှုံခင်ဘေးမှာ ဝင်ထိုင်ပြီး သီလရှင် ဆရာလေးပြောမည့် အတိတ်ဆီသို့ စိတ်ဝင်စားစွာဖြင့်နားထောင်နေသည်။

အိမ်အပြင်မှာ တာလပတ်ဖြုတ်သောသူတွေ၊ စားပွဲ ကုလားထိုင်တွေ သိမ်းသူတွေ၊ အိုးခွက်ပန်းကန်သိမ်းသူတွေက သူတို့ အလုပ်ကိုယ်စီနဲ့မို့..အိမ်ပေါ်မှ စကားဝိုင်းကို စိတ်မဝင်စားနိုင်ချေ...။

မြို့လေးတစ်မြို့မှာ မြဂုဏ်တင့်တင့်၊ စီစီသော်သိမ့်၊ သန်းသန်းဆိုတဲ့ ငယ်သူငယ်ချင်းသုံးယောက်ရှိခဲ့ဖူးတယ်...မြဂုဏ်တင့်တင့်နဲ့ ဆရာလေးဟာ ညီအစ်မဆိုပေမဲ့ သူငယ်ချင်းလိုပဲ နေခဲ့ကြတယ်။ အသက်က ၂နှစ်ကြီး ၂နှစ်ငယ်ဆိုတော့ အရွယ်ချင်းတာ သိပ်မကွာဘူး"

"ဆရာလေး သုံးဆောင်ပါဦး"

နေကမ္ဘာခိုး..စကားကို ခေတ္တနားခိုင်းပြီး မုန့်ဟင်းခါးစားဖို့ ပြောလိုက်မှ မုန့်ဟင်းခါးပန်းကန်ထဲမှ မုန့်ဖက်လေးကိုပါရှုံလေးခပ်ပြီးစားနေတော့သည်။ ပန်းမှုံခင်၏ ဆိုးဝါးသော အတိတ်ကိုတော့ နင်ဖို့စွာ...

"သူငယ်ချင်း ၃ယောက်ထဲမှာ စီစီသော်သိမ့်က ဆင်းရဲတယ်၊ အဖေက မြင်းလှည်းမောင်းပြီးအမေက သူများ အိမ်မှာ အဝတ်လျှော် ထမင်းချက်တဲ့ အလုပ်ကိုလုပ်ခဲ့ရတယ်၊ ငယ်ငယ်ကတည်းက ဆင်းရဲတဲ့



www.burmeseclassic.com

www.burmeseclassic.com



အရသာကို ခံစားခဲ့ရတဲ့ စိစိသော်သိမ့်ဟာ အရမ်းကို ချမ်းသာချင်တယ်၊ မြဂုဏ်တင့်တင့်ကတော့ မိဘတွေက ချမ်းသာတယ်၊ ငွေကို အသုံးကြမ်းတယ်၊ ဆရာလေးလည်းသိပ်မထူးပါဘူး၊ မိဘတွေက သမီးနှစ်ယောက်မွေးထားတာ နှစ်ယောက်လုံး မလိမ္မာဘူး၊ ဆရာလေးကအပျော်အပါးတော့ မက်ပေမဲ့ မြဂုဏ်တင့်တင့်လိုမရှုပ်ဘူး။ မြဂုဏ်တင့်တင့်ကတော့ ရှုပ်တယ်၊ ပွေတယ်၊ ဒါကြောင့်လည်းကျော်ဇောကျော့မောင်နဲ့ အကြောင်းပါခဲ့တာပေါ့"

မုန့်ဟင်းခါးတစ်ပန်းကန်သာစားပြီးရပ်လိုက်သည်။ ပန်းမှုံ့ခင် ရေချိုင့်ထဲမှရေကိုခပ်ပြီး ဆရာလေးကိုပေးလိုက်၏။

"မြဂုဏ်တင့်တင့်နဲ့ ကျော်ဇောကျော့မောင် ညားသွားရတာလည်းကြည့်ဦးလေ၊ တစ်ဦးနဲ့တစ်ဦး သိပ်ချစ်ကြလို့ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်နိုင်မာခဲ့ကြလို့မှမဟုတ်တာ၊ ချိတ်ချိတ်ချင်းငြိတဲ့သဘောပဲ၊ သမင်ယောင်ဆောင်တဲ့ ဝံပုလွေနဲ့ သိုးယောင်ဆောင်တဲ့ ကျားတို့တွေ့ကြတာပေါ့... မြို့မှာ မိဘနှစ်ပါးလုံးက မြို့ရဲ့မျက်နှာဖုံး ဂုဏ်သရေရှိ လူကြီးတွေ၊ သမီးနှစ်ယောက်ကတော့ ထင်တိုင်းကြဲတွေဖြစ်နေကြတယ်၊ မိဘတွေက စီးပွားရေးပေါ်မှာ အာရုံစိုက်ပြီးရှာဖွေကြသောကြောင့် သမီးနှစ်ယောက်ရှုပ်ပွေလိမ်နေတာကို သိပ်ပြီးအလေးမပေးနိုင်ခဲ့ဘူး၊ ဒါပေမယ့် အဖေဟာ သူ့ဂုဏ်သိက္ခာကျဆင်းမယ့် အလုပ်ကို နည်းနည်းလေးမှ အထိမခံခဲ့ဘူးလေ၊ အဲ...ဒါပေမယ့် တင့်တင့်က ဖေဖေ ဂုဏ်သိက္ခာကို သွားပြီးဝင်တိုက်ခဲ့လို့ ညားရတဲ့ အဆင့်ကို ရောက်ခဲ့ကြတာပေါ့"

သီလရှင်ဆရာလေးသန်းသန်းစကားကို ခဏနားပြီး လွယ်



www.burmeseclassic.com

www.burmeseclassic.com



တ်လေးထဲမှ ဆေးကတ်လေးကိုထုတ်ကာ ဆေးသောက်ဖို့ပြင်နေ၏။

“ဆိုးခဲ့ မိုက်ခဲ့တဲ့ဒဏ်တွေခံနေရတာပဲကွယ်…”

ပြောလည်းပြော ဆေးလည်းသောက်…ပြီးမှ…

“မြဂုဏ်တင့်တင့်နဲ့ ကျော်ဇောကျော့မောင်တို့ နှစ်ယောက် တီပွဲတစ်ခုမှာ အပျော်လွန်ပြီး မူးနေကြတာကို ဖေဖေ့ မိတ်ဆွေ ဦးက တွေ့ပြီးသွားတိုင်ခဲ့တယ်…'တင့်တင့်ကို ဖေဖေက ခေါ်ပြီး တော့ မဟုတ်ပါဘူးဆိုပြီး ငြောင်ငြင်းတယ်လေ… ဟုတ်တယ်လို့ ခံလိုက်တာနဲ့ ဖေဖေ ပေးစားမှာကို တင့်တင့်က သိထားလို့ငြင်းခဲ့ …ပထမတော့ ဖေဖေက တင့်တင့်ငြင်းတာကိုလက်ခံပြီး တင့်တင့် လှမ်းတွေကိုစောင့်ကြည့်တော့တာပဲ၊ အင်း… ကံဆိုးချင်တော့ ကြိန်ရက်တစ်နေ့မှာ တင့်တင့်နဲ့ ကျော့မောင်… ကားနဲ့ ပဲခူးဘက်ကို က်ခံထွက်အပြန်မှာ ကားပျက်ပြီး အိမ်ကိုမိုးချုပ်မှရောက်ခဲ့တယ်၊ ာတင်တင့်နဲ့ ကျော့မောင် ညားဖို့ ဖြစ်လာတဲ့ လမ်းစပဲ… ဖေဖေ့ ဆုံတွေက ခါတ်ပုံနဲ့အတူ ဖေဖေကို သက်သေပြခဲ့တာမို့ တင့်တင့် ည်း မငြင်းနိုင်တော့ဘူး…မြို့မှာက ဖေဖေတို့ မေမေတို့အရှိန် ါကိုလွှန်ဆန်ရဲတဲ့လူရှားတယ်… ကျော့မောင်မိဘတွေဆိုတာက ည်းဖေဖေတို့ စီးပွားရေးနဲ့ ကင်းတာမဟုတ်ဘူး‥နောက်ဆုံး ဖေဖေက ျော့မောင် မိဘတွေကိုခေါ်တွေ့ပြီးဆွေးနွေးတော့ ကျော့မောင်မိဘတွေ ခေါင်းညိတ်သဘောတူခဲ့ကြတယ်။ ဒါနဲ့ပဲညားတဲ့အဆင့်ကိုရောက် ယ် ဆိုပါတော့…”

တင့်တင့်နဲ့ကျော့မောင်ဇာတ်ကြောင်းကတော့ တစ်ခန်းပြီး ပြီဖြစ်သည်။ ဒုတိယဇာတ်ကြောင်းက စီစီသော်သိမ့်ပါ‥



www.burmeseclassic.com

www.burmeseclassic.com



"တင့်တင့်က အိမ်ထောင်ကျပေမယ့် အိမ်ထောင်ရှင်မကောင်း ပီသချက်ကတော့ ပြောမနေနဲ့…ထမင်းတောင် မချက်ခဲ့ဘူး… မိဘ ချမ်းသာတဲ့ပေါ်မှာ အစေခံနဲ့အရင်လိုပဲ..သွားမြဲ..လာမြဲ.. ဖြစ်သလို.. ကျော့မောင်ကလည်း အရင်လို ရှုပ်ပြီးရှုပ်နေခဲ့တာပေါ့.. အိမ်ထောင် သက်တစ်နှစ်ကျော်တဲ့အထိ သူငယ်ချင်း(၃)ယောက်က အတွဲမပျက် ဘူး… ဒီလိုနဲ့တစ်နေ့မြို့မှာ စပါးပွဲစားလာလုပ်တဲ့ တရုတ်စပ် ကြင်မောင်ဆိုတဲ့သူနဲ့ စီစီသော်သိမ့်တွေ့ပြီး ငြိကြတဲ့ အဆင့်ကိုရောက်ခဲ့ တာပေါ့.. စီစီသော်သိမ့်နဲ့ကြင်မောင်..ဖြစ်ရတဲ့တရားခံဟာ တင့်တင့် ကြောင့်ဆိုရင် မမှားဘူး…တင့်တင့်က ကြင်မောင့်သူငယ်ချင်း မောင်မောင်ခင်ဆိုတဲ့ကောင်နဲ့တွဲတော့ စီစီသော်သိမ့်ကိုအဖော်ခေါ်သွား ရင်း ဖြစ်ခဲ့ကြတာ… စီစီသော်သိမ့်က အချစ်ထက်ငွေကြေးချမ်းသာ တာကို မက်တာမို့ ကြင်မောင်ရဲ့ အသုံးအဖြုန်းနဲ့ ချမ်းသာမှုကို အဟုတ် ထင်ပြီး နောက်ဆုံး လက်ထပ်ခဲ့တဲ့အဆင့်ကိုရောက်ခဲ့တယ်၊ စီစီသော်သိမ့် ဘဝမှာ တစ်ခါမှ မခံစားဖူးတဲ့ အရသာတွေကိုခံစားပြီး ယစ်မူးနေရင်း ကိုယ်ဝန်ရှိလာခဲ့တယ်၊ မွေးမယ့်လရောက်တော့ ကြင်မောင် မယားကြီးနဲ့ သားသမီးတွေ လိုက်လာပြီးအရှက်တကွဲဖြစ်ခဲ့ ရတယ်၊ တော်သေးတာပေါ့ ဗိုက်က လင်ကောင်ပေါ်လို့…"

စီစီသော်သိမ့် ဗိုက်ထဲက ကလေးက ပန်းမှုံခင်ပင်…

"စကားကိုဖြတ်ပြီးပြောရဦးမယ်…တင့်တင့်နဲ့ ကျော့မောင် ကိစ္စလေ… ကျော့မောင်က ညီအစ်ကိုမောင်နှမ လေးယောက် ရှိ တယ်.. ကျော့မောင်အိမ်ထောင်ကျပြီး (၃)လလောက်မှာ ကျော့မောင် မိဘတွေက သားသမီး(၄)ယောက်ကို အမွေကိုယ်စီ ခွဲပေးလိုက်တယ်..



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့အမွေလေးနဲ့ လင်မယားနှစ်ယောက် လုပ်ချင်တာလုပ်လို့ ကုန်သလောက်လည်းရှိရော‥ ဘာလုပ်ရမှန်း မသိဖြစ်တော့တာပဲ‥ ဖေဖေတို့ဆီက အမွေကိုနောက်ဆုံး မျှော်လင့်တဲ့ အခြေအနေကိုရောက်တော့ ဖေဖေက တင့်တင့်နဲ့ကျော့မောင် နှစ်ယောက်လုံး ခြေလှမ်းတွေကို သဘောမတွေ့တာနဲ့ အမွေကိစ္စနဲ့ ပတ်သက်ပြီး မသိကျိုးကျွံပြုနေခဲ့တယ်‥ တင့်တင့်က အကြောင်း အမျိုးမျိုးပြပြီး စီးပွားရေးလုပ်မယ်၊ ဘာမယ်နဲ့ တောင်းလည်းမရခဲ့ဘူး‥ နောက်ဆုံး ဖေဖေက သက်ဆိုင်တဲ့အမွေကို ယူချင်ရင် တင့်တင့်နဲ့ကျော့မောင် ရင်သွေးရချိန်မှာ‥ ပေးမယ်ဆိုပြီး ပြောလိုက်တယ်‥ ဖေဖေ့ရည်ရွယ်ချက်က သူတို့နှစ်ယောက်အတွက် ကြားခံရင်သွေးလေးရှိရင် ခြေငြိမ်ပြီးဘဝကို နားလည်မယ်ဆိုတဲ့ အထင်နဲ့လေ‥‥"

နေကမ္ဘာစိုး‥ သီလရှင်ဆရာလေးသန်းသန်း စကားခဏရပ်ချိန်မှာ ပန်းနုံခင်မျက်နှာလေးကို မသိမသာကြည့်လိုက်တော့ အစားပျက် အအိပ်ပျက်သည့် ဒဏ်ကြောင့် မျက်ကွင်းလေးတွေ ကျနေသော ပန်းမုံခင် မျက်နှာလေးကို ကရုဏာသက်စွာ ခံစားလိုက်မိသည်။

သီလရှင်ဆရာလေးသန်းသန်း ရောဂါကြောင့် စကားကို ကြာကြာမပြောနိုင်ဘဲ နားလိုက်‥ပြောလိုက်‥ပြောနေရသည်။

"တင့်တင့်နဲ့ကျော့မောင်ဟာ သားသမီးလိုချင်လို့တော့ မဟုတ်ဘူး၊ ရမယ့်အမွေအတွက် တင့်တင့်မှာကိုယ်ဝန်ဆောင်ခဲ့တယ်၊ စီစီသော်သိမ့်နဲ့တစ်ချိန်တည်းလို့ပဲ ဆိုရမှာပေါ့၊ မွေးတော့ စီစီသော်သိမ့်က (၃)ရက်စောပြီး မိန်းကလေးမွေးတယ်‥ နောက်(၃)ရက်ကြာမှ တင့်တင့်ကမွေးခဲ့ပေမယ့် ကလေးက အဖတ်မတင်ခဲ့ဘူး‥‥"



www.burmeseclassic.com

www.burmeseclassic.com



မိခင်စိတ်၊ ဖခင်စိတ်မရှိတဲ့ဘဝထဲ ရင်သွေးက အသက်ရှင်ရက်
မလာချင်တဲ့သဘော..ဟုဆိုရမည်။

"လင်မယားနှစ်ယောက်လုံး ကြိုးစားခဲ့သမျှ သဲထဲရေသွန်သလို
ဖြစ်သွားတော့ ကျော့မောင်ဟာဆရာလေး ဆီကိုရောက်လာခဲ့တယ်
ရောက်လာတဲ့အကြောင်းက စီစီသော်သိမ့် သမီးလေးကို သူတို့ သမီး
အဖြစ်နဲ့ အစားထိုးဖို့လာပြီးပြောတာ၊ စီစီသော်သိမ့်ကလည်း ကြင်မောင်
ကိုစိတ်နာပြီး ကလေးကိုပါ စိတ်နာသလိုဖြစ်နေတာနဲ့ ငွေ (၁၀)သိန်း
ရရင် ကလေးကို ပေးမယ်ဆိုပြီး အလဲအလှယ် လုပ်ခဲ့တယ်၊ ဒါကို
တင့်တင့်က သဘောတူပြီး တင့်တင့်ရဲ့ သေသွားတဲ့ကလေးနေရာမှာ
သမီးလေးကို အစားထိုးခဲ့တာပေါ့"

မိခင်ရင်း၏ ငွေကြေးနှင့်ရောင်းစားခြင်းခံရသော သမီး၏ ကံကြမ္မာ
ကို ကြားလိုက်ရသည့် ပန်းမှူခင်...လူ့လောကကြီးကို ဘယ်ဝင်္ဂ ကြော
ကြောင့် ရောက်လာခဲ့သလဲ မသိပေ...

"တကယ်အကြင်နာမဲ့တဲ့ကိစ္စတွေပဲ"

နေကမ္ဘာစိုးက သက်ပြင်းငွေ့ငွေ့လေးချကာ စိတ်မကောင်း
ဖြစ်လျှက်...

"ငွေနဲ့ ရင်သွေးကိုရောင်းစားသလို ဖြစ်ခဲ့ပေမဲ့ စီစီသော်သိမ့်ဟာ
ငွေ(၁၀)သိန်းကို မရခဲ့ပါဘူး"

"ဘာဖြစ်လို့လဲ ဆရာလေး"

"ဘာဖြစ်ရမှာလဲ သမီးလေးရယ်... တင့်တင့်တို့ကမပေးခဲ့ဘူး
အမွေတွေကို ဖေဖေက တင်တင့်ရယ်၊ ဆရာလေးရယ်ကို ထိုက်သင့်
သလောက် ခွဲဝေပြီး ကျန်တာကို သူတို့ ဘာသာရေး ကုသိုလ်ရေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် ချန်ထားခဲ့တယ်··စီစီသော်သိမ့်အနေနှင့် ခြိမ်းခြောက်ပြီးတောင်းရင် ရနိုင်ပေမယ့် မတောင်းခဲ့ပါဘူး·· ဘာကြောင့်လဲလို့ ဆရာလေးကမေးတော့ သူ့သမီးလေးအတွက် တစ်သက်စာ အမွေတစ်ခုကို ပေးလိုက်သလိုပဲတဲ့၊ သူက ကျွေးမွေးနိုင်ခြင်းမရှိတာကို တင့်တင့်တို့ကကျွေးမွေးစောင့်ရှောက်တယ်လို့ပဲ သဘောထားခဲ့တယ်၊ ဒီနောက်တော့စီစီသော်သိမ့်ဟာ လွန်းမောင်ဆိုတဲ့လူတစ်ယောက်နဲ့ ထပ်ပြီးအိမ်ထောင်ကျခဲ့တယ် စီစီသော်သိမ့်အတွက် အိမ်ထောင်ရေး ကံမကောင်းပါဘူး၊ လွန်းမောင်ဆိုတဲ့ကောင်နဲ့ တစ်နှစ်တောင် မပေါင်းလိုက်ရပါဘူးနောက်မယားငယ်ယူပြီးစီစီကိုထားခဲ့ပြန်တယ်၊ မိအေးနှစ်ခါနာတဲ့သဘောပေါ့"

မိခင်ကြီးရဲ့ကံကြမ္မာဆိုးကို ကြားရတော့လည်း စိတ်ထဲမကောင်း···။

"အိမ်ထောင်နှစ်ခါပျက်တဲ့ စီစီဟာ တတိယမြောက် အိမ်ထောင်ပြုတော့မှ ဘဝပါပျက်ခဲ့ရတာ"

"ဟယ်···"

ဘဝပါပျက်ခဲ့ရတယ်ဆိုသည့်စကားကို ပန်းမှုံခင်နားတွင် အပြင်းထန်ဆုံး ဝင်ရောက်လာသည်···။

"ဒီကောင်နာမည်က ချစ်ဦးမောင်တဲ့၊ လူကိုကြည့်ရင် ကျော့ပြီးကုဋေပေါင်းများစွာ ချမ်းသာတဲ့ဂိုက်၊ နှုတ်ကလည်းချိုပါ့၊ ယောကျ်ားနဲ့ပတ်သက်ပြီး အထိနာနေတဲ့ စီစီတစ်ယောက် နာကျင်တာတွေကိုတောင်မေ့ပြီး ဒီကောင့်အပြောမှာ ပါသွားခဲ့တယ်···အိမ်ထောင်ကျခါစချစ်ဦးမောင် ဘာလုပ်ကိုင်စား သောက်တယ်ဆိုတာ ဇနီးသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့သူက ရေရေရာရာမသိဘူး၊ အိမ်ကနေထွက်သွားရင် တစ်ပတ်လောက်ကြာတယ်···ပြန်လာရင် ငွေတွေပါလာတယ်·· စားလိုက်သောက်လိုက်နဲ့ ကုန်သွားရင် ပြန်ခရီးထွက် ဒီလိုနဲ့ စီစီကိုပါ ခေါ်သွားတယ်၊ ခေါ်သွားတုန်းကတော့ ဆွေပြမျိုးပြဆိုပြီး ခေါ်သွားတယ်·· ဟိုကိုရောက်တော့ အခန်းတံခါးပိတ်ပြီးတခြား ယောကျ်ား တစ်ယောက်နဲ့ လွှတ်ပေးတော့တာပဲ·· စီစီ··· ချစ်ဦးမောင်ဘာလဲဆိုတာ သိလိုက်ရချိန်မှာ များစွာနောက်ကျနေပြီလေ··· စီစီနဲ့ ယောကျ်ား တစ်မီးတွေ အိပ်စက်ခဲ့ရတဲ့ နေ့ရက်တွေက များခဲ့ပြီ မဟုတ်လား"

"မေမေရယ်···"

ပန်းမှုံခင် ရှိုက်သံတိုးတိုးလေးနှင့်အမေဖြစ်သူ၏ အဖြစ်ဆိုးတွေကို မြင်ယောင်ပြီး ခေါ်မိလိုက်၏။

"ဒီနောက်တော့ စီစီဟာ ချစ်ဦးမောင်နဲ့အပြီးပြတ်ခဲ့တဲ့ အဆင့်ကိုရောက်ခဲ့ပြီး သူ့ဘဝကို ရေစုန်မျှောခဲ့တော့တာပဲ··"

"ဆရာလေး သမီးမေမေ ရှိသေးလားဟင်"

"ရှိတာပေါ့ကွယ်"

လောကကြီးတွင် မိခင်တစ်ယောက်ရှိနေခြင်းဟာ အင်အားတစ်ရပ်ပင်··

"သမီးမေမေ့ဆီကိုသွားချင်တယ်"

"မသွားနဲ့သမီး··သမီးလေးမေမေအခုချိန်ထိ မကောင်းသေးဘူး·· သမီးလေးကိုလည်း သမီးမေမေက အတွေ့ခံမှာ မဟုတ်ဘူး"

"သမီးအတွက် အမေတစ်ယောက်ကို အမေလို့ခေါ်ခွင့်လေးရရင် ကျေနပ်ပါပြီ ဆရာလေးရယ်··



www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးရင်ထဲမှာ ဆို့နင့်ကြေကွဲသွားပြီး ပန်းမှုံခင် မျက်နှာလေးကို လက်ဖြင့်သပ်ရင်း..

"ကံဆိုးတဲ့ကလေးရယ်..အင်းလေ.. သမီးလေးဆန္ဒတွေပြင်းနေရင်တော့ သမီးမေမေ ဘယ်မှာရှိတယ်ဆိုတာကို ဆရာလေး ပြောပြခဲ့ပါ့မယ်..."

စီစီသော်သိမ့် နေထိုင်သောနေရာလိပ်စာလေးကို ရေးပေးလိုက်တော့သည်။

"ဩော်...ဆရာလေး..."

"ဘာများလဲ့ကွယ်.."

နေကမ္ဘာစိုး...တင့်တင့်နှင့်စီစီတို့ဇာတ်ကြောင်းကို သိခဲ့ရပြီး ဆရာလေးဇာတ်ကြောင်းကို မသိရသေးသောကြောင့် မေးရန် ပြင်၏။

"ဆရာလေး ဘာလို့ ထောင်ကျခဲ့တာလဲဟင်"

"ဆရာလေး ပြောပြမှာပါ...ဆရာလေးတို့ ညီအစ်မ နှစ်ယောက်ကို အမွေတွေခွဲပေးကြတဲ့နှစ်မှာ အလွန်ရိုးသားတဲ့ ကိုစောသာဆိုတဲ့ တောသားတစ်ယောက်နဲ့ အကြောင်းပါခဲ့တယ်၊ ကိုစောသာနဲ့တွေ့ခဲ့ရတာ ဒီလိုကွဲ... ဆရာလေးက တင့်တင့်နဲ့ စီစီတို့ အိမ်ထောင်ကိုယ်စီကျသွားပြီး သူတို့နဲ့သိပ်ပြီးအရင်လို မတွဲဖြစ်တော့ဘူး၊ တခြားအပေါင်းအသင်းတွေနဲ့ ပါတီပွဲတွေ တက်လိုက် ပျော်ပွဲစားထွက်လိုက်နဲ့ နေတုန်း တစ်နေ့ ပျော်ပွဲစားအထွက်မှာ ချစ်သိန်း ဆိုတဲ့ကောင်က ဆရာလေးကို အဓမ္မကြံခဲ့တယ်။ ဖူးစာဆုံချင်တော့ ကိုစောသာကတွေ့ပြီး ကယ်ခဲ့တယ်လေ.. ဒီနောက်တော့မေမေ ဆုံးပြီး ဖေဖေသာသနာ့ ဘောင်ထဲ ကိုအပြီးဝင်သွားခဲ့တယ်...ဆရာလေးလည်း ကိုစောသာကို သံယောဇဉ်တွယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူနေထိုင်တဲ့ရွာကလေးမှာ လိုက်နေခဲ့တယ်၊ တောလုပ် တောစားဘဝကို ဘယ်လိုမှ နေလို့မရတာနဲ့ အရောင်း အဝယ်လုပ်မယ်ဆိုပြီး မြို့နဲ့တောကိုပဲ၊ ငရုတ်တွေ ကုန်ကူးရင်း မာဂရက်ဆိုတဲ့ အမျိုးသမီးနဲ့ မိတ်ဆွေဖြစ်ပြီး ဘိန်းဖြူသုံးစွဲတတ်လာတယ်၊ နဂိုကတည်းက စီးကရက်ဆိုရင် တင့်တင့်ရော စီစီတို့နဲ့ သောက်တတ်နေတာဆိုတော့ ဘိန်းဖြူစီးကရက်ကတစ်ဆင့်ထိုးတဲ့အဆင့်ထိရောက်ခဲ့တယ်၊ နောက်ဆုံး မိဘအမွေရခဲ့တဲ့ ပိုက်ဆံတွေဟာ မူးယစ်ဆေးဝါးသုံးစွဲရင်း ကုန်သလောက်ဖြစ်လာသဖြင့် ရောင်းဝယ်တဲ့အဆင့်ကိုရောက်ခဲ့တယ်…ကိုစောသာက ဘာမှမသိခဲ့ပါဘူးကွယ်…ဆရာလေးပြောသမျှ အရုပ်လိုပဲနေခဲ့တာ‥နောက်ဆုံး ဘိန်းဖြူသယ်ရင်း အဖမ်းခံခဲ့ရသလို ကိုစောသာဟာ ပိုးထိပြီးဆုံးပါးခဲ့တယ်‥ ဆိုပါတော့‥အတိတ်ရဲ့ကြောက်မက်ဖွယ် ကောင်းသောမှားယွင်းမှုကြီးကို ပြန်လည် တွေးမိတိုင်း ဘယ်လိုမှ ဖြေသိမ့်မရနိုင်ခဲ့ဘူး"

"အခုတော့ ဒါတွေအားလုံးဟာ အဆုံးသတ်ခဲ့ပါပြီ"

သူငယ်ချင်းသုံးယောက်ရဲ့အမိုက်ဇာတ်တွေက ကောင်းခြင်း ဆိုတာ တစ်ခုမှ မရှိခဲ့…

"ဆရာလေးကျန်းမာရေးနဲ့ ပတ်သက်ပြီးကျွန်တော် ဆေးကုပေးချင်တယ်."

နေကမ္ဘာစိုး ကရုဏာသက်စွာပြောနေ၏… .

"ကျေးဇူးတင်ပါတယ် လူလေးရယ်…ဒီရောဂါကြောင့် ဆရာလေးဘဝ နိဂုံးချုပ်မယ်ဆိုရင် ချုပ်ပါစေတော့၊ သေခြင်း တရားပေါ်မှာ ဆရာလေး မတုန်လှုပ်တော့ပါဘူး၊ မသေခင်အချိန်လေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘဝကူးကောင်းအောင်ပဲ ကျင့်ကြံအားထုတ်တော့မယ်‥ အင်း‥ လူလေးနဲ့ ဟောဒီက သမီးလေး ဘယ်လိုပတ်သက်သလဲဆိုတာတော့ ဆရာလေးမသိပါဘူး၊ ဒါပေမယ့် ဆရာလေးအနေနဲ့ မေတ္တာရပ်ခံချင်တာ လေးတစ်ခုတော့ရှိတယ်ကွယ်…"

ဆရာလေး ဘာပြောမလဲဆိုသည်ကို နှစ်ယောက်လုံးနားစွင့်လျက်…

"ကံဆိုးတဲ့ သမီးလေးကို စောင့်ရှောက်ပေးပါ"

"ကျွန်တော်ကတိပေးပါတယ် ဆရာလေး…"

ဒေါက်တာကိုကို မျက်နှာလေးကို အရဲစွန့်ပြီး ပန်းမှုခင် ကြည့်မိတယ်။ ဒေါက်တာကိုကို၏ စကားသည် နှုတ်ဖျားအပေါ်ယံက ထွက်ပေါ်လာသောစကားတော့ မဟုတ်တန်ကောင်း‥

"ဆရာလေးကိုခွင့်ပြုဦးကွယ်"

"ဟုတ်ကဲ့"

နေကမ္ဘာစိုးနှင့်ပန်းမှုခင်…ဆရာလေးကို ကန်တော့ပြီး‥ ကြီးကြီးမေအတွက် ရည်စူးကာ ဝတ္ထုငွေလေးကိုပါ နှစ်ယောက်အတူတူ ကပ်လှူခဲ့ကြတော့သည်။

"သာဓု သာဓု သာဓု အခက်အခဲကြုံရသောဘဝတွေထဲက အဆိုးတွေ အားလုံး လွတ်မြောက်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ"

ဆရာလေးကို ခြံဝထိလိုက်ပို့ပေးပြီး ဒေါက်တာကိုကိုနှင့် အိမ်ထဲပြန်အဝင် လှေကားပေါ်တက်တော့…

"အို…"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းမှုံခင်…မှုံ"

ဒေါက်တာကိုကို ရင်ခွင်ထဲသို့ ခန္ဓာကိုယ်လေး ရောက် သွားသလို စိုးရိမ်စိတ်ဖြင့် ဖက်ထားသော ဒေါက်တာကိုကို လက်ဖဝါးနုနုလေးကို လေးတွေက ပန်းမှုံခင် အသွေးအသားကို နှိုးဆွပေးနေသလို… ချက်ချင်းရုန်းထွက်လို့မရအောင် သာယာနေသည်။ ကိုကိုကလည်း မလွှတ်ဘဲ အိမ်ပေါ်သို့ တွဲပြီးခေါ်လာသည်။ အင်အားခမ်းခြောက်သည့် နေ့ရက်တွေလည်း များသောကြောင့် ဝတ်ထားသည့် ထမီကိုလည်း တင်းတင်းရင်းရင်းမဝတ်နိုင်သောကြောင့် ပြေလျော့ပြီး ဗိုက်သား လေးတွေ ပေါ်လုလု ဖြစ်နေသည် …။

"မှုံ ထမီကို တင်းတင်းလေး ပြန်ဝတ်လိုက်ဦး"

ဒေါက်တာကိုကိုမှ သတိပေးမှ ရှက်သလို ဖြစ်ပေမယ့် မရှက်နိုင်ခဲ့ပါလေ။ ဆရာဝန်တစ်ယောက်အတွက် ထိုမြင်ကွင်း များသည် စိတ်လှုပ်ရှားဖွယ် မရှိနိုင်ခဲ့ပေ…

ပန်းမှုံခင်ကလည်း မြူဆွယ်တာမှ မဟုတ်တာတကယ်ပင် အားအင်တွေ ခမ်းခြောက်နေခြင်းသာ…..

ပြေလျော့နေသော ထမီလေးကို ပြင်ဆင်ချိန်မှာ…

"မင်းဖျားတော့မယ်…မှုံ"

ပန်းမှုံခင် နဖူးလေးကို လက်နှင့်စမ်းကာ…

"ဆေးတစ်လုံးလောက် ထိုးရမယ်နော်"

"အင်း"…

ဒေါက်တာကိုကို ပြုသမျှ ပန်းမှုံခင် မငြင်းချင်တော့ပေ။အိပ်ခန်း ထဲက နေကမ္ဘာစိုး အနွေးအကျီလေးကို ယူလာပြီး ပန်းမှုံခင်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်သမီးကလေး တစ်ယောက်လို ဝတ်ပေးရင်း အင်္ကျီရှေ့တွင် ပြုတ်နေသော ကြယ်သီးတချို့ကို တပ်ပေး လိုက်သည်။

မိန်းကလေး တစ်ယောက်၏ အလှအားမာန်တွေနဲ့အပြည့်ရှိ နေသော ပန်းမှုံခင်အတွက် အန္တရာယ်တွေက ဝိုင်းဝိုင်းလည်နေမှာ သေချာသည်။ မထားရက်ခဲ့ပေမဲ့ ခေါ်သွားဖို့ အခွင့်ကလည်း မရှိ...နှိမ့်ချည် မြင့်ချည်ဖြစ်နေသော ရင်အထက်မှ အသက်ရှူသံလေး တွေ ပန်းမှုံခင် တစ်ယောက်၏ သောကလှိုင်းတွေကို ဘယ်လို ကျော်ဖြတ်ရမလဲဆိုတာ မတွေးတတ်...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း၊ ၂၄၊

"မေမေ"

"မခေါ်နဲ့…နင်ငါ့သမီး မဟုတ်ဘူး"

စီစီသော်သိမ့် မျက်လုံးကို စုံမှိတ်ပြီး အော်လိုက်ပေမယ့် ရင်ထဲမှာတော့ မမြင်နိုင်သည့် သွေး၏ သက်သေပြမှုကား ရှိနေပြီး သား…

အိမ်ထဲကို လှမ်းပြီး ဝင်လာကတည်းကဧည့်ခန်းတွင် ခပ်ရှုံ့ရှုံ့လေး ထိုင်နေသော ကောင်မလေး မျက်နှာကို မြင်လိုက်ရကတည်းက နှလုံးသွေးတွေ ဆူပွက်လာခဲ့သည်။ ပန်းမှုံခင်ကို စီစီသော်သိမ့် (၁၀)နှစ်သမီး အရွယ်တုန်းက တစ်ခါတွေ့ချင်လွန်းလို့ ပန်းမှုံခင်ကျောင်းကအပြန်မှာ သွားကြည့်ခဲ့ဖူးပါသည်။

ဒီကတည်းက ပန်းမှုံခင်ကို စီစီသော်သိမ့် ထပ်ပြီးမတွေ့ချင်တော့ပေ…။ မတွေ့ရသည့်အကြောင်းကတော့ သမီးမျက်နှာကို မြင်နေရပါများနေရင် သူမ၏စိတ်ကို ထိန်းချုပ်နိုင်မည်မဟုတ်…



www.burmeseclassic.com

www.burmeseclassic.com



စီစီသော်သိမ့်ဖြတ်သန်းနေရသော ဘဝနှင့်သမီးတစ်ယောက်ဘဝဟာ ဘယ်လိုမှ အပ်စပ်လို့မရနိုင်ပေ…

အကျင့်ပျက်ကြေးစားမိခင်၏ သမီးအဖြစ်နှင့်သမီး စိတ်ကိုထေိခိုက်စေချင်…

တင့်တင့်နှင့်ကျော့မောင် သမီးလေးအပေါ်မှာ မကြင်နာသည်ကလွဲ၍ မိဘ၏ ဂုဏ်သိက္ခာကျဆင်းမှုဒဏ်ကိုခံရမည်မဟုတ်။ သမီးလေးကို ဦးဝဏ္ဏအောင်နှင့် လက်ထပ်ပေးမည်ဆိုတုန်းက ဒေါ်သတွေအလိပ်လိုက်တက်ခဲ့ပေမယ့် သမီးလေး သူ့လို ဆင်းရဲသည့်ဘဝဆိုးမျိုးကလွတ်မြောက်တာပဲဆိုသော အသိနှင့်စိတ်ကိုလျှော့ခဲ့တယ်။ ဒါပေမယ့် သမီးကိုအသုံးချပြီး အမြတ်ထုတ်သည့် တင့်တင့်တို့ဆီမှ ခေါက်ချိုးတော့ သူစားခဲ့သည်။ သမီးလေးက ထွက်ပြေးသည်ဟု ကြားသိရသောအခါ ဝမ်းသာသလိုရှိသည်။

အပျိုစင်နုနုလေးက ပြုတ်မနူး မုဆိုးဖိုကြီးကို ဘယ်လိုလုပ်ပြီးအတူတူအိပ်နိုင်မှာတုန်း။ သူ့အရွယ်နဲ့သူ့ဘဝမှာ သူချစ်တဲ့ သူနဲ့နေချင်မှာပေါ့…

"မေမေရယ် သမီးကို မချစ်ရင်နေပါ။ သမီးဆိုတာလေးကိုအသိအမှတ်ပြုပေးမယ် ဆိုရင် သမီးကျေနပ်လှပါပြီ"

ပန်းမှုံခင်…အမေခြေဖဝါးလေးကိုဆုပ်ကိုင်ပြီး ပြောနေမိ၏။

"နင်ပြောရခက်နေပါလား၊ ဘယ်က ပေါက်ကရ စကားတွေနဲ့ငါ့ဆီလာပြီး အမေလုပ်နေတာလဲ"

"သမီးအမေ့ဆီကိုလာတာ ခိုကိုးချင်လို့မဟုတ်ပါဘူး‥သမီး ဘဝကိုသမီးရပ်တည်နိုင်ပါတယ်…ဒါပေမဲ့ အမေ့နှုတ်ဖျားက သမီးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံလေးကို ကြားချင်လို့ပါ"

"နင်ရူးနေလား ငါ့မှာဘယ်ယောက်ျားမှမရှိဘူး...ဘယ်သမီးမှ လည်း မရှိခဲ့ဘူး ...ထွက်သွားဟာ"

သမီးဖြစ်သူ၏မျက်နှာကို ရဲရဲမကြည့်ရဲဘဲ ပြောနေကတည်းက စိစိသော်သိမ့်ဆီမှာ ကိုယ်ခံအားနည်းသည်ကို ဖော်ပြနေခြင်းပင်...

"မေမေ့ဆီက သမီးဆိုတာကို မကြားရမချင်း သမီး မပြန်ဘူး"

"ဘာ"

ပန်းမှုံခင် ဖောင်ဖျက်ပြီးတိုက်ပွဲဝင်လေသည်။

"လာစမ်း....အလုပ်လာပြီး ရှုပ်ရတယ်လို့"

ပန်းမှုံခင်လက်ကို အတင်းဆွဲပြီး အိမ်ပေါက်ဝဆီကို ဆွဲခေါ်သည်။ ပန်းမှုံခင် ကြမ်းပြင်တွင် တရွတ်တိုက်ပါသွားလျက်..

"အမေ သတ်ချင်သတ်လိုက်...မပြန်ဘူး"

"အမလေး နင်က ငါ့ကို အချုပ်ထဲထည့်နေတာပေါ့"

အိမ်ပေါက်ဝ သံတံခါးကိုလက်ဖြင့်ဆုပ်ထားသည်ကို အတင်းဖြေ နေသောကြောင့် ဆုပ်ကိုင်ထားသောလက်ချောင်းများ ပွတ်ရှပြီးနီရဲတွတ် နေသည်။ လက်တွေလည်း အရမ်းကိုနာကျင်နေပေမယ့် အံကိုတင်း ပြီးဆုပ်ထားလျက်...

"နင့်ကို ရဲစခန်းကို အကြောင်းကြားပြီး ဖမ်းခိုင်းလိုက် ရမလား"

"အမေ ကြိုက်သလိုသာ လုပ်..."

မျက်ရည်နှင့်စကားသံက ဗလုံးဗထွေးထွက်နေသည်။ နာကျင်မှု တွေကို အံကြိတ်ပြီး ခံထားသောကြောင့် နှုတ်ခမ်းတွေမှာ သွေးထွက်ချင် စို့လို့....



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ…ဂျိုင်း…"

မိုးက ဘာမပြော ညာမပြောနှင့်ရွာချလိုက်တော့သည်။

မိုးခြိမ်းသံ လျှပ်စီးလက်မှုတွေက ကောင်းကင်ထက်တွင် မျက်လုံးများ ပြာဝေမတတ်ဖြစ်သွားသည်။

ပန်းမှုံခင် သံတံခါကိုကိုင်ထားသော လက်တွေထုံကျင်နေ လာပြီး လွှတ်သလိုဖြစ်သွားချိန်တွင် စီစီသော်သိမ့် အတင်းဆွဲပြီး မိုးရေထဲကို ဆွဲခေါ်သွားကာထားခဲ့လေသည်။

"မေမေ…မေမေ…မေမေ…"

'ဂျိုင်း'

အိမ်ပေါက်ဝ တံခါးကိုပိတ်ပြီး သော့ခတ်လိုက်သည်။

မေမေဟုခေါ်နေသော သမီး၏ခေါ်သံတွေကမိုးသံတို့နှင့်အတူ စီစီသော်သိမ့် နားထဲသို့ ဖြတ်ဝင်လာချိန်တွင်…

"သ…သမီး"

နှလုံးသား၏ ဘယ်လောက်ပဲ ဟန်ဆောင်ဆောင်‥ ရင်သွေး နှင့်ပတ်သက်လာရင် တင်းမာမှုဆိုတာ မရှိနိုင်…

သမီးလေးကို ၃ ရက်သာ နို့တိုက်ခဲ့ရသော နို့အိမ်သည် သမီး သားမရှိသည့်နောက် နို့ကြောများ တင်းပြီး နို့များ စိမ့်ထွက်စဉ်က… သမီးလေး နို့ဆာလောက်ပြီဆိုသည့်အသိနှင့်မျက်ရည်ကျခဲ့ရသော နေ့ရက်တွေ‥စီစီသော်သိမ့်ရင်ထဲသို့ရောက်ရှိလာခဲ့လေသည်။

ခု‥သမီးလေးက တောင်းဆိုနေမှုကို သူ ရက်ရက်စက်စက် မိုးရေ ထဲမှာ ထားခဲ့ပြန်သည်။

လောကကြီးမှာ ငါ့လောက် မိခင်စိတ်ခေါင်းပါးတဲ့သူ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး···· မျက်လုံးအိမ်ထဲမှ မျက်ရည်တွေက သမီးအတွက် ရောက်ရှိလာခဲ့ပြီ···

"သမီး···"

ပိတ်ထားသော တံခါးကိုပြန်ပြီးဖွင့်မည်ကြံတော့ သော့ကပါမလာ···

"သမီးလေး"

မိုးရေထဲတွင် ပန်းမှုံခင် ခွေခွေလေး လဲနေသည်ကိုမြင်ရတော့ စိုးရိမ်စိတ်က ပိုပြီးများသွားသည်။

မိခင်တစ်ယောက်၏မေတ္တာတို့က အလျှင်အမြန်စီးဆင်းလာလေသည်။

သော့ကိုနေရာအနှံ့ ရှာသော်လည်း မတွေ့။ နောက်ဖေးမီးဖိုထဲကိုပြန်ဝင်ပြီး ငါးခုတ်သည့် ဓါးမကို ယူကာ သော့ကိုခုတ်ဖွင့်လေသည်။

"အား··"

သမီးကိုစိုးရိမ်စိတ်နှင့်ခုတ်သောကြောင့် သော့ကိုမထိဘဲလက်ကိုခုတ်မိလိုက်သဖြင့် လက်မတွင် သွေးများချင်းချင်းနီရဲသွားသည်။

ခတ်ထားသောသော့လည်း ပြုတ်ထွက်သွားလေသည်။

"သမီးလေး သမီးလေး"

မိုးရေထဲတွင် သွေးနှင့်မျက်ရည်တို့က ရောလျက်···

"မေမေ···"

"သမီး····"

ပြာနှမ်းနေသော နှုတ်ခမ်းပါးလေးမှ အမေခေါ်သံလေး



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရပြီး…

"သမီး…

မိုးခြိမ်းသံနှင့်အတူ စီစီသော်သိမ့် ရင်ကွဲမတတ်ခေါ် လိုက်သည်။ နှစ်ပေါင်းများစွာ ထိုခံစားမှုနောက်မှာ လိုက်ပါနေခဲ့သော သူ့အတွက် ကံကြမ္မာက ဒဏ်ပြန်ခတ်လေပြီ..

သမီးလေးကို မိုးရေထဲမှာဆွဲထူပြီးအိမ်ထဲသို့ဝင်လာခဲ့သည်။

"သမီးလေး ဘာမှမဖြစ်စေရဘူး"

စီစီသော်သိမ့် လက်ကဒဏ်ရာကို သတိမမူနိုင်တော့ဘဲ သမီးလေးကိုယ်မှ အဝတ်အစားတွေကိုချွတ်၊ သူ့အင်္ကျီတွေကို ဝတ်ပေးထားပြီး မီးဖိုချောင်ထဲသို့ ပြေးဝင်ကာ ကော်ဖီပူပူလေးဖျော်ပြီး.. သမီးလေးကိုတိုက်သည်။

"သမီးလေး သောက်လိုက်"

"မေမေ လက်မှာ"

"ဘာမှမဟုတ်ဘူးတံခါးညှပ်မိသွားတာပါ"

ပန်းမှုံခင် မေမေတိုက်သည့်ကော်ဖီခွက်ကို မသောက်သေးဘဲ အမေ့လက်ကလေးကို ဆုပ်ကိုင်ပြီး…

"ဘာဆေးရှိလဲ မေမေ"

"တင်ချာတော့ရှိတယ်"

"ဘယ်မှာလဲ သမီးသွားယူလိုက်မယ်"

"နေပါစေ မေမေဘာသာလုပ်မယ်၊ သမီးလေးနွေးသွားအောင် ကော်ဖီလေးကိုသာသောက်လိုက်"

သားအမိနှစ်ယောက်တွင် မရှိခဲ့ဘူးသော ကြင်နာမှုတွေက ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာပြီငေလ…

"သမီး…မေမေ့ကို ခွင့်လွှတ်ပါ"

ပန်းမှုံခင် အမေဖြစ်သူလက်ကို ပတ်တီးစည်းပေးရင်း ကျေနပ်စွာ ပြုံးလိုက်သည်။

"သမီးအရမ်းကို ကျေနပ်ပါပြီ။ မိုးတိတ်တာနဲ့ သမီး ပြန်မှာပါ"

"ဘာ"

ရင်ခွင်ထဲမှာရောက်တော့ဖြင့် နာရီပိုင်းတောင်မပြည့်သေးဘဲ သမီးဖြစ်သူက ခွဲခွာသွားမည်ဆိုသည့်စကားကြောင့် တုန်လှုပ်သွားပြီး…

"သမီးမပြန်ရဘူး မေမေ့အရိပ်အောက်မှာ တစ်သက်လုံးနေရမယ်"

"ရှင်"

ပန်းမှုံခင် ဆုတောင်းပြည့်ခဲ့ပြီလား…

ဆုတောင်းနှစ်ခုထဲက တစ်ခုပြည့်ခဲ့ပေမယ့်…

နောက်တစ်ခုကတော့…



www.burmeseclassic.com

www.burmeseclassic.com

## အခန်း၊ ၂၅၊

"စိုး ဘာတွေ စဉ်းစားနေတာလဲ"

မေမြတ်သုန္ဒဒီမှ ပခုံးလေးကိုကိုင်ပြီးမေးလိုက်တော့မှ အဝေးဆီသို့ ရောက်နေသော အတွေးလိပ်ပြာလေး ပြန်ရောက်လာသည်။

နှစ်ယောက်သား ဇဝရက်မှာ ထိုင်နေတာကြာနေပြီဖြစ်ပေမယ့် စကားမပြောဖြစ်ခဲ့။ မေမြတ်သုန္ဒဒီကို နေကမ္ဘာစိုးအားနာမိသည်။

နေကမ္ဘာစိုးအတွေးလိပ်ပြာက ပန်းမှုံခင်ဆီရောက်နေခြင်းပင်...

"ဆောရီး မေရာ... တို့ အတွေးလွန်သွားတယ်"

"စိုး နယ်ကပြန်ရောက်ကတည်းက စိတ်တွေ မလန်းသလိုပဲ နော်"

ခေါင်းလေးကိုညိတ်ပြလိုက်ပြီး ပြုံးပြလိုက်သည်။ ပြီးမှ...

"ဟုတ်တယ်မေ တို့စိတ်ထဲမှာ လူတစ်ယောက်ကို နှောက်ဆံ တင်းနေတယ်"

"ပန်းမှုံခင်လား"

နေကမ္ဘာစိုး မငြင်းပါဘူး။ ခေါင်းညိတ်ဝန်ခံလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မေမြတ်သုန္ဒရီ ခပ်ယဲ့ယဲ့လေးတော့ပြုံးရင်း ကော်ဖီခွက်ကို အကြောင်းမဲ့ ဖွန်းဖြင့်မွှေနေလေသည်။

ကိုယ်က ချစ်ရသည့်သူတစ်ယောက်မှာ တခြားတစ်ယောက်ပေါ်မှာ ခံစားနေသည်ကို စိတ်ထဲမှာ မကောင်းမိပေ…မိန်းကလေးသဘာဝအတိုင်း သဝန်တိုသလိုလို ဖြစ်ပေမယ့် နေကမ္ဘာစိုး နှင့်သူက ချစ်သူမှ မဟုတ်တာ…

"တို့ စိုးရိမ်တယ်ဆိုတာ အရောင်အဆင်းမရှိပါဘူး၊ ညီမလေးတစ်ယောက်လိုပါ…မေ…"

မေမြတ်သုန္ဒရီ၏ ညှိုးသွားသောမျက်နှာလေးကို ရိပ်မိသောကြောင့် စကားလေးကို အလျင်အမြန်ပြောလိုက်ရခြင်းဖြစ်သည်။

"သူ့ခမျာ အားကိုးအားထားရာ မရှိဘဲ ကျန်ရစ်ခဲ့တာမဟုတ်လား.."

"စိုးရယ် ရန်ကုန်ကိုပြန်ပြီးခေါ်လာရောပေါ့"

"ပထမတော့ မေပြောသလို စဉ်းစားမိတယ်၊ ဒါပေမယ့် ရန်ကုန်မှာ ခေါ်ထားဖို့ဆိုတာ ဘာမှ မပြင်ဆင်ရသေးဘူး…"

"မေ ဘာကူညီပေးရမလဲ ပြော"

"တို့ ပန်းမှုံခင်ကို ရန်ကုန်ကိုခေါ်လာပြီး သူ့အတွက် အခြေခံအလုပ်ကလေးနဲ့ နေဖို့ထိုင်ဖို့ကို စီစဉ်ပေးချင်တယ်"

"ဒါဆိုလည်းစိုးရယ် တွေဝေနေတယ်လို့ စီစဉ်လေ.."

"တို့က ရှေ့ရက်ဆိုရင် ပါရဂူသင်တန်းသွားရမှာဆိုတော့ စီစဉ်ဖို့သိပ်ပြီးမရှိတော့ဘူး"

"မေ့တာဝန်ထား"



www.burmeseclassic.com

www.burmeseclassic.com



မေမြတ်သုနန္ဒီထံမှ ကြားလိုက်ရသောစကားကြောင့် ပန်းမှုံခင်အတွက် ပူပန်နေရသော စိတ်ကလေး ဖိအားလျော့သွားသည်။

ချစ်သောသူ စိတ်ချမ်းသာတယ်ဆိုရင် ကိုယ်စိတ်ချမ်းသာသလိုပေါ့...။

"ကျေးဇူးတင်ပါတယ် မေရယ်"

"ကျေးဇူးတင်တယ်ဆိုရင် မကျူညီဘူး"

နှုတ်ခမ်းလေးကို တမင်စူပစ်လိုက်သည်။

"တို့နဲ့ပတ်သက်ပြီး တခြားတစ်ယောက်ကို မေကူညီ ပေးရလို့ပါ။ မတင်နဲ့ဆိုလည်း မတင်တော့ပါဘူး... စူနေတဲ့ နှုတ်ခမ်းကြီးကို ပြင်လိုက်ပါ.. လှလည်းမလှဘဲနဲ့"

မျက်နှာပြင်တွင် ကျနေသော ဆံပင်လေးကို ကပ်ပြီးမှုတ်ပေးလိုက်တော့မှ မေမြတ်သုနန္ဒီ စိတ်ပြေသွားဟန်ရှိသည်။

သူတို့နှစ်ယောက် ဒီလိုနှင့်အချိန်တော်တော်များများကို ဖြတ်သန်းခဲ့သည်မှာ ကာလရှည်တစ်ခုဖြစ်နေပြီမဟုတ်လား...

တစ်ယောက်နှင့်တစ်ယောက် ဘာမှ မဖြစ်ကြပေမယ့် မျက်လုံးချားစွာ၏ သတ်မှတ်ချက်တွေက ပုံသေထင်ဟပ်နေသည်။

"အိမ်မှာလည်း တကယ်စိတ်ညစ်စရာ..ဟင်း..."

ပြောလည်းပြော သက်ပြင်းလည်းချ...

"ဘာတွေ စိတ်ညစ်စရာဖြစ်နေလို့လဲမေ..."

"ဒယ်ဒီနဲ့ မာမီက လူကိုတွေ့တာနဲ့အိမ်ထောင်ပြုဖို့ပဲ ပြောနေတာ...ဒီမှာဖြင့် အိမ်ထောင်ပြုဖို့မပြောနဲ့...ရည်းစားတောင် ရှိတာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်လည်းမိဘပေးစားတာကို ယူလိုက်ပေါ့"

"ဟွန်း…မယူနိုင်ပေါင်"

နှာခေါင်းလေးရှုံ့ပြီး မေမြတ်သုန္ဒရီ ပြောဟန်က ကလေးငယ်တစ်ယောက်သဖွယ်…

"ဒါဖြင့်လည်း ရည်းစားရှာတော့လေ"

"ဒီအသက်အရွယ်နဲ့ ရည်းစားရှာရမှာလား တရားသူကြီးရှင့်"

"တို့ ရှာပေးမယ်ဆိုရင်ရော"

နေကမ္ဘာစိုးမျက်နှာကို မျက်တောင်မခတ်ဘဲစိုက်ကြည့်ကာ··

"စိုးကရော မေ့ကို အိမ်ထောင်ပြုစေချင်ပြီလား"

စကားသံက အက်ကွဲကွဲ…

"မေ စိတ်ညစ်နေတာကို အဖြေရှာတဲ့သဘောပါ"

အဖြေရှာစရာမလိုသည့်ကိစ္စ…နေကမ္ဘာစိုးနှုတ်ဖျားမှ ဖွင့်ပြောဖို့ပဲ လိုတာ…

"အချစ်ဆိုတာ စိုး ဘယ်လိုမြင်လဲ"

"အဲ…."

မေးလိုက်သောအမေးစကားကို နေကမ္ဘာစိုးမဖြေတတ်…

"ဖြေလေ စိုး"

"တို့မှ ချစ်သူမထားဘူးတာ·· မဖြေတတ်ဘူးမေ"

"စိုးလည်းတစ်သက်လုံးဒီလိုနဲ့ အဆုံးသတ်မှာလားဟင်"

"လူတစ်ယောက်အတွက် မဖြစ်မနေ စိတ်ထဲမှာ ချစ်သူတစ်ယောက်လောက်တော့ ထားဘူးရမယ်၊ ဒီတော့ ချစ်သူ တစ်ယောက်တော့ထားဦးမှပါ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီလား"

"အင်း…"

ခေါင်းညိတ်မှုပေါ်တွင် မေမြတ်သုဒ္ဓါ စိတ်ဝင်စားဆုံးကိစ္စ

နေကမ္ဘာစိုးရှာတွေသည့်ချစ်သူဟာ ဘယ်သူလဲဟုမေးချင်ပေမယ့် မမေးဝံ့…

ခေါင်းကိုငုံ့ပြီး လက်ကျန်ကော်ဖီကိုပဲ ကြည့်နေရင်း…

မြစ်ကမ်းနံဘေးမှာ ဆိုက်ကပ်ထားသော စက်သမ္ဗာန်တွေဆီကို မျက်လုံးလွှဲလိုက်သည်။ တစ်ဖက်သတ်အချစ်ဆိုသည်မှာ ခံရခက်တဲ့ ဝေဒနာတစ်မျိုး…

"မေ ဘယ်သူလဲဆိုတာ မမေးတော့ဘူးလား"

"စွက်ဖက်နေသလို ဖြစ်နေမှာ စိုးလို့ပါ"

နေကမ္ဘာစိုး ခပ်အုပ်အုပ်လေးရယ်လိုက်ပြီး

"သူငယ်ချင်းတစ်ယောက်ရဲ့ ချစ်သူကိုတော့ အကောင်းအဆိုး လေး ဝေခွဲသင့်တယ် မဟုတ်လား"

"မေတားရင် စိုးကနောက်ဆုတ်မှာလား"

"အင်း…"

"တကယ်ပြောတာလား"

"တကယ်ပေါ့…"

"ဒါဆိုဘယ်သူ့မှမချစ်နဲ့…ဒါပဲ"

မျက်နှာလေးကို တမင်ဟန်လုပ်ပြီးပြောလိုက်တော့…

"ဒီလောက်ကြီးလည်းမတင်းကျပ်နဲ့လေ"

"မရဘူး စိုးစကားအတိုင်းပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီး နေရာများမှားနေပြီလား…တရားခံရုံးရှေ့ က တရားခံတစ်ယောက်လို့သတ်မှတ်တာလား‥ပြောပါဦး"

"ဘာအခုမှ လျှော့ပေါ့ဖို့ပြောရတာလဲ…ခုနကတော့ တကယ်ဆို"

"ဟုတ်ပါတယ် ဒါပေမယ့် တစ်ယောက်ကိုတော့ ခြွင်းချက်ပေးပါ"

"အန်…."

မေမြတ်သုန္ဒရီမျက်လုံးလေးကိုပြူးလိုက်ပြီး…

"ဆရာဝန်ကြီးကလည်း ဘယ်နှစ်ယောက်ထားမှာမို့လို့ ခွင့်တောင်းနေရတာလဲ"

"တစ်ယောက်တည်းပါ"

"တစ်ယောက်မှ မချစ်ရဘူး"

"တစ်ယောက်တော့ ချစ်ပါရစေမေရယ်"

"ချစ်ကို မချစ်ရဘူး"

"ကောင်းပြီလေ မချစ်ရဘူးဆိုတော့လည်းမချစ်တော့ဘူး ဘယ်သူလဲဆိုတာ သိအောင် ပြောခဲ့မယ်"

"မပြောနဲ့…ဆို…မပြောနဲ့"

"နောက်တော့မှ နောင်တမရနဲ့နော်"

"အယ်…"

နေကမ္ဘာစိုးစကားက ဘယ်လိုအဓိပ္ပာယ်မျိုးလဲ…

နောင်တဆိုတာ ဘာကိုပြောတာပါလိမ့်…

"ပြန်ကြရအောင် သင်တန်းကိစ္စအတွက်အိမ်မှာ စီစဉ်စရာ ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ စီစဉ်ရဦးမယ်"

နှစ်ယောက်အတူတူ ဆိုင်အပြင်သို့ထွက်လာခဲ့ရင်း… ရပ်ထားသည့်ကားနားသို့မရောက်မီ…

"မေ…"

ခေါ်သံလေးက လေပြေလေညင်း…

မထူးဘဲ ဆက်ပြောမည့် စကားလေးကို မျက်လုံးလေးဖြင့် အဖြေပေးလိုက်သည်။

"တို့…မေကို ချစ်တယ်"

"ရှင်…"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၆

ပန်းမှုံခင်ဘဝလေးက သာယာသော နေ့ရက်များကို စတင်လေသည်။

မွေးပြီး (၃)ရက်တည်းက ခွဲခွာခဲ့ရသော မိခင်ရင်ခွင်ရိပ်ထဲကိုလည်း ပန်းမှုံခင်ပြန်ပြီးရောက်ရှိနေခဲ့ရပြီ..

အခုဆို အမေတစ်ယောက် သူမ၏ပေကျံနေသော အညစ်အကြေးတွေကိုတောင်ဆေးကြောနေပြီဖြစ်၍ ပန်းမှုံခင် ပိုပြီး ကြည်နူးမိသည်။

အမေဟာ တစ်ချိန်က ဘာတွေ ဖြစ်ခဲ့ပါစေ အမေဟာ အမေပါပဲ...

သမီးပေါ်မှာ တာဝန်မကျေခဲ့သည့် မိခင်တစ်ယောက်အတွက် ဘဝ၏ နောက်ဆုံးချိန်ထိ တာဝန်ကျေသော မိခင်ကောင်းဘဝနှင့်ဖြည့်ဆည်းဖို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်သည်။

စီစီသော်သိမ့်ရှာဖွေခဲ့သော ငွေကြေးတွေနှင့် ဈေးထဲတွင် ဆိုင်ကလေးတစ်ဆိုင်ဝယ်မည်။ ပြီးရင် အထည်နှင့်တခြားလူအသုံး



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ပစ္စည်းများ ရောင်းရန် သမီးနှင့်တိုင်ပင်ခဲ့ပြီးပြီ…

သမီးလေး ရောက်လာပြီး တစ်ပတ်ပြည့်သည့်နေ့မှာပဲ ဒီဆုံးဖြတ်ချက်ကို စီစီသော်သိမ့်ခိုင်မာစွာချခဲ့ခြင်းပင်…

"သမီးရေ ပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီ…အမေ"

စိတ်ကျန်းမာရေးဆေးရုံတွင် တက်နေသော မြဂုဏ်တင့်တင့်ထံသို့ အမေသွားပြီးထမင်းပို့ရန်ဖြစ်သည်။

ငယ်သူငယ်ချင်းတွေဆိုတော့လည်း တစ်ယောက်ပေါ်တစ်ယောက် သံယောဇဉ်က ဘယ်လိုလုပ်ပြီးဖြတ်နိုင်မှာလဲ··

မှားခဲ့ကြသော အတိတ်တ်ဟာ နှစ်ယောက်လုံး မမှန်သော အတိတ်တစ်ခု… ခုတော့ အမေလည်း မှန်ကန်သောအလင်း ရောင်လမ်းပေါ်ကို ရောက်နေပြီဖြစ်သလို… မြဂုဏ်တင့်တင့်လည်း စိတ်ဝေဒနာသည်မှ လူကောင်းဘဝသို့ရောက်နေပြီ ဖြစ်သည်။

"မေမေ…အမေတင့်တင့်ရဲ့ ကျန်းမာရေးကောင်းလား"

ငါးဆင့်ချိုင့်လေးကို အံကျအောင်တပ်နေရင်း လှမ်းပြီးမေးတော့…

"ကောင်းပါတယ် သမီးရယ် ဒါပေမဲ့…"

"ဒါပေမဲ့ ဘာဖြစ်လဲ မေမေ"

"သူမှာ နေစရာမရှိဘူး သမီး"

"ဟင်…အိမ်နဲ့ ခြံတွေရော"

"အကြွေးနဲ့ ဆုံးပြီလေ"

ပန်းမှုံခင် ဖါးစပ်လေးကို လက်နှင့်အုပ်ပြီး အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ မြဂုဏ်တင့်တင့် ဒီလောက်ထိမိုက်ခဲ့တာကို···

"ယောကျာ်းကလည်း ဖောက်ပြန်၊ မိန်းမဖြစ်တဲ့သူကလည်း ဖောက်ပြန်ကြတော့ ဘဝပျက်တာ သိပ်ပြီးမဆန်းပါဘူး··"

"အမေဦးကျော်ဇောကရော"

"ဒင်းလည်း သူ့ညီမတစ်ယောက်ရဲ့ အိမ်မှာ ကပ်ပြီးနေရတယ်၊ ဟိုက မသဒ္ဓါ ရေစာကို စားနေရတဲ့ဘဝကိုရောက်နေ ရပြီ"

အမိုက်ဇာတ်၏ အဆုံးသတ်က ကြားရတာကိုမကောင်း··· ပန်းမှုံခင်ပေါ်မှာ မကောင်းခဲ့ကြပေမယ့် ခုလို သတင်းဆိုးတွေကို ကြားရပြန်တော့လည်းစိတ်မကောင်း···

"အမေကတော့ ရှင်းတယ် တင့်တင့်ကိုတော့ အိမ်ပေါ်မှာ ခေါ်ထားချင်ခေါ်ထားမယ်၊ ဟိုတဏှာကောင်ကိုတော့ မေတ္တာ မရှိဘူး"

စီစီသော်သိမ့် ထမီကိုပြင်ဝတ်ပြီး အပေါ်အင်္ကျီစကိုဆွဲချကာ ထမင်းချိုင့်ကိုယူပြီးအပြင်သို့ထွက်ခဲ့သည်။

"သမီး မေမေ ချက်ချင်းပြန်လာမယ် သိလား၊ ဈေးထဲက လူတွေလာရင် အမေ ညနေမှပြန်လာမယ်လို့ ပြောလိုက်"

"ဟုတ်ကဲ့"

အမေ့ကိုခြံဝထိလိုက်ပို့ပေးပြီး အိမ်ထဲသို့ပြန်ပြီးဝင်ခဲ့သည်။

ပန်းမှုံခင် ခုလိုဘဝလေးအေးအေးချမ်းချမ်းရှိနေချိန်မှာ ကြီးကြီးမေကို မြင်စေချင်လိုက်တာ··· ကြီးကြီးမေ ဘယ်ဘဝ ကိုရောက်နေသလဲ··ပြီးတော့ ဒေါက်တာကိုကို··· ဆေးရုံကနေ တာဝန်ပြီးဆုံးလို့ ပြန်မည့်ညက သူ့ကို စိတ်မချနိုင်သည့်စကားတွေ မျက်လုံးတွေသည် ပန်းမှုံခင် အမှတ်ရဆုံးကိစ္စလေးတွေပင်·· အလွမ်းတွေ၏ အခင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ပန်းမှုံခင်ဆိုသည့် ကောင်မလေးတစ်ယောက်ကို သတိမှရပါ့ မလား…ဒီကဖြင့် သတိတွေရလို့…

တကယ်ဆို‥ဒါဟာ ပန်းမှုံခင်စိတ်ကူးတွေနှင့်အိပ်မက်တွေ ပါ…

"တီ တီ တီ"

ကားဟွန်းသံက ခြံဝတံခါးတွင် ပွက်လောရိုက်နေသည်။

အဝတ်အစားတွေချွတ်ပြီး ရေချိုးခန်းထဲသို့ ဝင်ဖို့ပြင်ချိန်မှ ကားဟွန်းသံကြောင့် တဘက်လေးကို ပတ်ပြီးအိမ်အပြင် သို့ထွက်ခဲ့ရသည်…

"ဟင်…မင်း"

လကမ္ဘာစိုး…ရီဝေပြီးမှုးနေသည့် မျက်လုံးတွေတောင် ပြေလျော့သွားသည်။ သူတောင့်တနေသော ကောင်မလေးကို မထင်မှတ်ဘဲ တွေ့လိုက်ရခြင်းကြောင့်…

"ဟင်‥စီစီသော်သိမ့်နဲ့ဘယ်လိုပတ်သက်နေလဲ"

စီစီသော်သိမ့်…လုပ်ကိုင်စားဖို့အတွက် လက်သတ်မွေးများသည့်သူလား… အများဆုံးဖြစ်နိုင်သည်။ စီစီသော်သိမ့်အနေဖြင့် သူ့အရွယ်နှင့်ရှေ့ဆက်ပြီး လုပ်ကိုင်စားဖို့က မဟန်တော့ ခုလို မင်းကြိုက်စိုးကြိုက်လေးတွေကို မွေးမြူလုပ်ကိုင်စားသောက်မှာ ဖြစ်သည်။

ပန်းမှုံခင် ကားပေါ်မှလူကို မြင်ဘူးဟန်ရှိနေသည်။

ခြံတံခါးကို ချက်ချင်းမဖွင့်သေးဘဲ အတန်ကြာအောင် စဉ်းစားပြီး…

"ဪ"

လက်ညှိုးလေးကို သွားဖြင့် ကိုက်ပြီး တွေးကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ကြီးကြီးမေကို ကယ်တင်ခဲ့သည့် ကျေးဇူးရှင်…

"မင်းက ဒီကို ဘယ်တုန်းက ရောက်နေတာလဲ"

"တစ်ပတ်လောက်ရှိပါပြီ"

"ဪ…ငါ..နယ်ဘက်ကိုသွားနေတုန်းကိုး…"

မေမေနှင့်ဘယ်လိုပတ်သက်သလဲဆိုတာတော့ ပန်းမှုံခင် မသိ။ မေမေဆီလာသည့်ဧည့်သည်ဖြစ်သလို ပန်းမှုံခင်ကို ကယ်ခဲ့ဘူးသော ကျေးဇူးရှင်ဖြစ်တာမို့ အိမ်ထဲတွင်ဧည့်ခံထားသည်။

"မင်းနဲ့ ဒေါ်စီစီသော်သိမ့်နဲ့ ဘယ်လို ပတ်သက်လဲ"

"ဒေါ်စီစီက မုံ့အမေပါ"

"ဘာ…"

လကမ္ဘာစိုး…ထင်ထားသောအတွေးတွေက တလွဲတချော်…

စီစီသော်သိမ့်၏သမီးဖြစ်နေခြင်းသည် ဆုံစည်းနိုင်ဖို့အတွက် အပျက်တရားတစ်ခုပင်…

လကမ္ဘာစိုးရှေ့တွင် ထမီရင်ရှားလေးကို တင်းတင်းကလေး ဝတ်ထားပေမယ့် ထဘီမှာ ဒူးတွင်ရှိနေသဖြင့် ပန်းမှုံခင်၏ ဖြူဖွေး စွင့်နေသော ခြေသလုံးသားလေးတွေကို အထင်းသားမြင်တွေ့ နေရသည်။

တဘက်ကလေးခြုံထားပေမယ့် ပေါ်လွင်နေသော လက်မောင်းသားလေးတွေက အိစွင့်နေသလို မျက်ဝန်းနက်လေးနှင့် နှုတ်ခမ်းပါးပါးလေးက လကမ္ဘာစိုးရဲ့စိတ်တွေကို အပြင်းထန်ဆုံး နှိုးဆွနေသလား..

"အစ်ကို အမေ့ကို စောင့်ဦးမှာလား"

"မစောင့်တော့ဘူး…လကမ္ဘာစိုး လာသွားတယ်လို့ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ…ကိစ္စတစ်ခုရှိလို့…စီးပွားရေးကိစ္စ…မနက်ဖြန်ကျရင် ဖုန်းဆက်မယ်လို့"

"ဟုတ်ကဲ့"

လကမ္ဘာစိုး အကြံတစ်ခု ခေါင်းထဲဝင်လာသည်။ ထိုအကြံသည် ပန်းမှုံခင်အတွက် ကြောက်မက်ဖွယ် ကောင်းသောအကြံပင်…။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း၊ ၂၇၊

လကမ္ဘာစိုး ချိန်းသောနေရာကို စီစီ မသွားချင်…

သမီးလေးကို သူ့ဘဝထဲတွင် ပြန်ပြီးလက်ခံလိုက်ကတည်းက သမီးလေး ဝမ်းနည်းစရာ စိတ်မကောင်းစရာ ဖြစ်စေမည့် ကိစ္စတွေကို စီစီရှောင်ချင်သည်။

ဒါပေမယ့် ဆိုင်ခန်းဝယ်ဖို့နှင့်အရင်းအနှီးလုပ်ဖို့အတွက် ငွေက လိုနေသေးသောကြောင့် လကမ္ဘာစိုးဆိုသည့် ချာတိတ်လေးကို နောက်ဆုံးပစ်မှတ်အဖြစ် သဘောထားပြီးအသုံးချရတော့မည်။

ချိန်းဆိုထားသော ဆိုင်ကိုရောက်တော့ လကမ္ဘာစိုး မရောက်သေး…။

"မမ‥ရောက်ပြီလား…"

အသားနီစပ်စပ်နှင့်လူတစ်ယောက်က မီမီထိုင်နေသော ဝိုင်း တွင် ဝင်ထိုင်ပြီးမေးလိုက်သောကြောင့်…

"ဘာကိစ္စလဲ လာပြီးရောတာလား…"

"ဟာ…မဟုတ်ပါဘူး…"



www.burmeseclassic.com

www.burmeseclassic.com



"လကမ္ဘာစိုး မှာထားလို့ပါ"

"ဘာလဲ...ပြော"

စကားကို တိုတိုနှင့်ရှင်းရှင်းပဲပြောပြီး ခံတွင်းချဉ်သောကြောင့် ဆေးလိပ်သောက်ချင်စိတ်ပေါ်လာသည်။

သမီးဖြစ်သူက မသောက်ဖို့ မေတ္တာရပ်ခံထားသောကြောင့် စီစီ သိပ်ကြိုက်သော စီးကရက်ကိုပါ ဖြတ်ဖို့ဆုံးဖြတ်ထားပေမယ့် ချက် ချင်းကြီးကျတော့ မလွယ်..

"သူက ဘယ်ကိုသွားနေတာလဲ"

"သင်္ဘောသားရုံးကိုပါ..နည်းနည်းနောက်ကျမယ်တဲ့.. မမ စောင့်နေပေးပါတဲ့..."

"ကောင်းပြီ.. မင်းမှာ စီးကရက်ပါလား"

"မပါဘူး မမသောက်ချင်ရင် သွားဝယ်ပေးမယ်"

"ဒါဆို တစ်ဘူးလောက်ဝယ်ပေးကွာ.."

လကမ္ဘာစိုးနှင့်ရွယ်တူလောက်ရှိမည့် ချာတိတ်ကလေး ဆိုင် ကောင်တာတွင် စီးကရက်တစ်ဘူး ဝယ်ယူလာပြီးပေးလေသည်။

"မီးခြစ်လိုသေးလား"

ခေါင်းကိုညိတ်ပြီး စီးကရက်ဘူးကို ဖောက်လိုက်သည်။

ချာတိတ်က မီးခြစ်ပါ ယူလာပေးသောကြောင့် စီးကရက်ကို အငမ်းမရ ရှိုက်ဖွာလိုက်သည်။ မသောက်တာကြာလို့ ခေါင်းထဲတွင် နူးဝေဝေတောင်ဖြစ်သွားသည်။

ချိန်းဆိုထားသော စားသောက်ဆိုင်က စားသောက်သူ သိပ်ပြီး မရှိလှပေ။ ဒီဆိုင်က လောင်းကစားနှင့် မကောင်းမှုတွေကို ချိန်းဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်သော ဆိုင်တစ်ဆိုင်…ထိုအချိန်တွင်ဆိုင်ထဲသို့ အသက်ခပ်ငယ်ငယ်ကောင်မလေး နှစ်ယောက်ဝင်လာသည်။ လှမ်းကြည့်လိုက်တော့ ယောကျ်ားသားများကို တမင်မြူဆွယ်ရန် ဝတ်ထားသည့် ဝတ်ဆင်မှု…

စကပ်အကွဲက ပေါင်းရင်းထိ အပေါ်အင်္ကျီလည်ဟိုက်က ရင်သားတွေကို အတိုင်းသား ဖော်ပြလို့…

နောက်တစ်ယောက်ကလည်း စကပ်ကပေါင်းရင်းထိရောက်လုလု‥အပေါ်ဝတ်အင်္ကျီကျတော့ ပါးလွှာပြီး ကိုယ်အထင်သား

ကောင်မလေးတွေ အသက်အရွယ်သည် သမီးလေး ပန်းမှုံခင်နဲ့ သက်တူရွယ်တူ… စီစီ သမီးလေးဒီလို ဘဝမျိုးကို မရောက်တာကို ကံကောင်းရမည်ဟု ဆိုရမည်။

"ဟူး…"

လကမ္ဘာစိုးကိုစောင့်ရင် စိတ်က သိပ်ပြီးမရှည်ချင်…

စောင့်နေတာတစ်နာရီနီးပါးရှိနေလေပြီ‥ ပေါ်မလာ‥

"ခဏလေးနော် မမ ကျွန်တော်ဖုန်းဆက်လိုက်ဦးမယ်"

စီစီ စိတ်မရှည်သည်ကို သဘောပေါက်သွားဟန်ရှိသည့် ချာတိတ်က ဆိုင်ကောင်တာမှာသွားပြီး ဖုန်းဆက်ပြီးပြန်လာ တော့‥

"သူအခုပဲ ရောက်လာမယ်တဲ့…"

(၁၀)မိနစ်လောက်ကြာတော့ လကမ္ဘာစိုးရောက်လာသည်။

"ဆောရီး…မမ"

"ရပါတယ်"

အဖော်စောင့်ပေးသည့် ချာတိတ် စီစီကိုနှုတ်ဆက်ပြီးထွက်သွားတော့မှ…



www.burmeseclassic.com

www.burmeseclassic.com



"ဘဏ်မှာငွေဝင်ပြီးထုတ်နေလို့ပါ"

ဘဏ်ကထုတ်လာသောငွေထုပ်ကို စီစီသော်သိမ့်ရှေ့မှာ တမင်ချထားခြင်းဖြစ်၏။

"မင်း ငါ့ကိုတွေ့ချင်တဲ့ကိစ္စ..."

လကမ္ဘာစိုးက စကားကို ချက်ချင်းမပြောသေးဘဲ မှာထားသည့်အရက်ခွက်ထဲကို အအေးစပ်နေသည်။

"မမ ငွေလိုလို့ဆို"

"ဟုတ်တယ်"

အရက်ခွက်ထဲတွင် စပ်ထားမှု အဆင်ပြေသွားပြီဖြစ်၍ မော့သောက်လိုက်ပြီး....

"မမ ဆီကတောင်းဆိုစရာ တစ်ခုရှိတယ်"

"မင်းပြောကြည့်လေ...မင်းနဲ့အတူနေပေးဖို့လား အိမ်မှာ ဆိုရင်တော့ ဆောရီးနော်"

"မမ ပြောနေတာ တစ်ခုမှ မဟုတ်ဘူး"

"ဒါဆို မင်းတောင်းဆိုချင်တာက..."

"အင်း ပြောရရင် မိဘဖြစ်သူကို မင်္ဂလာကိစ္စ တောင်းဆိုချင်လို့"

"ဘာ..."

စီစီနှင့်လကမ္ဘာစိုးကြားတွင် မင်္ဂလာကိစ္စဆိုတာ အဆန်းတကြယ်ကိစ္စ....

"မမ သမီး ပန်းမွှံခင်ကို ကျွန်တော်စုံမက်တယ်"

"မင်းဘာပြောလိုက်တယ် လကမ္ဘာစိုး"

"ကျွန်တော် ကောင်းကောင်းမွန်မွန် လက်ထပ်ယူမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ကွာ…မင်း…"

စီစီအော်သံက နည်းနည်း ကျယ်လောင်သလိုဖြစ်သွားသည်။

"အဲ့ဒါဖို့ကောင်းလိုက်တာ‥အမေနဲ့လည်းမကင်းမရှင်း ဖြစ်ခဲ့ပြီး သမီးကိုပါ မင်းက ပတ်သက်ချင်တယ်ဆိုတော့ ထုံးစံ မဟုတ်တဲ့စကား ပဲ လကမ္ဘာစိုး… ငါဟာ သမီးပေါ်မှာ တာဝန်မကျေခဲ့ပေမယ့် ခုလို သွေးသားဆက်ဆံရေးမှာတော့ လက်မခံဘူး‥ အမေ့လင်ဟာ သမီး လင်မဖြစ်စေရဘူး‥"

"မမနဲ့ ကျွန်တော်က လင်မယားမှ မဟုတ်တာ"

"ဟုတ်တယ် မင်းနဲ့ငါ လင်မယားတော့ မဟုတ်ဘူး၊ ဒါပေ မယ့် အတူတူအိပ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်လေ"

"ဒါတွေကို မမမေ့လိုက်ရင်…မမအတွက် ငွေလိုသလောက် သုံးခွင့်ပြုမယ်"

လက်ကြားမှ ကုန်လုလုစီးကရက်ကို ဆေးလိပ်ခွက်ထဲသို့ ထိုး ချေပြီး ရယ်လိုက်သည်။

"မင်းဆီကငွေဟာ ငါ့ရဲ့ ခန္ဓာကိုယ်အတွက်ဆိုရင်တော့ ယူပြီး သုံးလိုက်မယ်…ငါ့ရင်သွေးအတွက် ကုဋေချီပြီးပေးလည်း ငါ သဘော မတူနိုင်ဘူးကွာ‥ ငါတို့ မြန်မာ့ဓလေ့နဲ့ အရမ်းဆန့်ကျင်တဲ့ကိစ္စကို ငါလက်မခံဘူး‥"

"ခက်နေပြန်ပြီ…ယဉ်ကျေးမှုတွေ ရိုးရာတွေကို ကျောက်စာ ထိုးမနေစမ်းပါနဲ့ဗျာ‥ အနောက်နိုင်ငံမှာ ဒါမျိုးတွေက ဘာမှ မဆန်း ကြယ်ဘူး…"

"ဒါ… မြန်မာပြည်ကွ‥ သမက်နေရာမှာ မင်းနေခွင့်ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူဆိုရင် ယောက္ခမဖြစ်တဲ့သူကို မိဘလို ကိုးကွယ်ရတယ်.. ခုဟာက မအေနဲ့လည်းအိပ်၊ သမီးနဲ့လည်းအိပ်မယ့်ကိစ္စကို ငါက ကြည်ဖြူရမလား.."

လကမ္ဘာစိုး.. ပါးစပ်ထဲသို့ အရက်က (၂)ခွက်မြောက်ဝင် သွားသလို စကားတွေက လေးလံသဖွယ်ဖြစ်လာသည်။

လကမ္ဘာစိုး ....သဘောပေါက်လိုက်သည်က စီစီသော်သိမ့်နှင့် ဆက်ပြီး ဆွေးနွေးလို့မရနိုင်ဘူးဆိုသည်ပင်ဖြစ်သည်။

ရှိးရှိးလေးမရရင် ဆန်းပြားမှုလေးနှင့် ပန်းမှုံခင်ကို သိမ်းပိုက်ဖို့ပင်ရှိတော့သည်။

ပန်းမှုံခင် အပေါ်မှာ လကမ္ဘာစိုး. စွဲလမ်းမှုသည်. ပိုင်ဆိုင်ခြင်း တစ်ခုကလွဲပြီး စွန့်လွှတ်ဖို့မရှိ...

"ကျွန်တော် သဘောပေါက်ပြီမမ.. ပန်းမှုံခင်နဲ့ပတ်သက်ပြီး မမနဲ့ကျွန်တော် ဆွေးနွေးဖို့မရှိတော့ပါဘူး.. မမငွေလိုအပ် သလောက်ပြောပါ..."

စီစီသော်သိမ့်..လကမ္ဘာစိုးဆီမှ ငွေကို မလိုချင်တော့ပေ..

"ကျေးဇူးတင်တယ် လကမ္ဘာစိုး.. ငါ့အတွက် ငွေမလိုအပ်တော့ဘူး..."



www.burmeseclassic.com

www.burmeseclassic.com

## အခန်း၊ ၂၈၊

စီစီသော်သိမ့် ပဲခူးက မိတ်ဆွေတစ်ယောက်ဆီမှာ ငွေ ခဏ လှည့်ရန် ထွက်ခဲ့သည်။ အိမ်မှာ ပန်းမှုံခင်တစ်ယောက် သာကျန်နေ သည်။

အချိန်က ညနေစောင်းလို့ မှောင်စပျိုးနေပြီ…အမေ့ကို အိမ် ပေါက်ဝမှလှမ်းပြီးမျှော်ရင်း ကောင်းကင်ကိုမော့ကြည့်လိုက် တော့ တိမ်ညိုတွေက မြောက်ဘက်ဆီမှ အုပ်ဆိုင်းလို့ မိုးရွာတော့ မည်…။

အိမ်ထဲကိုပြန်ဝင်ပြီး မပိတ်ရသေးသော တံခါးတွေကို လိုက် ပြီးပိတ်ချိန်မှာပဲ မိုးက သည်းသည်းမဲမဲ ရွာချလိုက်သည်။

"တီ…"

ခြံဝမှ ကားဟွန်းသံကိုကြားလိုက်ရတော့ မေမေ ပြန်လာပြီထင် ကာ ထီးကလေးယူပြီးထွက်လာခဲ့ပြီးအနားရောက်တော့မှ မေမေမဟုတ် လကမ္ဘာစိုးရဲ့ ကားလေးဖြစ်နေသည်။

"မေမေမရှိဘူး ကိုလကမ္ဘာစိုး"

"တို့သိတယ် ပဲခူးသွားတယ် မဟုတ်လား၊ တို့နဲ့ ကိစ္စလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုချိန်းထားလို့လာခဲ့တာ"

"ဪ....ဟုတ်ကဲ့"

တစ်ချိန်က ကယ်ခဲ့ဘူးသော ကျေးဇူးရှင်တစ်ယောက်မို့သာ အိမ်ထဲကို ဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ တခြားသူဆိုရင်တော့ ပန်းမှုံခင် တံခါးဖွင့်ပေးမှာမဟုတ်...

အိမ်မှာကသူ တစ်ယောက်တည်း...မသင့်သည့်ကိစ္စ...

ထီးကလေးပိတ်ပြီး အိမ်ရှေ့မှာ ထောင်ကာ ရှေ့မှဝင်ခဲ့ရင်း နောက်မှ လကမ္ဘာစိုးလိုက်ပြီးဝင်ခဲ့သည်။

"ဂျိုင်း..."

အိမ်ရှေ့တံခါးပိတ်သံကြောင့် လှမ်းအကြည့်...လကမ္ဘာစိုး တံခါးသော့ကိုပါ ခတ်နေသောကြောင့်...

"ကိုလကမ္ဘာစိုး ဘာလုပ်တာလဲ၊ တံခါးဖွင့်ထားလေ... အမေ မှမရောက်သေးတာ..သော့မခတ်ပါနဲ့"

ပန်းမှုံခင်စကားကို သိပ်ပြီး ဂရုမပြုသလိုလုပ်ပြီး နီမြန်းနေသည့် မျက်လုံးအစုံဖြင့်ကြည့်နေလေသည်။ ပြီးမှ ပန်းမှုံခင်အနားကို ကပ်လာသည်။

"ကို လကမ္ဘာစိုး"

နောက်ကိုဆုတ်ရင်း ပြတင်းပေါက်ဘေးနံရံကို ကျောရောက် သွားသည်။

"မင်းကို စကားပြောချင်တယ်"

"ဒါဆို ဧည့်ခန်းမှာ ပြောပါ"

"ဒီမှာပဲရပ်ပြီး ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အရက်နံ့တွေက နှာခေါင်းမခံနိုင်အောင်…

ပန်းမှုံခင်နှင့်အနီးကပ်ဆုံးရှေ့တွင် ရပ်လိုက်သောကြောင့် ဘေးကို ထွက်မယ်အပြု….

"အို"

ပန်းမှုံခင်…ခါးလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး ရင်ခွင်ထဲသို့ အတင်းဆွဲသွင်းသည်။

"မင်းကိုငါ ပထမဦးဆုံးစတွေ့ကတည်းကချစ်ခဲ့တာ… မင်း ဘယ်မှာ နေတယ်ဆိုတာကိုစုံစမ်းလို့မရလို့ပါ"

"လွှတ်…လွှတ်ပါ"

"ငါ မင်းကို မစွန့်လွှတ်နိုင်ဘူး"

"အမေ…ရေ…အမေ"

အမေ့ကို ခေါ်မိသည်။ အင်အားချင်းမမျှသဖြင့် လကမ္ဘာစိုး ရင်ခွင်ထဲမှ ရုန်းထွက်လို့မရနိုင်…လက်သည်းတွေနဲ့ လကမ္ဘာစိုးကို ကုပ်ခြစ်ပေမယ့် အရာမရောက်‥လကမ္ဘာစိုး ဝတ်ထားတဲ့ ဂျင်း ဂျာကင်က အထူကိုး‥

"ရှင် အမေကို ပြောပါ….ဒီလိုမလုပ်ပါနဲ့…နော်…ကျွန်မ တောင်းပန်ပါတယ်"

"မင်းအမေနဲ့ ဘာမှ ဆွေးနွေးလို့မရလို့ ပွဲသိမ်းကြံရတာ၊ ပဲခူးက နေပြန်လာဖို့ မလွယ်ဘူး၊ မင်းအမေ ပိုက်ဆံသွားပြီး ချေးတဲ့လူက ငါ့လူလေ…သူက‥ဒီညတော့ အချိန်ဆွဲထားမှာ"

"ကလင်…ကလင်…"

တယ်လီဖုန်းဆီမှအသံမြည်နေသည်။ အမေ့ဆီက ဖြစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းကိုင်ခွင့်မပေး ....

မိုးကလည်းအပြင်မှာ သည်းကြီးမည်းကြီး...အိမ်ထဲမှ အော်လည်း ဘာမှထူးမှာမဟုတ်...

"အွန့်...အီး..."

နှုတ်ခမ်းဆီသို့ ရောက်နေသည့်လကမ္ဘာစိုး နှုတ်ခမ်းကို ခေါင်းလွဲရှောင်ပေမယ့် ညအိပ်ခါနီး ဝတ်ထားသည့် ရှန်သား အကျီလေး၏ ကြယ်သီးတွေက ပြုတ်ထွက်နေလေပြီ...

လကမ္ဘာစိုး သိုင်းဖက်ထားသော လက်အောက်မှ ပန်းမှုံခင် လက်ကလေး ပြတင်းပေါက်ဆီသို ဆွဲမိဆွဲရာ ဆွဲတော့

ညနေကခြံထဲတွင် ပန်းအိုးတွေကို မြေဆွခဲ့သော ခက်ရင်းကို ပြတင်းပေါက်ပေါ်မှာ မေ့ပြီး တင်ထားသောကြောင့် ဆွဲကိုင် မိသွား သည်။

လကမ္ဘာစိုး...နံရံတွင်သူ့ကိုကပ်ပြီး ပြုတ်နေသော ကြယ်သီး တွေမှတစ်ဆင့်တက်မည်အပြု...

"ဖွတ်..."

"အား..."

ပန်းမှုံခင်လက်ထဲမှ ခက်ရင်းအချွန်သည် လကမ္ဘာစိုး ဗိုက်ဆီသို့ စိုက်ဝင်သွားတော့သည်။

"မင်း...မင်း...ငါ့ကို...."

ဗိုက်တွင်စိုက်နေသော ခက်ရင်းကိုဆွဲနှုတ်ပြီး ပန်းမှုံခင်ကို ရန်ပြု မည်အလုပ် ဆောင့်ပြီးတွန်းလိုက်တော့ လကမ္ဘာစိုးကိုင်ထားသော ခက်ရင်းအချွန်က သူ့ရင်ဝကိုပြန်စိုက်ပြီး ကြမ်းပြင်ပေါ်တွင် မလှုပ်



www.burmeseclassic.com

www.burmeseclassic.com



တော့မေ…

"မေ…မေ…မေမေ…"

ကြမ်းပြင်ပေါ်တွင် သွေးတွေက ရေစီးကြောင်းပမာ စီးနေ လေပြီ။ ဝေဒနာကိုပြင်းပြင်းထန်ထန်ခံစားပြီး သေဆုံးနေသော လကမ္ဘာစိုးကို ပန်းမှုံခင်ကြည့်ရင်း ပိတ်ထားသော အိမ်တံခါး ဝကိုပြေးထွက်သွားသည်။ တံခါးသော့က ဘယ်မှာထားမှန်း မသိသောကြောင့် အနောက်ကို ပြန်ပြီး လှည့်ကြည့်မိတော့ လကမ္ဘာစိုး အလောင်းကြီးမှာ သွေးပျက် ချောက်ချားစရာ…

မိုးခြိမ်းသံလျှပ်စီးလက်သံတွေက…သည်းခြေပျက် မတတ်…

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

"အမေ အမေ သမီးကို ကယ်ပါ…ဟား…ဟား…ဟား လူယုတ်မာတွေ ငါ့နားကို မလာကြနဲ့…ခုတော့ ဘာတတ်နိုင် သေးလဲ·· သေပြီ သေပြီ··ပျော်လိုက်တာ တူပို့ တူပို့"

"ဟီး အီး··အီး…မေမေရယ် သမီးကို မထားခဲ့ပါနဲ့နော်… သမီးကြောက်တယ်၊ မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် နို့စို့ မယ်၊ ဖေဖေလာရင် ကပြခိုင်းရမယ်၊ အဲ··ငါ့မှာ ဖေဖေမှမရှိတာပဲ အီး…အီး…"

BURMESE CLASSIC

အခန်း၏ သံတိုင်အထဲတွင် ငိုလိုက် ရယ်လိုက် ကခုန်လိုက် နှင့် အမေဖြစ်သူကို တမ်းတနေသည့် ပန်းမှုံခင်…

ပန်းမှုံခင်၏ ဘဝကို ရမ္မက်သားကောင်ဘဝက လွတ်မြောက် ခဲ့ပေမယ့်…

စိတ်နုနယ်တဲ့ မိန်းကလေးတစ်ယောက်အတွက် သွေးအလူးလူး ဖြင့် သေဆုံးနေသည့် အလောင်းဘေးတွင် စိတ်ချောက်ချားခြင်း တို့ကြောင့် ခုလို စိတ္တဇဝေဒနာသည်လေးဘဝကိုရောက်ခဲ့ရပြီလေ··

"သမီးလေးရယ် အဖြစ်ဆိုးလှချည်လား"

စိစိသော်သိမ့် ဘယ်လိုမှ ဖြေသိမ့်လို့ မရနိုင်သော မြင်ကွင်း ··။

လောကကြီးတွင် လူသားတွေ အလိုရမ္မက် ကြီးမားမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ရသော သမီးလေး ပန်းမှုံခင်၏အနာဂတ်သည် ရင်နင့်ဖွယ်ကောင်းလှသည်။

"သမီး…သမီးလေး"

"ဘာ…သမီးလေးလည်း… ခုမှလာပြီး မခေါ်နဲ့…ပစ်ထားတုန်းက ပစ်ထားပြီး…ဟင်း…ခုမှသမီးတဲ့ ရယ်ဖို့ ကောင်းလိုက်တာ ဟားဟား…"

နေကမ္ဘာစိုး…စီစီသော်၏မှ လက်မောင်းလေးကို ဆုပ်ကိုင်ပြီး‥

"ခုချိန်မှာ ပန်းမှုံရဲ့ ဝေဒနာဟာ အမြင့်ဆုံးကို ရောက်နေတယ် နောက်တော့ သူ့ဘဝမှန်ကို ရောက်သွားမှာပါ"

ဖခင်ဖြစ်သူ၏ ရက်စက်ခြင်းကြောင့် ဒုက္ခနှင့်ကြုံခဲ့ရသည့် ပန်းမှုံခင်…ခု ညီဖြစ်သူ၏ယုတ်မာမှုကြောင့် အရူးမလေးဖြစ်နေပြန်ပြီ…အခန်းနံရံထောင့်မှာ ကြောက်ရွံ့နေသော မျက်နှာလေးဖြင့် ထိုင်နေသော ပန်းမှုံခင်ကို နေကမ္ဘာစိုးလှမ်းကြည့် ပြီး…

ရင်မှာ ဆို့နင့်နေလေတော့သည်။

"စိုး….ပြန်ကြရအောင်နော်"

ချစ်သူ မေမှ သူ့လက်မောင်းလေးကို အားပေး နှစ်သိမ့်စွာဖြင့် ဆုပ်ကိုင်လိုက်ပြီး ခေါ်သည့် နောက်ကို လိုက်ခဲ့ရင်း….

ပန်းမှုံခင်လေးကို ကျော်ခိုင်းလိုက်ချိန်မှာတော့…

"ကိုကိုဒေါက်တာ…‥ ဒေါက်တာကိုကိုကို မှုံအရမ်းချစ်တယ်…"

*ပရိသတ်များကိုအစဉ်လေးစားလျက်*

**ရွှေအဝင်**